www.burmeseclassic.com

စာပေ

မိုးဆက်လင်းထက်

# နေ့ဦးမရောက်ခင်ကြွေတဲ့ရွက်ဝါ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မိုးဆက်လင်းထက်

# နွေဦးမရောက်ခင်ကြွေတဲ့ရွက်ဝါ



BURMESE CLASSIC .com

ဖိုးမိုး
စာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၅

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၆၀၀၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၁၅၁၀၂၁၁ |
| အဖုံးဒီဇိုင်း | - | မျိုးဆွေသန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ မတ်လ။<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃
မိုးဆက်လင်းထက်
နွေဦးမရောက်ခင်ကြွေတဲ့ရွက်ဝါ/မိုးဆက်လင်းထက်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၈၄ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) နွေဦးမရောက်ခင်ကြွေတဲ့ရွက်ဝါ


# နွေဦးမရောက်ခင် ကြွေတဲ့ရွက်ဝါ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

[redacted]



BURMESE CLASSIC .com

**ကျောင်း** အသစ်သို့ ပြောင်းလာသော ကျောင်းသားသစ်တို့၏ ကြုံတွေ့နေကျ ထုံးစံအတိုင်း သူတို့လည်း ကိုယ်မသိ၊ ကိုယ့်ကိုလည်း သူတို့မသိနှင့် အူကြောင်ကြောင်ကြီး ဖြစ်နေရသည်။ ပထမဆုံး ကျောင်းရောက်သည့်နေ့ဖြစ်၍ အတန်းပိုင်ဆရာမက အားလုံးနှင့် မိတ်ဆက်ပေးသည်။

“ဒါ ဒီကျောင်းကို ဒီနှစ်ပြောင်းလာတဲ့ ကျောင်းသားသစ်ပဲ၊ ဒီနှစ်ကိုမှ နှစ်ဝက်မှ ပြောင်းလာတယ်ဆိုတော့ သူလိုအပ်တဲ့ အကူအညီတွေကို မင်းတို့က တတ်နိုင်သလောက် ပေးလိုက်ကြပါ၊ ကဲ မင်းနာမည်ကိုတော့ မင်းဘာသာမင်းပဲ အတန်းကို မိတ်ဆက်လိုက်ပါဦး။”

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူက လက်ကလေး ပိုက်ကာ ခေါင်းလေးငုံ့၍ ခဏငြိမ်နေမိသည်။ နာမည်ကို ပြောဖို့အတွက် အားယူနေသယောင် ရှိ၏။ ရင်ထဲမှာလည်း ရှက်သလိုလို၊ ရွံ့သလိုလို ဖြစ်နေမိသည်။ ဆရာမက သူ့အမူအရာကို ကြည့်၍ တစ်ချက်ပြုံးလိုက်ကာ. . .

"ကဲ ကိုယ့်နာမည်ကိုယ် ပြောဖို့တောင် တော်တော်စဉ်းစားနေရလား၊ ရဲရဲသာပြောလိုက်ပါ၊ မင်းကို ဘယ်သူမှ ကိုက်မစားပါဘူးကွယ်"

ဆရာမ စကားဆုံးတော့ ရယ်သံတွေ ခပ်အုပ်အုပ် ထွက်လာသည်။ သူက အတန်းဘက်ကို မျက်နှာမူလိုက်၍ မဝံ့မရဲ လေသံနှင့် . . .

"ကျွန်တော့်နာမည် စိန်သောင်းပါခင်ဗျာ"

တစ်ခန်းလုံး သူ့ကို အာရုံစိုက်ကြည့်နေရာမှ သူ့အမူအရာနှင့် သူ့နာမည်ကို ကြားတော့ 'ဝါး' ကနဲ ထရယ်ကြသည်။ ရယ်သံတွေ ကြားထဲမှ သူ့ကို လှမ်းစသံတွေကိုလည်း ကြားလိုက်ရ၏။

"စိန်ပြောင်းဆို ပစ်လို့ရတယ်. . . ရဲဘော် ပစ်"

အတန်းသားတွေ ရယ်သံက ပိုမိုဆူညံသွားသည်။ ဆရာမက စားပွဲကို ကြိမ်လုံးနှင့် ဖြန်းခနဲ တစ်ချက်ရိုက်လိုက်တော့မှ ရယ်သံတွေ တိတ်ဆိတ်ကာသွား၏။ ထို့နောက် ဆရာမက. . .

"ဒါရယ်စရာလား၊ လူဆိုတာ စိတ်လှဖို့ အရေးကြီးတယ်၊ နာမည်တွေကျတော့ ကာရန်တွေ အလင်္ကာတွေနဲ့ လှပနေအောင် ပေးပြီးတော့ အတွင်းစိတ် မလှတဲ့လူတွေ လောကကြီးမှာ တစ်ပုံကြီးကွဲ့၊ မောင်စိန်သောင်းဆိုတဲ့နာမည်က ရိုးပေမယ့် တကယ်တွေးကြည့်ရင်

[redacted]



စိန်တွေကို သိန်းသောင်းမက ပိုင်ဆိုင်ရမယ်ဆိုတဲ့ အတိတ်နိမိတ်ကွဲ့၊ မှတ်ထား"

အတန်းသားအားလုံး ငြိမ်သက်စွာ ဆရာမစကားကို နားထောင်နေကြသည်။ ထို့နောက် ဆရာမက သူ့ကိုကြည့်၍. . .

"ကဲ မောင်စိန်သောင်း ဟိုနောက်က အတန်းမှာ မင်းအတွက် နေရာလုပ်ထားတယ်၊ မင်းက ဒီနေ့မှ စရောက်တယ်ဆိုတော့ ရှေ့က လွတ်သွားတဲ့ သင်ခန်းစာတွေကိုတော့ သူငယ်ချင်းတွေဆီက ပြန်ကူးပေါ့၊ အတန်းအချိန်စာရင်းလည်း ကူးထား၊ ကြားလား"

'ဟုတ်ကဲ့ပါ ဆရာမ' ဟု ပြောကာ ဆရာမ လှမ်းပြတဲ့နေရာကို သွားလိုက်သည်။ ခဏနေတော့ ဆရာမက သင်ခန်းစာ စာအုပ်တွေကို ထုတ်ခိုင်း၍ စာသင်ဖို့လုပ်သည်။

သူက ဘေးမှာ ထိုင်နေတဲ့ ကျောင်းသားတစ်ယောက်ကို လေသံတိုးတိုးနှင့် လှမ်းမေးလိုက်သည်။

"ဆရာမက ဘာဘာသာသင်တာလဲဟင်"

ဘေးက ကျောင်းသားက အင်္ဂလိပ်စာဖတ်စာအုပ်ကို လွယ်အိတ်ထဲမှ လှမ်းထုတ်လိုက်ကာ. . .

"ငါတို့ အတန်းပိုင်က အင်္ဂလိပ်စာ သင်တာကွ၊ မင်းမှာ ဖတ်စာအုပ်ရော ပါရဲ့လား"

သူက ပြုံး၍ ဘာသာရပ်ပေါင်းစုံ ထည့်ထား၍ ဖောင်းကားနေသော သူ့လွယ်အိတ်ကြီးကို ထောင်ပြလိုက်ကာ. . .

"ဒီနေ့တော့ ရှိသမျှ ဘာသာရပ်တွေ အကုန်ထည့်လာခဲ့တယ်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းသားက ပြုံး၍. . .

"ငါ့ဆီက အချိန်စာရင်း ကူးသွားပေါ့"

သူက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ထိုကျောင်းသားကပင် သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

"ငါ့နာမည် ချစ်ကိုဦးလို့ ခေါ်တယ်"

"ငါ့နာမည်က စိန်သောင်းပါ"

"သိပါတယ် ငါ ခုနက စိန်ပြောင်းဆို ပစ်လို့ရတယ်ဆိုပြီးတောင် နောက်လိုက်သေးတယ်"

"ဩော် အဲဒါ မင်းလား"

ထိုကျောင်းသားက ပြုံးစိစိနှင့် ခေါင်းညိတ်ပြသည်။

ပုံစံကြည့်ရတာ နောက်နောက်ပြောင်ပြောင်နှင့် ပျော်တတ်ပုံရသည်ဟု စိန်သောင်းရင်ထဲ တွေးလိုက်မိသည်။

♥♥♥





'စိန် သောင်း' က နယ်မှ ပြောင်းလာခြင်းဖြစ်သည်။ မိဘတွေက ဝန်ထမ်းတွေဖြစ်၍ ကျရာနေရာမှာ တာဝန်ထမ်းဆောင်ရ၏။ ငယ်စဉ်ကတော့ ကြီးတော်ကြီး ရှိသည့် မင်းဘူးမြို့မှာ ပညာသင်ခဲ့ရသည်။ သူ ခြောက်တန်းနှစ်ရောက်တော့ ကြီးတော်ကြီး ဆုံးပါးသွား၍ သူ့မိဘတွေရှိရာ မြို့ရွာများကို ပြောင်း၍နေရသည်။ ထို့ကြောင့် စိန်သောင်းဘဝတွင် ယခုလက်ရှိရောက်နေသည့် ဆယ်တန်းသို့တိုင်အောင် ကျောင်းသုံးကျောင်း ပြောင်းခဲ့ရလေသည်။

အခုတော့ မိဘတွေက ရန်ကုန်မှာ တာဝန်ကျ၍ သူလည်း ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ရခြင်းဖြစ်သည်။ စိန်သောင်းဆိုတဲ့ နာမည်ကိုတော့ သူ့အဘိုးက ပေးခဲ့ခြင်းဖြစ်၏။ ယခုခေတ်လို နာမည်



www.burmeseclassic.com

www.burmeseclassic.com



လှလှပပ ရှည်ရှည်လျားလျားတွေ အပြိုင်အဆိုင် ပေးနေသော ခေတ်ကြီးမှာ သူ့နာမည်က ရိုးလွန်းတုံးလွန်းလှသည်ဟု ဆိုနိုင်၏။ သို့သော် လူဆိုတာ မွေးဖွားလာစအချိန်မှာ ကိုယ့်နာမည်ကို ရွေးချယ်ပိုင်ခွင့် မရှိ၍ သူလည်း ထိုနာမည်နှင့်ပင် ကျေနပ်ခဲ့ရပါသည်။ သူ့အဘိုးက ကင်ပွန်းတပ်ပေးလိုက်သော နာမည်ဖြစ်သောကြောင့်လည်း ထိုနာမည်လေးကို သူမြတ်နိုး၏။

လူဆိုတာ နာမည်လှဖို့ထက် စိတ်လှဖို့က အဓိကကျသည်ဟုလည်း သူ့အဖေက အမြဲတမ်း ဆို၏။ ထို့ကြောင့် စိန်သောင်းသည် မိမိကိုယ်ကိုယ် အမြဲလှပအောင် ကြိုးစားနေသူဖြစ်သည်။ နာမည်လှဖို့မဟုတ်၊ စိတ်လှဖို့ပင်။

♥♥♥

[redacted]



'စိန်သောင်း' လမ်းလျှောက်လာသည်။ အိမ်ကနေကျောင်းသို့ လျှောက်လာခြင်းဖြစ်၏။ သူ၏ လေးလံလှသော လွယ်အိတ်ကို စလွယ်သိုင်း၍ နောက်မှာထားကာ လျှောက်လာရခြင်းဖြစ်သောကြောင့် လူက ယိုင်ချင်သလိုလို ဖြစ်နေသည်။ ထို့ကြောင့် လွယ်အိတ်အလေးချိန်ကို ဆွဲနိုင်ရန်အတွက် လူက အရှေ့သို့ ငိုက်ကာ ခြေကန်ပြီး ဆွဲလာရသောကြောင့် ခန္ဓာကိုယ်က အရှေ့သို့ ငိုက်စိုက်ငိုက်စိုက် ဖြစ်ကာနေ၏။

"မင်းပုံစံ ကြည့်ရတာ ထွန်တုံးဆွဲလာတဲ့ ဟိုအကောင်ကြီးကျနေတာပဲ"

စိန်သောင်းက အသံလာရာ လှည့်ကြည့်လိုက်တော့ မနေ့က

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူထိုင်သည့် နေရာဘေးက ကျောင်းသားဖြစ်နေတာ တွေ့ရ၏။ ထိုကျောင်းသားက သူ့ရဲ့ ပေါ့ပါးလှတဲ့ လွယ်အိတ်လေးကို ပခုံးပေါ် ပစ်တင် လိုက်ကာ စကားကို ဆက်သည်။

"မင်းကို ငါ အဝေးကြီးကတည်းက လှမ်းမြင်သားပဲ၊ မင်းမှာ ဒီလွယ်အိတ်ကြီးကို သယ်နေရတာ တော်တော်ပင်ပန်းနေပုံပဲ"

စိန်သောင်းက ချစ်ကိုဦးရဲ့ လွယ်အိတ်ကို လှမ်းကြည့်လိုက်ပြီး. .

"မင်းလွယ်အိတ်ကျတော့ ပါးပါးလေးပါလား၊ ဘာစာအုပ်မှ ထည့်မလာဘူးလား"

ချစ်ကိုဦးက သူ့လွယ်အိတ်သူ ဂုဏ်ယူစွာ တစ်ချက်ကြည့်လိုက်ကာ. . .

"ထည့်လာတာပေါ့ကွ အချိန်ဇယားအတိုင်း ကွက်တိ"

"ဟင် ငါလည်း အချိန်ဇယားအတိုင်း ထည့်လာတာပဲ၊ မင်းက ဘာလို့ စာအုပ်တွေ နည်းနည်းလေး ဖြစ်နေရတာလဲ"

"ဒါက လျှို့ဝှက်ချက်လေ၊ လူကြံရင် ခြင်ထောင်တောင် ပိုက်ကွန် ဖြစ်သေးတာပဲ၊ ဒီလောက်တော့ အေးဆေးပါ"

ဒီကိစ္စကိုတော့ စိန်သောင်း တော်တော်လေး စိတ်ဝင်စားသွားသည်။ ငါးပိဿာလောက်လေးသည့် သူ့လွယ်အိတ်ကြီးကို သယ်နေမည့်အစား ငါးဆယ်သားသာသာလောက်ရှိသည့် လွယ်အိတ်ကလေးကို ချစ်ကိုဦးလို စတိုင်ကျကျ လွယ်ချင်မိသည်။

သို့သော် ကွာဟချက်ခြင်းက ခြားနားလွန်း၍ ချစ်ကိုဦး ပြော

[redacted]



တာ ဟုတ်မှဟုတ်ပါ့မလားဟု ရင်ထဲမှာလည်း သံသယဝင်မိ၏။ ချစ်ကိုဦးကလည်း စိန်သောင်းက သူ့စကားတွေအပေါ် သံသယရှိနေတယ် ဆိုတာကို သဘောပေါက်၍ . . .

"ဘာလဲ မင်းက မယုံလို့လား၊ မယုံရင် ကြည့်လေ၊ ကျောင်းခန်းထဲရောက်ရင် ငါလည်း မင်းလို စာအုပ်စုံနေစေရမယ်"

စိန်သောင်းက ဘာမှပြန်မပြောတော့ဘဲ ပြုံးရုံသာ ပြုံးပြသည်။ ချစ်ကိုဦးက စိန်သောင်းဘေးမှ ယှဉ်လျှောက်လာရင်းနှင့် စကားဆက်၏။

"မင်းက ကျောင်းပြောင်းလာတယ်ဆိုတော့ ဘယ်ကပြောင်းလာတာလဲ"

"မတ္တရာဘက်က ပြောင်းလာတာ"

"မတရားပြောင်းလာတာ ဟုတ်လား၊ မင်းကို ဘယ်သူက မတရား ပြောင်းခိုင်းလို့လဲ"

"ဟာ မတ္တရာ မတ္တရာ၊ မန္တလေးနားမှာရှိတဲ့ မတ္တရာမြို့ဘက်က ပြောင်းလာတာလို့ပြောတာ"

ချစ်ကိုဦးက စပ်ဖြဲဖြဲလုပ်ကာ. . .

"သိပါတယ်ကွာ အလကားစတာပါ၊ ဒါဆို မင်းက မတ္တရာဇာတိပေါ့"

"မဟုတ်ဘူး၊ မင်းဘူး"

"ဟင် တခြားစီပါလား"

"ဘာဖြစ်လို့လဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိန်သောင်းရဲ့ အမေးကို ချစ်ကိုဦးက အူကြောင်ကြောင် မျက်နှာထားနှင့်. . .

"မင်းပဲ မတ္တရာက ပြောင်းလာတာဆို"

"အေးလေ ဘာဖြစ်လို့လဲ"

"ဒါဆို ဘာလို့ မင်းဘူးမှာ မွေးတာလဲ"

ချစ်ကိုဦးရဲ့ အမေးကြောင့် စိန်သောင်းခမျာ ကြောင်စီစီ ဖြစ်သွားကာ မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွား၏။ သူ့ခမျာ မင်းဘူးမှာ မွေးပြီး ဘာလို့ မတ္တရာမှာ ကျောင်းသွားတက်ရသည်ဆိုသည့်ကိစ္စကို တော်တော်လေး ပြန်စဉ်းစားသွားရ၏။ နောက်တော့မှ သူ့အကြောင်းရိုက်ခံလိုက်ရပြီဆိုတာကို သဘောပေါက်သွားကာ. . .

"ဟာ မင်းကလည်း မင်းဘူးမှာ မွေးတဲ့လူက မတ္တရာမှာ ကျောင်းမတက်ရဘူးလို့ မင်းကို ဘယ်သူပြောလဲ၊ ငါ့မိဘတွေ ပြောင်းတဲ့မြို့ ငါလည်း လိုက်ပြောင်းရတာပေါ့ကွ၊ အခုတောင် ငါ့မိဘတွေ ရန်ကုန်ပြောင်းလို့ ငါလည်း လိုက်ပြောင်းရတာ မတွေ့ဘူးလား"

စိန်သောင်းပုံစံကိုကြည့်၍ ချစ်ကိုဦးက ရယ်သည်။ ထို့နောက် အရယ်တစ်ဝက်နှင့် စကားကိုဆို၏။

"ဟား. . . ဟား. . . သိပါတယ်ကွာ၊ ငါက မင်းကိုစတာပါ၊ မင်းက နာမည်နဲ့ လူနဲ့လိုက်တဲ့ကောင် သိလား"

စိန်သောင်းက မျက်မှောင်ကျုံ့လိုက်ကာ. . .

"ဘာလို့လဲ"

"နာမည်လည်း နိုးတယ်၊ လူလည်း နိုးတယ်၊ အဲဒါကိုပြောတာ"

[redacted]



"နိုးတာ မကောင်းဘူးလားကွ"

"ကောင်းပါတယ်၊ ဒါပေမယ့် နိုးလွန်းရင် အသွားတတ်တယ်တဲ့"

စိန်သောင်းက ရယ်လိုက်ကာ. . .

"ငါကတော့ မအပါဘူး၊ မအလို့ဘဲ ဆယ်တန်းထိတောင် ရောက်လာပြီပဲဟာ"

ချစ်ကိုဦး ပြုံးစိစိနှင့် ခေါင်းညိတ်ပြလိုက်ကာ. . .

"ဒါတော့ မင်းက စကားတတ်သားပဲ၊ ကဲ ကျောင်းရှေ့ရောက်ပြီ ဝင်ရအောင်"

ချစ်ကိုဦး ပြောတော့မှ ကျောင်းရှေ့ရောက်နေမှန်း စိန်သောင်း သတိထားမိ၏။ ချစ်ကိုဦးက ကျောင်းဝင်းတံခါးသို့ ဦးဆောင်ကာ အရင်ဝင်သွား၏။ စိန်သောင်းက ချစ်ကိုဦးနောက်မှ လှမ်းဝင်လိုက်သည်။

စိန်သောင်းက ချစ်ကိုဦး၏ နောက်ကျောကို ကြည့်၍. . .

"ချစ်ကိုဦး မင်းက ဘယ်မှာနေတာလဲ"

"မင်းတို့လမ်းထိပ်မှာ"

ချစ်ကိုဦးက လှည့်မကြည့်ဘဲ စကားကို ဆိုသွားသည်။ စိန်သောင်းက မျက်မှောင်ကျုံ့လိုက်ကာ. . .

"မင်းက ငါ ဘယ်မှာနေတယ်ဆိုတာ သိလို့လား"

"သိတာပေါ့ကွ မင်းက ငါတို့လမ်းထဲမှာ နေတာပဲ"

"မင်းက ဘယ်လိုသိလဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ဒါ ငါ့နယ်မြေလေ"

ဟု ပြောပြီး ချစ်ကိုဦးက ရှစ်တန်းစာသင်ဆောင်တွေရဲ့ အနောက်ဘက်ထဲသို့ ချိုးဝင်သွားသည်။ စိန်သောင်းလည်း ယောင်ချာချာနှင့် ချစ်ကိုဦးနောက် လိုက်မလိုလုပ်တော့ ချစ်ကိုဦးက လှည့်ကြည့်ကာ. . .

"မင်းက ဘယ်လိုက်မလို့လဲ"

"သိဘူးလေ၊ မင်းက အဲ့ဒီဘက်သွားတော့ ငါလည်း လိုက်တာပေါ့"

"ငါဘယ်သွားမယ်ဆိုတာရော သိလို့လား"

"ဟင့်အင်း"

သူ ခေါင်းခါပြလိုက်တော့ ချစ်ကိုဦးက 'ဒါဆိုလည်း လိုက်ခဲ့' ဆိုပြီး ခေါ်သွား၏။ ထို့နောက် ကျောင်းဆောင်တွေ နောက်မှ ပတ်ကာ ကျောင်းအနောက်ဘက်ရှိ သီးခြားအဆောင်လေးတစ်ခုသို့ ရောက်သွားသည်။ ထိုနေရာလေးမှာ ယခင်က စာသင်ဆောင်တစ်ခု ဖြစ်ခဲ့ဟန်ရှိ၏။ ယခုတော့ လူနေဆောင် ပုံစံမျိုး ဖြစ်နေသည်။

ချစ်ကိုဦးက အခန်းတစ်ခုထဲ ဝင်သွားကာ သေတ္တာပုံးတစ်ခုထဲမှ ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ထားသော အထုပ်တစ်ထုပ်ကို ယူကာ ထွက်လာ၏။ စိန်သောင်းက ချစ်ကိုဦး လုပ်တာကိုင်တာတွေကို လိုက်ကြည့်နေရင်းမှ. . .

"ဟော့ကောင် မင်း သူများအခန်းထဲက ပစ္စည်းတွေ ဘာလို့ယူလာတာလဲ"

[redacted]



"ဟဲ ဟဲ ဒါ ငါ့ပစ္စည်းတွေပါကွာ၊ သူများပစ္စည်း မဟုတ်ပါဘူး"

"ဘာတွေလဲ"

"ဖတ်စာအုပ်တွေလေ၊ ဒါက ကျောင်းစောင့်ဦးလေးကြီး နေတဲ့အခန်းပေါ့၊ ငါက သူ့ဆီမှာ သေတ္တာတစ်လုံးငှားပြီး ထား ထားတာ"

"ကြော် မင်းက ဒီလိုကိုး၊ ဒါ့ကြောင့် မင်းလွယ်အိတ်က ပါးပါးလေး ဖြစ်နေတာပေါ့"

ချစ်ကိုဦးက ဆရာကြီးအိုက်တင်နဲ့ တစ်ချက်ပြုံးလိုက်ကာ. . .

"ဒါတင်ဘယ်ကမလဲကွ၊ ငါက ဗလာစာအုပ်တစ်အုပ်ကို အလယ်က ခွဲပြီး နှစ်ဘာသာ ရေးတာ၊ ဒါ့ကြောင့် ဗလာစာအုပ်ကိုလည်း သူများတွေလို အများကြီး သယ်စရာမလိုတော့ဘူး၊ ရှစ်ဘာသာ သင်ရမယ့်နေ့ဆို လေးအုပ်ထဲ သယ်ရုံနဲ့ ပွဲပြီးတယ်"

စိန်သောင်းက ချစ်ကိုဦး လုပ်တဲ့ပုံစံလေးကို သဘောကျသွားကာ ရယ်မောလိုက်ပြီး. . .

"မင်းက တကယ်လည်တာပဲကွ၊ အကြံပိုင်လိုက်တာ၊ ငါလည်း မင်းလို ကျောင်းစာအုပ်တွေ ဒီမှာထားလို့ ရမလား"

"မင်းထားချင်ရင်တော့ ထားပေါ့ကွာ၊ ဒါပေမယ့် ကျောင်းစောင့်ကြီးကိုတော့ လက်ဖက်ရည်ဖိုးလေး ဘာလေး ပေးရမှာနော်"

"အများကြီးလား၊ အများကြီးဆိုရင်တော့ မတတ်နိုင်ဘူးနော်၊ ငါက မုန့်ဖိုးထဲက စုပေးရမှာ"

ချစ်ကိုဦးက ခေါင်းခါလိုက်ပြီး. . .

"အများကြီး မလိုပါဘူး နည်းနည်းပါ၊ ဒါပေမယ့် ဒီမှာ ငါတို့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေ ထားတယ်ဆိုတာကို မင်း ဘယ်သူမှ မပြောရဘူးနော်၊ တော်ကြာ သူများတွေ သိသွားလို့ တစ်ကျောင်းလုံး လိုက်ထားနေရင် ကျောင်းစောင့်ကြီးက ငါတို့ကိုပါ ခွင့်ပြုတော့မှာ မဟုတ်ဘူး"

'အေးပါကွာ စိတ်ချပါ' ဟု စိန်သောင်း ခေါင်းညိတ်ပြလိုက်၏။ ထို့နောက် သူတို့ အခန်းဆီသို့ ထွက်လာခဲ့လိုက်ပါတော့သည်။

ချစ်ကိုဦးသည် နောက်တတ်ပြောင်တတ်သည့်အပြင် လူရည်လည်း လည်သည်ဟု စိန်သောင်း တွေးလိုက်မိ၏။

♥♥♥

[redacted]



**နေ**ရောင်ခြည်သည် နွေးထွေးရှိန်းမြစွာ ကျောင်းခန်းထဲသို့ ထိုးကျကာ နေသည်။ အတန်းချိန်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲနေချိန်ဖြစ်၍ နောက်ဆရာမတစ်ယောက် မဝင်ခင်စပ်ကြား အခန်းထဲမှာ ဆူညံကာနေ၏။ ချစ်ကိုဦးက တွတ်ပီရုပ်ပြစာအုပ်ကို ဖတ်ကာ နောက်ခုံတန်းပေါ် ခေါင်းလေးတင်၍ နှပ်ကာနေ၏။ စိန်သောင်းကတော့ သူ ကျောင်းမရောက်ခင်အချိန်အတွင်းမှာ လွတ်သွားသော စာတွေကို ပြန်ကူးနေသည်။

ခဏနေတော့ အတန်းအတွင်းသို့ အသားမဲမဲနှင့် ကျောင်းသားတစ်ယောက် ဝင်လာကာ ဆရာမ စားပွဲပေါ်တင်ထားသော ကြိမ်လုံးကို ဖြန်းခနဲ ရိုက်ချပစ်လိုက်၏။ ထိုကျောင်းသား ဝင်လာတာကို

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ သတိမထားမိလိုက်၍ ကြိမ်လုံးသံ ရုတ်တရက် ကြားရသော အခါ အတန်းတွင်းရှိ အသံများသည် ရုတ်ဝဝရက် တိတ်ဆိတ်ကာသွားသည်။

ထိုကျောင်းသားက သူ့လုပ်ရပ်အပေါ် ကျေနပ်အားရစွာ သွားလေးတစ်ချက်ဖြဲ၍ ကျောက်သင်ပုန်းရှေ့ရှိ စင်မြင့်ပေါ် တက်သွားသည်။ အတန်းသားတွေ အားလုံး ထိုကျောင်းသားကို ကြောင်ကြည့်နေရာမှ အသိတွေ ပြန်ဝင်လာကာ. . .

"သောက်ရူး"

"ငပေါကြီး"

"ဟေ့ကောင် မျောက်ကြီး၊ စင်ပေါ်ကို မျောက်တက်ဖို့ ထားတာ မဟုတ်ဘူးကွ၊ လူတွေ တက်ဖို့ထားတာ၊ အခု ဆင်း"

"ခွေးရူး၊ ခွေးပေါ"

စသည်ဖြင့် ဝိုင်းဆဲသံတွေ ဆူညံသွားသည်။ ထိုကျောင်းသားက သူ့ကို ထိုကဲ့သို့ တစ်တန်းလုံး ဝိုင်းဆဲနေလည်း အပြုံးမပျက်ဘဲ အကယ်ဒမီပေးပွဲ တက်လာသော နာမည်ကြီး မင်းသားတစ်ယောက်ကဲ့သို့ ပရိသတ်ကို နှုတ်ဆက်သလို လက်ပြနှုတ်ဆက်လိုက်ကာ ခါးကလေး ညွတ်၍. . .

"အညာစယော"

တစ်ခန်းလုံး ဝိုင်းရယ်ကြသည်။ မျောက်ကြီးဟု သမုတ်ခြင်းခံရသော ထိုကျောင်းသားက စပ်ဖြီးဖြီးနှင့် စကားကို ဆက်၏။

"ဒီနေ့ အတန်းသားအားလုံးအတွက် ပျော်စရာ သတင်းလေး

[redacted]



တစ်ခု ပါပါတယ်၊ အားလုံး နားထောင်ကြမလားမသိဘူး"

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဖြစ်၏။ အတန်းသား အားလုံးငြိမ်နေကြသည်။ ထိုကျောင်းသားက အတန်းကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ကာ. . .

"ဒီနေ့ ပထဝီဆရာမ ကျောင်းမလာပါဘူးခင်ဗျာ၊ အဲ့ဒါကြောင့် လုပ်စရာရှိတဲ့ သင်ခန်းစာတွေ လုပ်နေဖို့နဲ့ အားလုံးကိုယ့်အခန်းထဲမှာကိုယ် ငြိမ်ငြိမ်နေကြဖို့ အတန်းပိုင်ဆရာမက မှာလိုက်ပါတယ်ခင်ဗျာ"

"ဟေး"

အတန်းသားအားလုံး ပျော်ရွှင်စွာ ဝိုင်းအော်လိုက်ကြသည်။ အော်သံတွေ အဆုံးမှာ ထိုကျောင်းသားက စကားကို ဆက်၏။

"နောက်တစ်ခုလည်း မှာလိုက်ပါသေးတယ်၊ ဒီနေ့ အတန်းတာဝန်ကျတဲ့အသင်းက အတန်းထဲက သောက်ရေအိုး ရေလဲထားဖို့နဲ့ အခန်းသန့်ရှင်းရေး လုပ်ထားဖို့ မှာလိုက်ပါတယ်ခင်ဗျာ"

"ဝေါ"

အတန်းသား အားလုံးက တစ်ညီတစ်ညွတ်တည်း ဝိုင်းအော်လိုက်ကြလေသည်။ ထို့နောက် မျောက်ကြီးဟု အခေါ်ခံရသော ထိုကျောင်းသားက စင်ပေါ်မှ ဆင်းကာသွားသည်။ အခန်းထဲမှာ ယခင်ကလို စကားသံတွေနှင့် ပြန်လည် ပြည့်နှက်ကာသွား၏။ ဆရာမ မလာတော့ဘူးဆို၍ လွတ်လပ်ရေး ရသွားကာ အားလုံး ပျော်ရွှင်ကာ သွားကြသည်။ နောက်တစ်ချိန်ကလည်း မုန့်စားကျောင်း ဆင်းချိန်ဖြစ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



၍ မအောင့်အီးနိုင်သူ တချို့က ပါလာတဲ့ ထမင်းဘူးတွေ ဖွင့်ကာ ထမင်း ခိုးစားဖို့ လုပ်သည်။

ထိုအချိန်မှာ 'လချမ်း" ဟု တစ်တန်းလုံးက နာမည်ပေးထားသော ကုလားမလေးထံမှ အော်သံနက်ကြီး တစ်ခုကို ကြားလိုက်ရလေသည်။ ထိုကုလားမလေးက သူ့ထမင်းချိုင့်ကို ကြောက်လန့်တကြား လွှတ်ချပြီး ထခုန်လိုက်ခြင်းဖြစ်၏။ သူ့ဘေးနားမှာ ထိုင်နေတဲ့ သူငယ်ချင်းတွေလည်း အော်ပြီး ထပြေးကြသည်။ အတန်းသားတွေက သိလိုဇောနှင့်. . .

"ဟဲ့ ဘာ ဘာဖြစ်တာလဲ"

"လချမ်း ဘာဖြစ်လို့လဲ"

ထိုကုလားမလေးက သူ့ထမင်းချိုင့်ကို လက်ညှိုးထိုးပြကာ. . .

"ငါ့ ငါ့ထမင်းချိုင့်ကို ဘယ်ကောင် ယုတ်မာသွားတာလဲ ဟိုမှာ ကြည့်စမ်း"

အားလုံးက လချမ်း ညွှန်ပြရာကို လှမ်းကြည့်လိုက်ပြီး. . .

'ဟင် ချေးပုံကြီး' ဟု အားလုံးဆီက အာမေဍိတ်အသံ တစ်သံတည်း ထွက်ကာသွား၏။ ဟုတ်ပါသည်။ လချမ်း၏ ထမင်းချိုင့်ထဲတွင် ထမင်းတွေအစား ချေးပုံကြီးတစ်ပုံ ရောက်ကာနေ၏။

အားလုံးက တအံ့တသြ ကြည့်နေစဉ် ကျောင်းသားတစ်ယောက်က ရုတ်တရက် ထရယ်၍ ထမင်းချိုင့်ထဲက ချေးပုံကြီးကို လှမ်းနှိုက်မလို့ လုပ်၏။ ထိုစဉ် ဝိုင်းဟားသံတွေ ကြားလိုက်ရသည်။

"ဟေ့ကောင် မရွံဘူးလား၊ ဘာလို့ သွားကိုင်မှာလဲ"

[redacted]



ထိုကျောင်းသားက ရယ်၍. . .

"ဘာလို့ ရွံရမှာလဲ၊ ဒါက အစစ်မှ မဟုတ်တာ၊ အရုပ်ကြီးပဲဟာ"

ဟုဆိုပြီး ထိုချေးပုံအရုပ်ကြီးကို ယူကာပြသည်။ ထိုတော့မှ အားလုံး ဝိုင်းရယ်လိုက်ကြ၏။

"တကယ်တူတယ်နော်၊ အရုပ်ကလည်း အစစ်ကျနေတာပဲ"

ထိုကျောင်းသားက ထိုအရုပ်ကို လချမ်းအား ထိုးပေးလိုက်၏။

"ရော့ နင်စားလိုက်"

လချမ်းက တွန့်ခနဲ နောက်ဆုတ်လိုက်ကာ. . .

"နင် မမိုက်ရိုင်းနဲ့နော်၊ ဒါနဲ့ အဲ့ဒါ နင်လုပ်တာလား"

"ဘယ်ကလာ ငါလုပ်ရမှာလဲ၊ နင်က ဦးနှောက်ကို မရှိဘူး၊ အဲ့ဒါကြောင့် ခံရတာသိလား၊ ငါသာ လုပ်တယ်ဆို ဒီလိုယူပြီး ပေးပါ့မလား၊ မသိချင်ယောင်ဆောင်နေမှာပေါ့"

"ဒါဆို ဘယ်သူလုပ်တာလဲ"

"ငါ ဘယ်သိမလဲ"

လချမ်းက ဆောင့်ဆောင့်အောင့်အောင့်နှင့် သူ့နေရာမှာ သူပြန်ထိုင်ကာ ထမင်းချိုင့်တွေကို ပြန်ဆင့်သည်။ လချမ်းကို ခုနက ကျောင်းသားက. . .

"ဒါကြီး နင်မယူဘူးလား"

"ငါက အဲ့ဒါကြီး ဘာလုပ်ရမှာလဲ၊ ယူဘူး"

"ဒါဆို ငါယူသွားမယ်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ယူသွား"

ထိုကျောင်းသားက ထိုဈေးပုံအရုပ်ကြီးကို ယူကာ ထွက်သွားလေသည်။ အခန်းသည် လချမ်းကိုလည်းကောင်း၊ ဈေးပုံကြီးကိုလည်းကောင်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားကာ ပုံမှန်အတိုင်း ပြန်လည်ဆူညံကာသွား၏။ ခဏကြာတော့ မော်နီတာ ရဲမင်းထွန်း၏ အသံထွက်လာသည်။

"ဒီနေ့ ဗန္ဓုလအသင်းက ရေခပ်မယ်၊ အခန်းထဲ တံမြက်စည်းလှဲမယ်"

အားလုံးက 'ဟေး' ဟု ထအော်ကြ၏။ ထို့နောက် ချစ်ကိုဦးက ရုပ်ပြစာအုပ်ကို သိမ်းကာ ထရပ်လိုက်သည်။ စိန်သောင်းက ချစ်ကိုဦးကိုကြည့်၍. . .

"ဘယ်သွားမလို့လဲ"

"ငါက ဗန္ဓုလအသင်းသားကွ၊ ရေသွားထည့်ရမှာပေါ့၊ မင်းလိုက်ခဲ့လေ"

"ငါက ဘယ်အသင်းမှ မဝင်ရသေးတာ လိုက်လို့ရပါ့မလား"

"ဘာလို့ မရရမှာလဲ၊ မင်းလည်း ဗန္ဓုလအသင်းပဲ ရောက်မှာပဲ"

"မင်းက ဘယ်လိုသိလဲ"

ချစ်ကိုဦးက တစ်ချက်ပြုံးကာ. . .

"ငါတို့ ဗန္ဓုလအသင်းက အသင်းတွေ အားလုံးထဲမှာ နောက်ဆုံးအသင်းပဲ၊ မင်းကလည်း ငါတို့ အတန်းကို နောက်ဆုံးမှ ရောက်လာတာဆိုတော့ ငါတို့အသင်းကိုပဲ ရောက်မှာပဲ သေချာတယ်"

[redacted]



သူတို့ အခန်းမှာ အသင်းလေးသင်းရှိ၏။ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ ဟူ၍။ ဗန္ဓုလက နောက်ဆုံးအသင်းဖြစ်သည်။ အသင်းတစ်သင်းကို တစ်ရက်စီ တာဝန်ယူ၍ အတန်းရဲ့ လိုအပ်ချက် ဝေယျာဝစ္စတွေ လုပ်ရ၏။

စိန်သောင်းက နောက်ဆုံးမှ ရောက်လာသူဖြစ်၍ ဗန္ဓုလအသင်းကိုပဲ ရောက်မှာဟု ချစ်ကိုဦးက ရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်သည်။

ထို့နောက် စိန်သောင်းက ချစ်ကိုဦး ပေးသည့် ရေစစ်ကလေးကိုင်ကာ ချစ်ကိုဦးတို့နောက် လိုက်လာခဲ့လိုက်ပါတော့သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**ချစ်**ကိုဦးက သောက်ရေအိုးကို မကာ ရေပိုက်ခေါင်းအောက်မှာ ချ၍ စိန်သောင်းထံမှ ရေစစ်ကို လှမ်းတောင်းလိုက်သည်။ စိန်သောင်းက ရေစစ်လှမ်းပေး၍ နောက်တစ်ယောက် သယ်လာသော ရေအိုးကို ကူမကာ တင်ပေး၏။ ချစ်ကိုဦးက ရေပိုက်ခေါင်းမှ ရေကို ဖွင့်ရင်း. . .

"မျိုးကို မင်းခုနက လက်ချမီး ထမင်းချိုင့်ထဲက အရုပ်ကို ယူထားလိုက်တာလား"

စိန်သောင်းက မျိုးကိုဟု အခေါ်ခံလိုက်ရသော ကျောင်းသားကို လှမ်းကြည့်လိုက်သည်။ ခုနက သူ ရေအိုး ကူမပေးသော ကျောင်းသားမှန်း သိလိုက်၏။ ထိုကျောင်းသားက ခေါင်းညိတ်လိုက်ကာ. . .

[redacted]



"အေး ငါ ယူထားလိုက်တယ်၊ အဲဒါ မင်းဟာလား"

"ငါ့ဟာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ငါ လိုချင်လို့ ပေးမလား"

မျိုးကိုက ခေါင်းခါပြလိုက်ကာ. . .

"မပေးပါဘူး၊ သူ့ပိုင်ရှင်ရှိမှာပေါ့၊ တော်ကြာ ငါ့ကို လာတောင်းလို့ မရှိရင် ဘယ်လိုလုပ်မလဲ၊ သက်သက်မဲ့ ကြားက စိုက်လျော်နေရဦးမယ်"

"ငါ ယူသွားတယ် ပြောလိုက်ပေါ့ကွာ၊ အခု လောလောဆယ်တော့ သူ့လုပ်ရပ်ပေါ် သွားမှာစိုးလို့ အဲ့ဒီပိုင်ရှင်ကလည်း မင်းကို လာတောင်းမယ် မထင်ပါဘူး"

"မင်းက ဘာလုပ်မလို့လဲ"

"ငါ လုပ်စရာရှိလို့ပါ"

ထို့နောက် မျိုးကိုက ထိုအရုပ်ကို ခါးပိုက်ဆောင်ထဲမှ ထုတ်ပေးလိုက်သည်။ ချစ်ကိုဦးက ထိုအရုပ်ကို ယူ၍ သေသေချာချာ ကိုင်ကြည့်လိုက်ပြီး. . .

"တော်တော်တူတာကွ သိလား၊ ကိုယ်ပါထားတဲ့ အီးပုံတောင် အဲ့ဒီလောက် တူမယ်မထင်ဘူး"

ချစ်ကိုဦး ပြောမှ ထိုအီးပုံအရုပ်လေးကို စိန်သောင်းက ယူကြည့်လိုက်၏။ ချစ်ကိုဦး ပြောသလိုပင် တကယ့်အီးပုံအစစ်အတိုင်း တူအောင် ပြုလုပ်ထားသော အရုပ်ကလေးမှန်း စိန်သောင်း မှတ်ချက်ချမိ၏။

စိန်သောင်းက ချစ်ကိုဦးကို ထိုအရုပ်လေး ပြန်ပေးလိုက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တော့. . .

"မင်း ခဏယူထားဦး၊ ငါက ရေအိုးမရှိဦးမှာဆိုတော့ အတန်းထဲကျမှ ယူမယ်"

စိန်သောင်းက ခေါင်းညိတ်ပြ၍ ထိုအရုပ်လေးကို ယူထားလိုက်သည်။

ထိုအချိန်မှာ အသံအော်ကျယ်အော်ကျယ်နှင့် မျောက်ကြီး ရောက်လာသည်။ မျောက်ကြီးက ချစ်ကိုဦးတို့ဆီက ရေစစ်ကို မှုန်းကို ယူလာသော ရေအိုးပေါ်တင်၍. . .

"မင်းတို့က ငါ့တောင် မစောင့်ဘူး"

"ငါတို့ ရေသွားထည့်တာ တစ်ခန်းလုံး သိတာပဲ၊ မင်းမမြင်ဘူးလား"

မျောက်ကြီးက ဖြူဖွေးလှသော သွားသွားတွေကို ဖြဲပြ၍. . .

"မတွေ့လိုက်ဘူးကွ၊ ငါ နွေးနွေးနဲ့ စကားပြောနေလို့"

"မင်းဘာသာမင်း ဖွန်ကြောင်ပြီး မတွေ့တာတော့ ဘယ်တတ်နိုင်မလဲ"

ထို့နောက် မျောက်ကြီးက ဘာမှပြန်မပြောဘဲ ဖြီးဖြီး ဖြီးဖြီး လုပ်နေသည်။ ပြီးနောက် စိန်သောင်းကို တွေ့သွားကာ ရယ်ပြလိုက်ပြီး. . .

"မင်းက မနေ့က ပြောင်းလာတဲ့ ကျောင်းသားလား"

စိန်သောင်းက အပြုံးနဲ့ ခေါင်းညိတ်ပြလိုက်၏။ ချစ်ကိုဦးက ဝင်၍. . .

[redacted]



"ဟုတ်တယ် မင်းက မနေ့က ကျောင်းမတက်လို့ မသိတာ"

"မသိပေမယ့် သတင်းကြားပါတယ်"

"မင်းက သူများအကြောင်းပဲ လိုက်စပ်စုနေမှတော့ ဒီသတင်းကြားတာ မဆန်းပါဘူး"

"မင်းတို့က အဲ့ဒီလို မပြောနဲ့လေ၊ ငါ့လို စပ်စုတတ်လို့ မင်းတို့တွေ တစ်ကျောင်းလုံးမှာ ဖြစ်ပျက်နေတဲ့ ကိစ္စတွေ သိနေရတာမလား၊ အခုလည်း မင်းစုံစမ်းခိုင်းထားတဲ့ သီရိကိစ္စ ငါသိခဲ့ပြီ၊ ဒါပေမယ့် မင်း အဲ့ဒီလိုပြောတဲ့အတွက် ငါ မပြောတော့ဘူး"

ချစ်ကိုဦးက ချက်ချင်းပင် မျောက်ကြီးရဲ့ လက်မောင်းလေးတွေကို ဆုပ်ကိုင်လိုက်ကာ ရှိရှိကျိုးကျိုး အမူအရာလေးနှင့်. . .

"မလုပ်လိုက်ပါနဲ့ မျောက်မျောက်ရယ်၊ ငှက်ပျောသီး ကျွေးဆို ကျွေးပါ့မယ်၊ အဲ ရှိကြီးခိုးဆို ခိုးပါ့မယ်၊ ရွှေစိတ်တော် မဆိုးလိုက်ပါနဲ့"

ချစ်ကိုဦးကို ကြည့်ပြီး အားလုံးရယ်ကြသည်။ ချစ်ကိုဦးက ဘီခန်းက သီရိဆိုတဲ့ ကောင်မလေးကို ကြိုက်နေခြင်းဖြစ်သည်။ ထို့ကြောင့် သီရိနဲ့ ပတ်သက်၍ သူသိချင်တာလေး တစ်ခုကို နေရာတကာ စပ်စုတတ်သော မျောက်ကြီးကို စုံစမ်းခိုင်းထားခြင်းဖြစ်သည်။ မျောက်ကြီးဆိုတဲ့ ကောင်ကလည်း ဒုတိယကမ္ဘာစစ်က ဂျပန်တွေ သတ်လိုက်သော ဂျူးသူလျှိုသေလို့ ဝင်စားသလားတောင် ထင်ရသည်။ သူများအကြောင်း စပ်စုရမယ်ဆိုလျှင် ငရဲပြည်အထိတောင် လိုက်ပြီး စုံစမ်းပေးမည့်ကောင်မျိုး။

မျောက်ကြီးက စိန်သောင်းကို ကြည့်ပြီး ချစ်ကိုဦးဘက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မျက်စပစ်ပြကာ. . .

"မင်း ဒီကောင်နဲ့ ပေါင်းရင် ကြည့်ပေါင်းနော်၊ ဒီကောင်က ကောင်းတဲ့အကောင် မဟုတ်ဘူးကွ၊ မင်းက ကျောင်းသားသစ်ဆိုတော့ ငါက သတိပေးထားတာ၊ တော်ကြာ မင်းပါ ဒီကောင်ကြောင့် ဒုက္ခရောက်နေမှာစိုးလို့"

စိန်သောင်းက ရယ်ရုံသာရယ်နေလိုက်သည်။ ချစ်ကိုဦးက စိန်သောင်းကို ပခုံးဖက်၍ အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ကာ. . .

"ကဲ အားလုံးနဲ့ မင်းကို ထပ်ပြီး မိတ်ဆက်ပေးရဦးမယ်၊ အခုတစ်ခါ မိတ်ဆက်တာကတော့ ပထမတစ်ခါ မင်းမိတ်ဆက်သလို တစ်ခန်းလုံးနဲ့ ခြုံငုံပြီး မိတ်ဆက်သလို မဟုတ်ဘူးပေါ့ကွာ၊ ဒီတစ်ခါကတော့ တစ်ဖွဲ့ထဲ တွဲသွားမယ့် သူငယ်ချင်းတွေအနေနဲ့ မိတ်ဆက်တာပေါ့၊ ဟုတ်ပြီလား"

စိန်သောင်းက ခေါင်းညိတ်ပြသည်။ ချစ်ကိုဦးက ပထမဦးစွာ မျောက်ကြီးကို လက်ညှိုးထိုးပြ၍. . .

"ဒီကောင့်နာမည်က လွမ်းနုဖွေးတဲ့၊ သူ့အဖေ အရက်မူးပြီး အဲ့ဒီနာမည်ပေးထားတာလို့ ပြောတာပဲ၊ နာမည်နဲ့ ရုပ်နဲ့ကတော့ မင်းမြင်တဲ့အတိုင်းပဲ စိန်သောင်း၊ ငါတို့ကတော့ အမြင်ကို အမြင်အတိုင်း မျောက်ကြီးလို့ပဲ ခေါ်တယ်"

စိန်သောင်းက လွမ်းနုဖွေးဆိုတဲ့ နာမည်ကို ရွတ်ကာ မျောက်ကြီးမျက်နှာကို တအံ့တဩ ကြည့်သည်။ မျောက်ကြီးမျက်နှာက အနီးကပ်သေချာကြည့်မှ မည်းရုံတင်မက ပြာပါနေသည်ဟု ထင်မိ၏။

[redacted]



မျက်တွင်းနှစ်ဖက်ကလည်း မွေးရာပါကြောင့်လား၊ အိပ်ရေးပျက်လို့လားမသိပေ။ အတွင်းထဲသို့ ချိုင့်ဝင်ကာ ညိုနေသေး၏။

စိန်သောင်းမှာ ရယ်ချင်စိတ်ကို မထိန်းနိုင်တော့ဘဲ ခွီးကနဲ ရယ်ချလိုက်တော့၏။ နောက်တော့မှ မျောက်ကြီး သူ့ကို စိတ်ဆိုးသွားမလား စိုးရိမ်၍ လှမ်းကြည့်လိုက်၏။ မျောက်ကြီးက စိတ်ဆိုးဖို့နေနေသာသာ သူ့ကို အဲ့ဒီလိုရယ်လို့ ပျော်နေပုံတောင်ရ၏။ သွားကလေး ဖြဲတဲဖြဲတဲနှင့် ချစ်ကိုဦးကို မထိတထိ လှမ်းရိုက်နေလေသည်။ သွားကတော့ တော်တော်ဖြူကြောင်း စိန်သောင်း မှတ်ချက်ချမိသည်။

ချစ်ကိုဦးက နောက်တစ်ယောက်နှင့် ထပ်၍ မိတ်ဆက်ပေး၏။

"ဒါက မျိုးကိုတဲ့၊ သူက နေရာတကာ သူသိသူတတ် လုပ်တတ်လွန်းလို့ တွတ်ပီကာတွန်းထဲက သူကြီးဘစိရဲ့ နာမည်ကို ပေးထားတယ်၊ အဲ့ဒါကြောင့် သူ့ကို ဘစိလို့ အမြင်ကပ်တဲ့လူတွေက ခေါ်တယ်"

မျိုးကိုက သူ့ဂုဏ်ပုဒ်တွေကို ချစ်ကိုဦးက ပြောလို့ အပြီးတွင် ဦးလေးညွတ်ကာပြ၏။ ထိုအချိန်တွင် လေလေးတချွန်ချွန်နှင့် သူတို့ထည့်နေသော ရေဘုံပိုင်သို့ ကျောင်းသားတစ်ယောက် ရောက်ကာလာသည်။ ထိုကျောင်းသားမှာ အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်းနှင့် ကုလားအုတ်နှင့် တူလှ၏။

ထိုကျောင်းသားက ရောက်ရောက်ချင်းပင် အားလုံးကို ဝေ့ကြည့်ကာ မျက်နှာထားတည်တည်နှင့် ခါးထောက်၍. . .

"မင်းတို့ ရေလေးနှစ်အိုး ခပ်နေကြတာ မပြီးကြသေးဘူးလား၊ ဒီလို ရေခပ်တဲ့အလုပ်လေးမှာတောင် နှေးကွေးလေးလံနေကြရင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နောင် ငါ့ကုမ္ပဏီမှာ မင်းတို့ကို အလုပ်ခန့်တဲ့အခါ ဘယ်လိုစိတ်ချရမလဲ"

"စိတ်ချရအောင် မင်းနှမနဲ့ ပေးစားလိုက်ပေါ့ကွာ"

မျောက်ကြီးစကားကြောင့် အားလုံး ဝိုင်းရယ်ကြ၏။ ထိုကျောင်းသားက မျောက်ကြီးကို ကြည့်ကာ. . .

"ငါ့နှမကို တိရစ္ဆာန်တွေနဲ့ မပေးစားဘူးကွ"

ထိုအခါ မျောက်ကြီးက မကြည်ကြည့် ပြန်ကြည့်၍. . .

"ဟေ့ကောင် ကုလားအုတ်၊ မင်းလည်း တိရစ္ဆာန်ပဲ၊ ငါလည်း တိရစ္ဆာန်ပဲ၊ တိရစ္ဆာန်ညီမကို တိရစ္ဆာန်ယူတာ ဘာဖြစ်လဲ"

"ဟေ့ကောင် တိရစ္ဆာန်ချင်း တူပေမယ့် ငါတို့က အမြင့်မျိုးကွ၊ အမြင့်မျိုးဆိုတော့ အမျိုးမြင့်တယ်၊ မင်းတို့ မျောက်မျိုးတွေလို မဟုတ်ဘူး"

ကုလားအုတ်စကားကို မျောက်ကြီးကလည်း အားကျမခံဖြင့်. .

"ဒီမှာ ကုလားအုတ်၊ ငါတို့ မျောက်တွေကလည်း ဟိုးအပင်ထိပ်ဖျားထိ တက်နေတဲ့ကောင်တွေကွ သိလား၊ မင်းတို့ ကုလားအုတ်တွေ မြင့်တယ်ဆိုတာ သနားတယ်"

"ကဲ ကဲ တော်ကြပါတော့ကွာ၊ မင်းတို့ တိရစ္ဆာန်ချင်း မျိုးရိုးပြိုင်ချင်ရင် နောက်မှ ပြိုင်ကြပါ၊ ဒီမှာ ကုလားအုတ်၊ မင်းက နောက်မှ ရောက်လာပြီး စကားကြီး စကားကျယ်တွေ ပြောပြီး ရေသာခိုဖို့ မစဉ်းစားနဲ့၊ ဒီရေအိုး နှစ်အိုးလုံး မင်းသယ်ခဲ့"

"ဟာ အဲ့ဒါတော့ မတရားတာဘဲ၊ ငါလည်း နောက်မှ ရောက်သ

[redacted]



လို မျောက်ကြီးလည်း ခုနကမှ အခန်းထဲက ထွက်သွားတာ ငါမြင်လိုက်တယ်"

ချစ်ကိုဦးက ကုလားအုတ်စကားကို နားထောင်ပြီး ခေါင်းတညိတ်ညိတ် လုပ်၍. . .

"ဒါလည်း ဟုတ်တယ်၊ မျောက်ကြီးနဲ့ ကုလားအုတ်က နောက်ဆုံးမှ ရောက်လာတာဆိုတော့ မင်းတို့ တိရစ္ဆာန်နှစ်ကောင်က ဒီရေအိုး နှစ်အိုးလုံးကို သယ်ခဲ့ကြ"

ကုလားအုတ်က ဘာမှမပြောဘဲ စိန်သောင်းကို စူးစမ်းတဲ့သဘောနဲ့ လှမ်းကြည့်၏။ စိန်သောင်းက ကုလားအုတ် လှမ်းကြည့်သောအကြည့်ကို တစ်မျိုး သဘောပေါက်သွားကာ ချစ်ကိုဦးကို လှမ်းကြည့်လိုက်၍. . .

"ချစ်ကိုဦး ငါတစ်အိုး သယ်ပါ့မယ်၊ အလာတုန်းက မင်းနဲ့မျိုးကိုက ရေအိုးတွေ သယ်လာတာပဲ၊ ငါက ရေစစ်လေးပဲ သယ်လာရတာ၊ အဲ့ဒါကြောင့် ငါ တစ်အိုးသယ်ပါ့မယ်"

ချစ်ကိုဦးက စိန်သောင်းစကားကို ခေါင်းခါလိုက်၍. . .

"မင်းက လူသစ်ဆိုတော့ ဒီနေ့ မလုပ်နဲ့ဦး၊ နောက်နေ့တွေကျလုပ်ပေါ့"

စိန်သောင်း ငြိမ်နေမိသည်။ ကုလားအုတ်နဲ့ မျောက်ကြီးကလည်း သဘောတူညီစွာနှင့် ရေအိုးတွေ ကောက်မ၏။ ချစ်ကိုဦးက ကုလားအုတ်ကို လက်တို့လိုက်၍ စိန်သောင်းကို မေ့ငေါ့ပြကာ. . .

"ကုလားအုတ် ဒါ ငါတို့အဖွဲ့ဝင်သစ်ပဲ၊ မနေ့ကမှ ပြောင်းလာ

[redacted]

www.burmeseclassic.com

တာ၊ မင်းသိတယ်မလား"

ကုလားအုတ်က ခေါင်းညိတ်ပြပြီး. . .

"သိတယ်လေ၊ ဆရာမတောင် မိတ်ဆက်ပေးသေးတယ်"

ချစ်ကိုဦးက ခေါင်းညိတ်ပြ၍ စိန်သောင်းကို လှည့်ကြည့်ပြီး. . .

"စိန်သောင်း ဒီကောင့်နာမည်က ကုလားအုတ်တဲ့၊ အရပ်ရှည်လို့ ကုလားအုတ်လို့ ပေးထားတာ၊ တကယ့်နာမည်ရင်းက ဖွဲလို့ ခေါ်တယ်၊ လူရှည်သလောက် နာမည်က တစ်လုံးတည်း၊ စကားကြီးစကားကျယ် တအားပြောတယ်"

'မင်းလောက်တော့ မဆိုးသေးပါဘူးကွာ' ဟု ကုလားအုတ်က ပြန်ပြောလိုက်သည်။ စိန်သောင်းက ကုလားအုတ်စကားကြောင့် ရယ်၍ ချစ်ကိုဦးကို လှည့်ကြည့်လိုက်ကာ. . .

"မင်းက သူများတွေ အားလုံးနဲ့တော့ သူတို့အကြောင်းတွေ ပြောပြီး မိတ်ဆက်ပြီးတော့ မင်းကိုကျတော့ သူတို့က ဘယ်လိုခေါ်ကြလဲ"

အားလုံးက စိန်သောင်း စကားဆုံးတော့ ပြိုင်တူပင်. . .

"သောက်ရူး"

"နှာဘူး"

"ငပေါ"

"ဥစ္စာရူး"

စသည်ဖြင့် ဝမ်းသာအားရ ပြောသံတွေ စုံလင်ကာသွား၏။

[redacted]



သူတို့အားလုံး လွတ်လပ်ပေါ့ပါးစွာ ဝိုင်းရယ်လိုက်ကြသည်။ ထိုရယ်သံများက သူတို့ရင်ထဲ၌ ပဲ့တင်ထပ်ကာ သွား၏။ ထို့နောက် တစ်ဦးနှင့် တစ်ဦး ပိုမိုရင်းနှီးသွားစေသောစိတ်များ ရင်ထဲ၌ ကိုယ်စီကိုယ်စီ ဖြစ်ပေါ်သွားစေပါတော့သည်။

♥♥♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**နောက်** တစ်ရက်တွင် စိန်သောင်းမှာ ပြဿနာတစ်ခုနှင့် ရင်ဆိုင်ရလေသည်။ တခြားတော့ မဟုတ်ပေ။ မနေ့က ရေဘုံပိုင်မှာ ချစ်ကိုဦးက ခဏသိမ်းခိုင်းထားသော အီးပုံအရုပ်ကြောင့် ဖြစ်၏။ စိန်သောင်း လက်ထဲထိုအရုပ်လေး ကိုင်ထားတာကို လချမီးဘေးမှာ ထိုင်တဲ့ ကောင်မလေးက မြင်သွားပြီး လချမီးကို သွားပြောသောကြောင့် ဖြစ်၏။ လချမီးက ထိုကိစ္စ၏ တရားခံမှာ စိန်သောင်းဟု ထင်သွားပြီး ဆရာမအား သွားတိုင်လေသည်။ မနေ့တစ်နေ့ကမှ ရောက်လာသော ကျောင်းသားသစ်က သူမကို ဒါမျိုးလုပ်၍ ဒေါသပိုထွက်သွားပုံလည်းရ၏။

ဆရာမက ထိုကိစ္စအား ဖြေရှင်းပေးမည်ဆို၍ စိန်သောင်းအား

[redacted]



အတန်းရှေ့သို့ ခေါ်သည်။ စိန်သောင်းခမျာ ဘုမသိဘမသိနှင့် ဆရာမ ရှေ့ရောက်တော့ လက်ကလေးပိုက်ကာ. . .

"ဆရာမ ကျွန်တော် ရောက်ပါပြီ"

ဆရာမက စိန်သောင်းအား ကြည့်၍. . .

"မင်းမနေ့က လချမီးထမင်းချိုင့်ထဲကို မဟုတ်က ဟုတ်က အရုပ်ထည့်ပြီး စတယ်ဆို"

"ခင်ဗျာ"

စိန်သောင်း မျက်လုံးပြူးကာ အာမေဋိတ်အသံ ထွက်သွား၏။ တော်တော်နဲ့ ဘာပြန်ပြောရမှန်းမသိဘဲ ငိုင်တွေနေသောကြောင့် ဆရာမက စိတ်မရှည်နိုင်စွာနှင့်. . .

"မင်းကို ဟိုတစ်နေ့ကမှ ရောက်လာတဲ့ လူသစ်ဆိုတော့ ဒါမျိုး မလုပ်လောက်ဘူးလို့ ဆရာမ ထင်တယ်၊ ဒါ တစ်ယောက်ယောက် မြှောက်ပေးလို့ လုပ်တာလား၊ မင်းကို ဘယ်သူ မြှောက်ပေးတာလဲ"

"ဘယ် ဘယ်သူမှ မမြှောက်ပေးပါဘူး ဆရာမ"

"ဒါဆို မင်းဘာသာမင်း လုပ်တာပေါ့ ဟုတ်လား"

စိန်သောင်းက ကပျာကယာ လက်ကာပြလိုက်ပြီး. . .

"အဲ. . . အဲလိုလည်း မဟုတ်ပါဘူး ဆရာမ၊ ဘယ်သူလုပ်တယ်ဆိုတာ ကျွန်တော် မသိပါဘူး၊ ကျွန်တော်လည်း မလုပ်ပါဘူး ဆရာမ"

"ဒါဆို မင်းလက်ထဲမှာ အဲ့ဒီအရုပ်ကို တွေ့တယ်လို့ပြောတယ်၊ မင်းလက်ထဲကို အဲ့ဒီအရုပ်က ဘယ်က ရောက်လာတာလဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . အဲ့ဒါ ချစ်ကိုဦးက ကျွန်တော့်ကို ရေဘုံပိုင်မှာ ရေထည့်နေတုန်း ခဏကိုင်ထားခိုင်းလို့ ကိုင်ထားတာပါ"

ဆရာမက စိန်သောင်း စကားဆုံးတော့ ချစ်ကိုဦးကို လှမ်းခေါ်သည်။ ထိုအရုပ်ကိစ္စကို မေးတော့ ချစ်ကိုဦးကလည်း. . .

"ကျွန်တော် လုပ်တာမဟုတ်ဘူး ဆရာမ၊ မျိုးကိုက အဲ့ဒီအရုပ်ကို လချမ်းဆီက ယူပြီး သိမ်းထားတာတွေ့လို့ ကျွန်တော် လိုချင်တာနဲ့ တောင်းယူထားတာပါ"

"ဒါဆို အဲ့ဒီအရုပ်က ဘယ်သူထည့်ထားတာလဲ"

"ကျွန်တော်တို့ မသိဘူး ဆရာမ"

ချစ်ကိုဦးနဲ့ စိန်သောင်းက ပြိုင်တူ ဖြေကြသည်။ လက်သည်မပေါ်ဘဲ ပြန်လွှတ်လိုက်သည်။ ထို့နောက် တစ်ခန်းလုံးကို ဝေ့ကြည့်၍ မတ်တပ်ထရပ်လိုက်ကာ. . .

"ဆရာမရဲ့ အတန်းသူ အတန်းသားအားလုံးဟာ ချစ်ချစ်ခင်ခင်နဲ့ မောင်နှမရင်းတွေလို နေကြတာကို ဆရာမ ဘာမှမပြောလိုပါဘူး၊ ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက် စကြနောက်ကြတဲ့ အခါမှာ သူတစ်ပါး သည်းမခံနိုင်လောက်အောင် စတာ နောက်တာမျိုး ဆရာမ မလိုလားဘူး၊ အခုကိစ္စမှာ ဘယ်သူလုပ်တယ်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲဖြစ်မယ်၊ လူဆိုတာ ကိုယ့်ပျော်ရွှင်မှုတစ်ခုတည်းအတွက် သူတစ်ပါး စိတ်ဆင်းရဲအောင် လုပ်တာ မကောင်းပါဘူး၊ ဆရာမ ဒါပဲ ပြောချင်တယ်"

ဆရာမက စကားကို ခဏနားပြီး အတန်းသူ အတန်းသားတွေ

[redacted]



ရဲ့ မျက်နှာကို ဝေ့ကြည့်လိုက်သည်။ အားလုံးက ဆရာမစကားကို ငြိမ်သက်စွာ နားထောင်နေကြ၏။ ဆရာမက ခဏကြာတော့ စကားကိုဆက်၏။

"ငါ မေးနေတယ် ဖြေလေ၊ ကိုယ့်တာဝန်ကိုယ်ယူရဲတဲ့ သတ္တိမရှိဘူးလား"

အခန်းက ပိုပြီး တိတ်ဆိတ်သထက် တိတ်ဆိတ်ကာသွား၏။ ထိုအချိန်တွင်. . .

"ဘယ်သူလုပ်တယ်ဆိုတာ သမီးသိတယ် ဆရာမ"

ဟု ဆိုသော ကျောင်းသူတစ်ယောက်၏ အသံ ရုတ်တရက်ပေါ် လာ၏။ တစ်ခန်းလုံး ထိုကျောင်းသူကို ဝိုင်းကြည့်လိုက်ကြသည်။ ဆရာမကလည်း ထိုကျောင်းသူကို ကြည့်၍. . .

"ဘယ်သူလုပ်တာလဲ သမီး"

"အဲ့ဒီနေ့က မနက်ပိုင်းမှာ မျောက်ကြီးက လချမ်းရဲ့ ထမင်းချိုင့်ကို ဖွင့်နေတာ သမီးတွေ့တယ်ဆရာမ"

မျောက်ကြီးတစ်ယောက်မှ လွဲ၍ တစ်ခန်းလုံး တီးတိုးပြောဆိုသံတွေ ထွက်လာသည်။ မျောက်ကြီးခမျာ ကြက်သေသေကာ ထိုကျောင်းသူကို ငေးကြည့်နေမိသည်။

ဆရာမက ထိုကျောင်းသူကို ထိုင်ခိုင်းလိုက်၏။

ထို့နောက် မျောက်ကြီးကို ထိုင်ရာမှ ထခိုင်းသည်။ မျောက်ကြီးမှာ မျက်နှာငယ်လေးနှင့် မတ်တပ်ထရပ်လိုက်၏။

ဆရာမက. . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပြောချင်သေးလဲ"

တစ်ခန်းလုံး မျောက်ကြီးကို စိတ်ဝင်တစား လှမ်းကြည့်နေကြသည်။ မျောက်ကြီးက သက်ပြင်းကိုချ၍ . . .

"ဘာမှ မပြောချင်ပါဘူး ဆရာမ"

"ဒါဆို မင်းအပြစ်ဆိုတာကို ဝန်ခံတယ်ပေါ့"

မျောက်ကြီးက ခေါင်းကို ဖြည်းညှင်းစွာ ညိတ်ပြသည်။ ထို့နောက် ဆရာမက မျောက်ကြီးအား အတန်းရှေ့သို့ ခေါ်လိုက်ပါတော့သည်။ အပြစ်ပေးဖို့ . . .။

♥♥♥





ပုံမှန်အားဖြင့် ဆရာမ ဒေါ်လှလှမြင့်သည် သဘောကောင်းသော ဆရာမတစ်ယောက်ဟု ဆိုနိုင်သည်။ သူမအတန်းက အတန်းသူ အတန်းသားတွေကို အုပ်ချုပ်ရာ၌ ညီတူညီမျှနှင့် သမာသမတ်ကျကျ အုပ်ချုပ်၏။ တင်းကျပ်သင့်သော စည်းကမ်းများကို သံမဏိကဲ့သို့ အခိုင်အမာ တင်းကျပ်ထားသလို အချို့ခွင့်လွှတ်လို့ရသော ကိစ္စလေးများကို မသိချင်ယောင်ဆောင်နေတတ်၏။ လူငယ်ဆိုတာ လွတ်လပ်မှုကို လိုလားသည်။ ပျော်ရွှင်မှုကို ခုံမင်သည်။ အပေါင်းအသင်းကို မက်မော၏။ ဒါတွေကို ဆရာမက သိသည်။ လူငယ်တွေ သဘောကို နားလည်သည်။ ဆယ်တန်းအရွယ်ကျောင်းသား၊ ကျောင်းသူတွေဆိုတာ လူကြီးတွေလည်း မဟုတ်သေးသည့်၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေလည်း မဟုတ်ကြတော့ပေ။ စပ်ကူးမတ်ကူးကာလဟု ဆိုနိုင်၏။ ထို့ကြောင့် အရာရာကို စူးစမ်းချင်၏။ ကောင်းတာရော၊ မကောင်းတာပါ လက်တည့်စမ်းချင်သည်။ ဆန့်ကျင်ဘက်သဘာဝကို ရင်ခုန်ချင်၏။

ထို့ကြောင့် ဒီလိုအရွယ် ဒီလိုကာလတွင် မလျှော့မတင်း စောင်းကြိုးညှင်းပမာ အုပ်ချုပ်နိုင်မှ သင့်တော်လိမ့်မည်ဆိုတာ ဆရာမက သဘောပေါက်ထား၏။ တင်းလွန်းရင်လည်း ပြတ်တတ်သည်။ လျှော့လွန်းလည်း ပတ်တတ်၏။

ထို့ကြောင့် ဆရာမကို ကျောင်းသားတိုင်းက ချစ်၊ ကြောက်၊ ရိုသေကြလေသည်။ အခု မျောက်ကြီးရဲ့ကိစ္စမှာလည်း နောက်နောင် ဒီလိုကိစ္စမျိုး မပြုလုပ်ရန်နှင့် သူတစ်ပါးရဲ့ အစားအသောက်နဲ့ ပတ်သက်၍ အညစ်အကြေးတစ်ခုနှင့် ပုံနှိုင်းကာ မနောက်ပြောင်သင့်ကြောင်း၊ ထိုသို့ နောက်ပြောင်ခြင်းက ဘယ်လိုငရဲကြီးကြောင်း စသည်ဖြင့် ပုံတိုပတ်စလေးတွေ ပြောကာ ဆုံးမပြီး ကြိမ်လုံးနှင့် ခပ်နာနာ ငါးချက်ရိုက်ကာ အပြစ်ပေးလိုက်သည်။

မျောက်ကြီးမှာ တင်ပါးနှစ်ဖက်ကို လက်ဖြင့် ပွတ်သပ်ကာ သူ့ထုံးစံအတိုင်း ဖြဲတဲဖြဲတဲနှင့် အတန်းသို့ ပြန်လာ၏။

"မင်းက ဒီလောက်ဆော်ခံရတာတောင် မျက်နှာပိုးက မသေဘူးနော်၊ ဆရာမ ရိုက်တာ မနာဘူးထင်တယ်"

ကုလားအုတ်ရဲ့ စကားကို မျောက်ကြီးက မျက်စောင်းထိုးလိုက်ကာ. . .

[redacted]



"မနာဘဲ နေမလားကွ၊ မင်းသွားပြီး အရိုက်ခံကြည့်ပါလား၊ တင်ပါးနှစ်ဖက်စလုံး ထူပူသွားတာပဲ"

"ဒီလောက် နာတာတောင် မင်းပါးစပ်က ဖြီးနိုင်တုန်းပဲနော်"

"ဒါကတော့ မဖြီးဘဲ ငါက ကလေးလို ငိုပြီး ပြန်လာရမှာလား၊ ရှက်စရာကြီး"

"ခပေါ့၊ လုပ်ချင်ရင်လည်း ပိပိရိရိမှ မလုပ်တာ၊ အဲ့ဒီဟာမတွေ ရှေ့မှာမှ ပက်ပင်းကြီး မိရတယ်လို့၊ သူတို့က ငါတို့ဆို ဘယ်လောက် အမြင်ကပ်နေတယ်ဆိုတာ မင်းသိသားပဲ"

မျောက်ကြီးက. . .

"ငါလည်း ပတ်ဝန်းကျင်ကို သေချာလေ့လာပြီးမှ လုပ်တာပါကွာ၊ ဘယ်အချိန်က ဘယ်လိုတွေ့သွားမှန်းမှ မသိတာ"

"မင်းက မျိုးကိုဆီမှာ အဲ့ဒီအရုပ်ရှိတုန်းက ဘာလို့ သွားတောင်း မထားတာလဲ"

"လူတွေရှေ့မှာ သွားတောင်းလို့ ကောင်းမလားကွ၊ နောက်မှ ပြန်တောင်းမယ်ဆိုပြီး နေလိုက်တာပေါ့၊ ချစ်ကိုဦးကလည်း နေရာတကာ လျှာရှည်တယ်၊ အဲ့ဒီအရုပ်ကိုသာ မျိုးကိုဆီက ယူပြီး စိန်သောင်းကို ပေးမထားရင် ဒီကိစ္စပေါ်မှာ မဟုတ်ဘူး"

ကုလားအုတ်က စုတ်တစ်ချက်သပ်လိုက်ကာ. . .

"မင်းထင်လို့ပါ၊ အဲ့ဒီဟာတွေလား မပြောဘဲနေမှာ၊ အနေးနဲ့ အမြန်ပဲ ကွာမယ်၊ တစ်ချိန်ချိန်မှာ သူတို့သွားပြောမှာပဲ သေချာတယ်၊ သူတို့က ငါတို့အဖွဲ့ဆို အမြဲတမ်း ဒုက္ခရောက်စေချင်နေတာ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကုလားအုတ်စကားကြောင့် မျောက်ကြီး ငြိမ်နေမိသည်။ ဒီအချိန်မှာ ဒီကိစ္စမပေါ်လည်း နောင်တစ်ချိန်မှာ သူတို့သွားပြောရ်၍ ဒီကိစ္စပေါ်မှာပဲဆိုတာကို မျောက်ကြီး လက်ခံမိသည်။

အဲ့ဒီကျောင်းသူအုပ်စုက သူတို့အဖွဲ့ဆို လုံးဝကြည့်ရတာမဟုတ်ပေ။

သူတို့အဖွဲ့ဆိုတာက ချစ်ကိုဦး၊ မျောက်ကြီး၊ ကုလားအုတ်နှင့် မျိုးကိုတို့ကို ဆိုလိုသည်။

အဲ့ဒီကျောင်းသူတွေဆိုတာကတော့. . .

[redacted]



"နှင်း က အဲဒီလို ပေါ်တင်ကြီး ထပြောလိုက်တော့ သူတို့တွေ ငါတို့အပေါ်မှာတော်တော်လေး မုန်းသွားမှာ သေချာတယ်. . . သိလား အေးမြတ်မွန်"

မုန့်စားကျောင်းလွှတ်ချိန်ဖြစ်၍ မုန့်ဈေးတန်းက မုန့်ဟင်းခါးဆိုင်မှာဖြစ်၏။ ကျောင်းသူငါးယောက်လောက်ထိုင်ကာ မုန့်ဟင်းခါးစားရင်း စကားပြောနေကြသည်။ အေးမြတ်မွန်ဟု အခေါ်ခံရသော ကျောင်းသူက ပန်းကန်ထဲက ကြက်သွန်ဥကို ခပ်ကာ အရသာခံ၍ ဝါးလိုက်ရင်း. . .

"မတတ်နိုင်ဘူးဟယ်၊ သူတို့ မုန်းသွားမှာကို နင်တို့က ဂရုစိုက်နေလို့လား၊ သူတို့ကရော ငါတို့အပေါ် ဘယ်တုန်းကများ စေတနာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့လို့လဲ၊ မတွေ့လိုက်နဲ့ တွေ့လိုက်ရင် တစ်ခုမဟုတ်တစ်ခု ဒုက္ခ ပေးနေတာပဲလေ”

“အဲ့ဒါတော့ ဟုတ်တယ်၊ ငါ့ကို ဟိုတစ်နေ့က ကုလားအုတ်ဆိုတဲ့ ကလန်ကလားကောင်က ဘာအသားတိုးဆေးစားလဲလို့ မကြားတကြား ပြောသွားသေးတယ်”

ထိုစကားကို တတိယမြောက် မုန့်ဟင်းခါးပွဲအား အားရပါးရ စားနေသော ဝဝတုတ်တုတ်နှင့် ကျောင်းသူက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

နောက်တစ်ယောက်က ထိုဝဝတုတ်တုတ်နှင့် ကျောင်းသူကို ကြည့်၍ . . .

“နင်ကလည်း လွန်လွန်းပါတယ်၊ ဘတ်စ်ကားစီးရင်တောင် စပါယ်ယာက နှစ်ယောက်စာ တောင်းတယ်ဆိုတော့ အပြောခံရတာ တောင် နည်းသေးတယ်”

ထိုစကားကိုကြားတော့ ဝတုတ်မလေးက နှုတ်ခမ်းစူ၍. . .

“ဘာဖြစ်လဲ၊ ငါ့ဘာသာငါ စားနိုင်လို့ ဝတာ”

ဟူ၍ ပြန်ပြောလိုက်သည်။

အားလုံး ဝိုင်းရယ်လိုက်ကြ၏။ ထိုအချိန်တွင် သူမတို့ ရယ်သံ ကြား၍ မုန့်ဟင်းခါးဆိုင်ရှေ့ ဖြတ်သွားသော မျောက်ကြီးက လှမ်း ကြည့်လိုက်သည်။ မျောက်ကြီး စိတ်ထဲတွင် သူအရိုက်ခံရသည့် အကြောင်းကို အားရဝမ်းသာစွာ အတင်းပြော၍ ဝိုင်းရယ်နေကြ သည်ဟု ထင်သွားကာ ရင်ထဲမှာ တင်းကာသွားသည်။

[redacted]



ပြဿနာရှာဖို့ကလည်း ဟိုဘက်က အုပ်စုတောင့်နေပြီး သူက တစ်ယောက်တည်းသမားဖြစ်နေ၍ ကျန်တဲ့သူတွေကို အကူအညီ တောင်းရန် ထွက်လာခဲ့လိုက်သည်။

သူတို့ထိုင်နေကျ ကျောင်းအနောက်ဘက်က ကုက္ကိုလ်ပင် အောက်မှာ တစ်ဖွဲ့လုံးကို တွေ့ရ၏။ မျောက်ကြီးက သူမြင်တွေ့လာရ သမျှတွေကို ရှင်းပြတော့ ချစ်ကိုဦးက. . .

“ဒါ မင်းကို သက်သက်စော်ကားတာကွ၊ မခံနဲ့”

“ငါလည်း မခံပါဘူး၊ ဒါကြောင့် မင်းတို့ဆီ လာခဲ့တာ”

“ငါတို့နဲ့ ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့ကွ၊ ငါတစ်ယောက်တည်း သွားပြောလို့ ဖြစ်မ လား၊ ဟိုက တစ်အုပ်စုလုံး ရှိနေတာ၊ စုတ်ပြတ်သတ်သွားမှာပေါ့၊ အဲ့ဒါကြောင့် မင်းတို့ကို လာခေါ်တာ”

ကုလားအုတ်က မျောက်ကြီးစကားကို နားထောင်ပြီး ခေါင်း ကုတ်လိုက်ကာ. . .

“ခပ်အေးအေးပဲ နေပါရစေ မျောက်ကြီးရာ၊ ခုန တစ်မှုပြီးလို့ တောင် နေ့မကူးသေးဘူး၊ နောက်တစ်မှု မစချင်စမ်းပါနဲ့”

မျောက်ကြီးက ခေါင်းကို ဖြည်းညင်းစွာ ခါပြရင်း. . .

“ငါက နောက်တစ်မှု စမယ်လို့ ပြောတာ မဟုတ်ပါဘူး၊ သူတို့ နားမှာသွားပြီး အင်အားပြရုံလေး ပြမလို့ ပြောတာပါ၊ အဲ့ဒါမှ ငါတို့ အဖွဲ့တွေကိုကြည့်ပြီး သူတို့ ပြောချင်တာ ပြောလို့မရမှာ”

မျောက်ကြီးစကားကို မျိုးကိုက မေးစေ့ပွတ်ကာ နားထောင်ပြီး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတညိတ်ညိတ် လုပ်၏ ပြီးမှ စဉ်းစားချင့်ချိန်ပြောဆိုသော လေသံမျိုးနှင့်. . .

"ဒါဟုတ်တယ်ကွ မျောက်ကြီးပြောတာ မှန်တယ်၊ သူတို့ ငါတို့ အကြောင်းကို ပြောချင်တာပြောခွင့် မပေးနိုင်ဘူး၊ မျောက်ကြီးကို ပြောတယ်ဆိုတာလည်း ငါတို့အဖွဲ့ကို ပြောတာနဲ့ အတူတူပဲ၊ ဒါကြောင့် အင်အားတော့ သွားပြသင့်တယ်၊ လိုအပ်ရင် သတိပေးစကားလေးတွေပါ ပြောသင့်ရင် ပြောခဲ့ရမယ်"

မျောက်ကြီးက မျိုးကိုတစ်ယောက် သူ့ဘက်ပါလာ၍ အားတက်သွား၏။ မျိုးကို ကိုလည်း အားကိုးတကြီး ကြည့်သည်။ မျိုးကိုဆိုတဲ့ အကောင်ကလည်း သိတဲ့အတိုင်း ဒါမျိုး ဆရာတင်တဲ့ အကြည့်နဲ့ ကြည့်လိုက်တော့ ကျားဖင်တောင် ပြေးနှိုက်မယ့်ကောင်. . .

"သူတို့က ဘယ်မှာလဲ မျောက်ကြီး"

"ဒေါ်အေးဆိုင်မှာ"

မျိုးကိုက အရင်ထရပ်သည်။ မျောက်ကြီးက မျိုးကိုနောက်မှ လိုက်ရပ်၏။ ကျန်တဲ့သူတွေကတော့ ချီတုံချတုံ အမူအရာတွေနှင့် ထရပ်ကြ၏။

"လာ အမြန်သွားမယ်၊ တော်ကြာ သူတို့ ထွက်သွားဦးမယ်"

ဟုဆိုကာ မျိုးကိုက ရှေ့က ကော့ကော့ ကော့ကော့နှင့် ထွက်ကာသွား၏။ မျောက်ကြီးက မျိုးကိုနောက်က ကပ်ပါသွားသည်။ ကျန်တဲ့ သုံးကောင်ဖြစ်သည့် ချစ်ကိုဦး၊ ကုလားအုတ်နှင့် စိန်သောင်းတို့ကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တွန့်ဆုတ်တွန့်

[redacted]



ဆုတ်နှင့် ပါသွားပါတော့သည်။

"မျိုးကိုကတော့ လုပ်ချသွားပြန်ပြီကွာ" ဟု ချစ်ကိုဦးက ဆိုသည်။ ကုလားအုတ်က ခေါင်းကုတ်၍ . . .

"ဘာတွေဖြစ်ဦးမလဲ မသိဘူးကွာ" ဟု စိတ်မသက်မသာနှင့် ပြောသည်။ စိန်သောင်းကတော့ ဘာမှသိသူမဟုတ်၍ အူကြောင်ကြောင်နှင့် ပါသွားပါတော့သည်။

♥♥♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**မုန့်** ဟင်းခါးဆိုင်ရောက်တော့ ကောင်မလေးတွေ ရှိသေးသည်။ သူတို့က ကောင်မလေးတွေ ထိုင်တဲ့ စားပွဲနှင့်ကပ်လျက်က ခုံမှာ ဝင်ထိုင်လိုက်၏။ ကောင်မလေးတွေထဲမှ ဝဝတုတ်တုတ်နှင့် ကောင်မလေးက သူတို့အဖွဲ့ကို လှမ်းမြင်သွား၍ ကျန်တဲ့သူတွေကို မျက်ရိပ်ပြကာ သတိပေးလိုက်သည်။ ထို့နောက် ကောင်မလေးတွေ စကားပြောသံတွေ တိတ်ဆိတ်ကာသွားသည်။

မျိုးကို ကစ၍. . .

"တချို့တွေကျတော့ ဆယ်တန်းသာ ရောက်နေတာ၊ လူက ကလေးစိတ် ကုန်သေးတာ မဟုတ်ဘူးကွ" ဟု

ဆိုပြီး အစထောင်ပေးသည်။ ဒါကို မျောက်ကြီးက သံယောင်

[redacted]



လိုက်၍. . .

"ဟုတ်လား မင်းကမြင်ဖူးလို့လား"

"မြင်ဖူးတာပေါ့ကွ၊ သူများကို မျက်နှာငဲ့ မျက်နှာရလုပ်ပြီး ဆရာမကို သွားချွန်တာတို့ ဘာတို့ဆိုတာ ကလေးတွေမှ လုပ်တာကွ၊ ကလေးစိတ်ရှိတဲ့ လူတွေမှလုပ်တာ"

ကောင်မလေးတွေက ဒီကောင်တွေ သူတို့ကို စစ်ကြေငြာပြီ ဆိုတာ သိလိုက်သည်။ သို့သော် မျိုးကိုတို့က ဘယ်သူဘယ်ဝါဆိုတာ နာမည်တပ်၍ ပြောနေခြင်းမဟုတ်သောကြောင့် ပြဿနာထရှာလို့လည်းမရ ဖြစ်နေ၏။

မျိုးကိုက အသံကို နည်းနည်းထပ်တင်၍. . .

"ကိုယ့်ကိစ္စ မဟုတ်ဘဲ သူများကိစ္စဝင်ပါတဲ့ လူတွေကို ဘယ်လိုခေါ်လည်းသိလား"

မျောက်ကြီးက အားရဝမ်းသာနှင့် ထအော်သည်။

"ပါလေရာ ငါးပိချက်"

"ဟုတ်တယ်ကွ မင်းပြောတာမှန်တယ်၊ ငါးပိချက်ကမှ စားလို့ကောင်းသေးတယ်၊ အဲလိုလူတွေကျတော့ ဟီး ဟီး"

မျိုးကိုက သူ့စကားသူ တစ်ပိုင်းတစ်စနှင့် ရပ်၍ သဘောကျစွာ ရယ်၏။ မျောက်ကြီးက . . .

"အဲ့လိုလူတွေကတော့ ဘာဖြစ်လဲ၊ ပြောစမ်းပါဦး"

"အဲ့လိုလူတွေကျတော့ စိတ်ထားကအစ ညစ်ပတ်တော့ ခန္ဓာကိုယ်လည်း ညစ်ပတ်မှာပဲ၊ ဒါကြောင့် ချက်စားရင် ရွံ့စရာကြီးလို့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပြောတာကွ"

"ဟား ဟား ဟား ဟား"

မျောက်ကြီးက ရယ်စရာဒီလောက် မပါပါဘဲနှင့် အာလုပ်သံကြီးနဲ့ ထကာရယ်သည်။

ချစ်ကိုဦးနှင့် ကုလားအုတ်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးစိစိ လုပ်နေကြသည်။ စိန်သောင်းကတော့ ဘာရယ်မဟုတ်ဘဲ ကောင်မလေးတွေ ဝိုင်းဘက်သို့ ငေးကာ ကြည့်နေ၏။

သူ့စိတ်ထဲမှာ ကောင်မလေးတွေကို ကြည့်ကာ တွေးနေမိ၏။ ဒီကောင်မလေးတွေနှင့် ချစ်ကိုဦးတို့မှာ ပြဿနာတစ်ခုခု ရှိနေသည်ဆိုတာကို သူခန့်မှန်းမိ၏။ ထိုပြဿနာ ရန်စကလည်း အခုမှ မဟုတ်ဘဲ အရင်ကတည်းက ရှိခဲ့သည့် ပြဿနာဖြစ်လိမ့်မည်ဟု တွေးမိသည်။ ထို့နောက် သူကလည်း အခုဆို ချစ်ကိုဦးတို့နှင့် တစ်ဖွဲ့တည်းလိုလိုဖြစ်နေ၍ သူ့ကိုလည်း ကြာလျှင် အမြင်စောင်းလာနိုင်သည်ဟု တွေးမိ၍ ဒီပြဿနာတွေကြားထဲ ဝင်မပါမိစေရန် အတတ်နိုင်ဆုံးကြိုးစားရမည်ဟု ဆုံးဖြတ်ထားလိုက်သည်။

ထိုသို့ တွေးနေစဉ် စိန်သောင်း မျက်ဝန်းထဲမှာ ကြွက်တစ်ကောင် ပေါ်လာ၏။ ထိုကြွက်က မုန့်ဟင်းခါးအိုး တင်ထားသော မီးဖိုနောက်က ထွက်လာခြင်းဖြစ်သည်။ ကြွက်က တော်တော်ကြီးသည်။ မြေကြွက်အမျိုးအစားဖြစ်၏။ တော်ရုံတန်ရုံ ကြောင်လောက်ကို ဂရုစိုက်စရာမလိုသည့် ဗလမျိုးကိုလည်း ပိုင်ဆိုင်ထားသည်။

[redacted]



အတွေ့အကြုံလည်း တော်တော် ရှိပုံရသည်။ သူလည်း ကြောက်ပုံမပေါ်ပေ။

စိန်သောင်းက ဘာရယ်မဟုတ် ထိုကြွက်ကို စိတ်ဝင်တစားထိုင်ကြည့်နေမိ၏။ ကြွက်က မီးဖိုနောက်က ထွက်လာပြီး ပတ်ဝန်းကျင်ကို အရင်စူးစမ်းလိုက်သည်။ ပြီးနောက် ခေါင်းကိုမော့ကာ နှာခေါင်းရှုံ့ပွရှုံ့ပွလုပ်၍ အစာနံ့ကို ခံ၏။ ထို့နောက် ဘေးဝဲယာကို မျက်လုံးတစ်ချက် ကစားလိုက်စဉ် စိန်သောင်းကို တွေ့သွား၍ တစ်ချက်စိုက်ကာ ကြည့်လိုက်၏။ သူ့ကို အန္တရာယ်ပြုမယ့်လူမဟုတ်ဘဲ အလုပ်မရှိ၊ အကိုင်မရှိ ထိုင်ကြည့်နေတဲ့ သူမှန်းသိသွားတော့ အရေးမလုပ်တော့ဘဲ လှည့်ကာ ကောင်မလေးတွေ ထိုင်နေတဲ့ဘက်ကို ကြည့်လိုက်သည်။

ထိုစဉ် သူစိတ်ဝင်စားစရာ အရာတစ်ခုကို တွေ့သွားသည့်အလား ကိုရွှေကြွက်၏ မျက်လုံးက ရုတ်တရက် တောက်ပသွားသည်။ ကြွက်က ငြိမ်နေကာ ထိုအရာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ စိန်သောင်းလည်း စိတ်ဝင်စားသွား၍ ကြွက်စိုက်ကြည့်နေသော နေရာကို လှမ်းကြည့်လိုက်ရာ ထိုင်နေသော ကောင်မလေးတွေထဲက တစ်ယောက်၏ ခြေမပေါ် တင်ကျန်နေသော မုန့်ဟင်းခါးဖတ်ကို သွားတွေ့သည်။

ထိုစဉ်မှာပဲ ကြွက်က ငြိမ်နေရာမှ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်၍ ထိုမုန့်ဟင်းခါးဖတ်ကို တဟုန်ထိုး ပြေးကာသုတ်လေသည်။

ထိုအချိန်တွင် စိန်သောင်း ရင်ထဲ ဘာကြောင့်မှန်းမသိဘဲ ခြေ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မပိုင်ရှင်ကောင်မလေးအတွက် တော်တော်စိုးရိမ်ကာသွား၏။ ထို့ကြောင့် ရင်ထဲတွင် ဒိန်းကနဲ ဖြစ်သွားကာ ရုတ်တရက် ထအော်ပစ်လိုက်တော့သည်။

"ဟာ ဟေး ကြွက် . . . ကြွက် ဟိုမှာ ကြွက် ကြွက် . . . ခြေမ ခြေမ . . . ကြွက် . . ."

ရုတ်တရက် ထအော်ပစ်လိုက်သော စိန်သောင်းအသံကြောင့် ချစ်ကိုဦးတို့ စကားသံတွေ ရုတ်ချည်း တိတ်ဆိတ်ကာသွားသည်။ ကောင်မလေးတွေလည်း စိန်သောင်း၏ အသံနက်ကြီးနှင့် အော်သံကြောင့် အားလုံး ဝရုန်းသုန်းကား ဖြစ်ကုန်ကြကာ. . .

"အမလေး ကြွက်. . . ကြွက်တဲ့၊ လုပ်ကြပါဦး"

ဆိုပြီး တစ်ယောက်က ထခုန်ကာ ရပ်လိုက်သည်။ နောက်တစ်ယောက်က ထိုင်ခုံပေါ်ကနေ ရုတ်တရက်ကြီး ခုန်ဆုတ်လိုက်သောကြောင့် ထဘီနှင့် ထိုင်ခုံ ငြိကာ လူရော ခုံရော လုံးထွေး၍ မြေပြင်ပေါ်သို့ မှောက်လျက်ကြီး ပြုတ်ကာကျသွားလေ၏။

"အမလေးတော့. . . ပလေ့. . . တော့. . ဖုန်း"

ကျန်တဲ့သူတွေကလည်း သူတို့ သန်ရာ သန်ရာ အာမေဋိတ်တွေ အော်၍ လွတ်ရာကို ခုန်ထွက်သွားကြသည်။

အားလုံးထဲမှာ အဆိုးဆုံးတစ်ယောက်ကတော့ မုန့်ဟင်းခါးဖတ်ကပ်နေသော ခြေမပိုင်ရှင် ကောင်မလေးပင် ဖြစ်သည်။ သူက ကြွက်ကို တော်တော်ကြောက်ပုံရသည်။ စိန်သောင်းဆီက အလန့်တကြား ထအော်လိုက်သော 'ကြွက် ကြွက်' ဟု အသံကြားကတည်းက ထခုန်

[redacted]



လိုက်တာ သုံးပေလောက် မြောက်တက်ကာသွား၏။ သူမ ထခုန်လိုက်သော အရှိန်ကြောင့် လက်ထဲမှာ ကိုင်ထားသော မုန့်ဟင်းခါး ပန်းကန်က လွတ်ထွက်သွားကာ ဆိုင်ရှေ့က ခုံတန်းလျားလေးမှာ မုန့်ဟင်းခါးတစ်ပွဲကို ပယ်ပယ်နယ်နယ် တွယ်နေသော လူတစ်ယောက်၏ ခေါင်းကို အရှိန်နဲ့ ပြေးမှန်၍ ငယ်ထိပ်တည့်တည့်မှာ ခွပ်ကနဲ စွပ်ကာသွား၏။

ထိုလူ၏ အော်သံကလည်း ကောင်မလေးတွေရဲ့ အော်သံနဲ့အတူ အပြိုင်ထွက်ကာလာလေသည်။

"အား ဝူး. . . အူး. . . ဂူး. . . အား စပ်တယ် စပ်တယ် ရေ ရေပေးပါ ရေ"

ခဏချင်းပင် ဒေါ်အေးဆိုင်ကလေးမှာ ဝေသာလီပြည် ဘီလူးကျသလို ပွက်လောရိုက်ကာ သွားလေသည်။

"ဟဲ့ ကြွက် ကြွက်၊ ဘယ်မှာလဲ ကြွက် ရှာ ရှာကြလေ"

စိန်သောင်းကလည်း သူမြင်ခဲ့ရာ နေရာကို လက်ညှိုးထိုး၍. . .

"ဒီ ဒီနားလေးမှာ ဒီကောင် ရပ်နေတာ၊ ပြီးတော့ ဒီနားကို ပြေးလာတာ"

အားလုံးက စိန်သောင်းပြတဲ့ နေရာကို လိုက်ကြည့်သည်။ သို့သော် ကြွက်နဲ့တူတဲ့ကောင်တောင် မတွေ့ရပေ။ ကိုရွှေကြွက်က စိန်သောင်း ထအော်လိုက်ကတည်းက အခြေအနေ မဟန်မှန်းသိ၍ ပြေးထွက်သွားပြီ ဖြစ်လေသည်။ အခုချိန်လောက်ဆို သူ့တွင်းထဲမှာ နှပ်နေလောက်ပြီ. . .။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေက ကြောက်ကြောက်နှင့် ထောင့်တစ်နေရာမှာ ကပ်နေရာမှ စိန်သောင်းကို မျက်ထောင့်နီကြီးနှင့် ကြည့်၍. . .

"ဘယ်မှာလဲ နင့်ကြွက်၊ ဘယ်မှာလဲ"

စိန်သောင်းလည်း မုန့်ဟင်းခါးဖတ်တွေ၊ ပန်းကန်တွေ ပြန့်ကျဲနေသော မြေပြင်ကို သဲသဲမဲမဲ ကြည့်၍. . .

"ဒီ ဒီနားလေးမှာ ဒီကောင်ပြေးလာတာ၊ ငါကိုယ်တိုင် မြင်တာ၊ အခု ဘယ်ရောက်သွားလည်း မသိဘူး၊ အခုလေးတင်. . အခုလေးတင် တွေ့တာ"

ထိုအချိန်တွင် ထဘီနဲ့ ခုံနဲ့ငြိ၍ မြေပြင်ပေါ် မှောက်လျက်ကြီးလဲနေသော ကောင်မလေးက ကုန်းထသည်။ ဒေါ်အေးက ထိုကျောင်းသူကို ပြေးထူပေး၏။ ထိုကျောင်းသူက မတ်တပ်ရပ်ပြီးနောက် စိန်သောင်းကို လက်ညှိုးငေါက်ငေါက်ထိုး၍. . .

"ဒါ နင် ငါတို့ကို တမင်လုပ်တာမလား၊ နင် တော်တော် မိုက်ရိုင်းပါလား၊ ဒါ နင်တို့တွေ သက်သက်ဝွင်ဆင်ပြီး ငါတို့ကို လုပ်တာ"

ကျန်တဲ့ကျောင်းသူလေးယောက်လည်း ကြွက်မရှိတော့မှန်းသိသွား၍ ထိုကျောင်းသူနားသို့ ခါးထောက်၍ မတ်တပ်ရပ်လိုက်ကာ. . .

"ဟုတ်တယ်၊ ဒါ နင်တို့ ငါတို့ကို တမင်လုပ်တာ၊ ကျောင်းအုပ်ဆရာကြီးနဲ့ တိုင်မယ်"

ဇာတ်လမ်းက အားလုံး ရှုပ်ကုန်လေပြီ။ ချစ်ကိုဦးတို့လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပေ။ ထိုအချိန်တွင် ဆိုင်ရှေ့မှ





အော်သံတစ်ခုကို ကြားလိုက်ရ၍ လှည့်ကြည့်လိုက်ရာ မုန့်ဟင်းခါးပန်းကန်စွပ်နေသော လူတစ်ယောက်ဖြစ်နေတာ တွေ့ရသည်။ ထိုလူက မျက်လုံးကြီး စုံမှိတ်၍ လက်နှစ်ဖက်ကို ခါကာ တဆာဆာအော်နေ၏။

"စပ်လွန်းလို့ သေတော့မယ်၊ ရေ ရေပေးပါ. . ရေ"

အားလုံးက လှမ်းကြည့်လိုက်ရာ ထိုလူ၏ ခေါင်းတွင် ရစရာမရှိအောင် ပေကျံနေသော မုန့်ဟင်းခါးဖတ်များနှင့် ဟင်းရည်တွေကို တွေ့ရသည်။ အားလုံးက ထိုလူကို ကြည့်၍ တအံ့တဩနှင့်. . .

"ဟင် ဆရာကြီး"

ထိုလူက မုန့်ဟင်းခါးဖတ်တွေ တွဲကျနေသောကြောင့် မျက်စိမဖွင့်နိုင်သေးဘဲ . . .

"အေး ဆရာကြီးတွေ ဘာတွေ နောက်မှထား၊ ငါ့မျက်နှာကို ရေအရင်လောင်းပေးစမ်း၊ ပူလို့ သေတော့မယ်"

ထိုအချိန်မှာပင် ဆိုင်ပိုင်ရှင် ဒေါ်အေးက ပျာရိပျာယာနှင့်. . .

"ဟုတ်ကဲ့ ဆရာကြီး"

ဆိုပြီး ဆိုင်အောက်ဘက်ရှိ ရေပုံးကို ဆွဲ၍ လောင်းချလိုက်တော့၏။ လောင်းပြီးသွားမှ ဒေါ်အေး သတိဝင်ကာသွားသည်။ သူလောင်းလိုက်တာ ပန်းကန်ဆေးတဲ့ ရေပုံးကြီးပင်. . .။

သို့သော် မတတ်နိုင်တော့၊ လက်လွန်သွားပြီ။ ဆရာကြီးတစ်ကိုယ်လုံး လက်ဆေးရေတွေ စိုရွှဲနေသော ခန္ဓာကိုယ်ကြီးကို ဖြည်းလေးစွာ ထကာ အားလုံးကို မျက်ထောက်နီကြီးနှင့် ကြည့်၍ . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အားလုံး ရုံးခန်းလိုက်ခဲ့ကြ"

ဆိုပြီး ဒေါသတကြီးနှင့် ထွက်သွားပါတော့သည်။

ဆရာကြီး မတ်တပ်ထရပ်လိုက်မှ အရပ်တော်တော်ပုကြောင်း စိန်သောင်း သတိထားမိသွားသည်။ ထိုဆရာကြီးကို သူတစ်ခါမှ မမြင်ဖူး၍ ချစ်ကိုဦးနား တိုးတိုးကပ်၍. . .

"အဲ့ဒီဆရာကြီးက ဘယ်သူလဲ"

ချစ်ကိုဦးက အသံတုန်တုန်ရီရီနှင့်. . .

"ငါတို့တော့ သေပြီ၊ အဲ့ဒါ ငါတို့ကျောင်းမှာ လူပူသလောက် စိတ်တိုတယ်ဆိုပြီး နာမည်ကြီးတဲ့ ငါတို့ကျောင်းအုပ်ကြီးပဲ"

"ဟေ"

ဒီတစ်ခါတော့ စိန်သောင်း မျက်လုံးပြူးထွက်ကာ သွားလေသည်။ ငါးပါးတော့ မှောက်ပြီဟု စိန်သောင်း စိတ်ထဲ ရေရွတ်လိုက်ပါတော့၏။

"အဲ့ဒီဆရာကြီးနာမည်က ဘယ်သူလဲ"

"ဦးသာထွန်းတဲ့၊ ကျောင်းသားတွေကတော့ သူ့ကို ကွယ်ရာမှာ သုံးပေသာထွန်းလို့ နာမည်ပြောင်ပေးထားတယ်"

"ငါတို့ ဘယ်လိုလုပ်ကြမလဲ"

အားလုံးက စိန်သောင်းကို ကြည့်၍. . .

"ရသမျှ ဘုရားစာသာ ရွတ်ထားပေတော့၊ အနည်းဆုံးတော့ ထားဝယ်ကြိမ်နဲ့ ငါးချက်ပဲ"

စိန်သောင်း တင်ပါးတစ်ချက် တွန့်သွားမိတော့သည်။ ထို့

[redacted]



နောက် သူတို့အပါအဝင် ကျောင်းသူတွေရော ကျောင်းအုပ်ကြီး ရုံးခန်းသို့ ချီတက်ရပါတော့၏။

♥♥♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**ကျောင်း** အုပ်ဆရာကြီး ဦးသာထွန်းရှေ့တွင် ကျောင်းသားငါးယောက်၊ ကျောင်းသူငါးယောက် မတ်တပ်ရပ်ကာ နေ၏။ ဆရာကြီးက သူ့ခန္ဓာကိုယ်မှာ ကပ်ပါလာသော မုန့်ဟင်းခါး ဖတ်များကို အဝတ်စုတ်တစ်ခုနှင့် လိုက်သုတ်ပြီး ရုံးစာရေးတစ် ယောက်ကို သူ့အိမ်သို့ သွား၍ အဝတ်အစားတစ်စုံ ယူရန် စေခိုင်း လိုက်သည်။ ဆရာကြီး ကြည့်ရတာ ကျောင်းမှာတင် ရေချိုး၍ အဝတ် အစားလဲရန် စီစဉ်လိုက်ပုံရသည်။ ထိုသို့ မစီစဉ်လည်း မဖြစ်တော့ ပေ။ ဆရာကြီးခန္ဓာကိုယ်က မုန့်ဟင်းခါးဟင်းရည်အပြင် လက်ဆေး ရေနံ့ပါ အလောင်းခံထား၍ အနံ့ပေါင်းစုံ ထောင်းထောင်းထကာ နေ၏။



ဆရာကြီးက သူ့ခန္ဓာကိုယ်ကို အဝတ်စုတ်နှင့် ကျေနပ်အောင် သုတ်ပြီးသွားတော့ အပေါ်အင်္ကျီက ထွက်နေတဲ့ ရနံ့တွေကို ရှူရှိုက်ပြီး မဖြစ်သေးပါဘူးဆိုသော အမူအရာနှင့် အင်္ကျီကို ပြန်ဖြုတ်ကာ ကျွတ် ကျွတ်အိတ်တစ်လုံးထဲကို ထည့်၍ ကြိုးနဲ့ ချည်လိုက်သည်။ ထို့နောက် အောက်ကခံဝတ်ထားသော စွပ်ကျယ်လေးနှင့်ပင် ဆရာကြီးက သူ့ စားပွဲနောက်က ခုံမှာ သွားထိုင်သည်။

ထိုင်ပြီးသွားတော့ အားလုံးရဲ့ မျက်နှာတွေကို စေ့စေ့လိုက်ကြည့် သည်။ ပြီးနောက် ထိုင်ခုံမှ ထရပ်၍ အားလုံးရှေ့မှာ လာရပ်သည်။ ဆရာကြီး၏ အရပ်အမောင်းက ထိုင်ပဲနေနေ၊ တပဲသွားသွား တစ် ရွယ်တည်းဟု ရပ်နေသူအားလုံးစိတ်ထဲမှာ မှတ်ချက်ချမိသည်။ သို့သော် မရယ်ရဲပေ။ တစ်ဦးတစ်ယောက်မျှ ဂုတ်တုတ်တောင် မလှုပ် ရဲ။ လက်ကလေးတွေ ပိုက်၍ အားလုံး မျက်လွှာလေးတွေ ချနေကြ သည်။ ဒီဆရာကြီးအကြောင်း အားလုံး သိထားသောကြောင့် ဖြစ်၏။

ဆရာကြီးက အခုချိန်ထိ စကားတစ်ခွန်းမှ မပြောသေးပေ။ အားလုံးမျက်နှာတွေကို တစ်ဝကြီး လိုက်ကြည့်ပြီးမှ စားပွဲပေါ်က ကြိမ်လုံးကို ဆတ်ခနဲ လှမ်းယူလိုက်သည်။ အားလုံးရဲ့ ရင်ထဲမှာ ဖိုခနဲဖြစ်သွားပြီး ခန္ဓာကိုယ်တွေကလည်း တွန့်ခနဲ ဖြစ်ကာသွား၏။ ပတ်ဝန်းကျင်ကလည်း ပိုမိုတိတ်ဆိတ်ကာသွားသည်။

ထိုအချိန်မှာပင် ဆရာကြီးအသံ ထွက်လာပါတော့သည်။

"မင်းတို့ နာမည်တွေကို အရင်ပြောစမ်း၊ ဒီဘက်ကစပြီးပြော" ယောကျ်ားလေးတွေကို အရင်ညွှန်ပြကာ ဆရာကြီးကဆို၏။

www.burmeseclassic.com

www.burmeseclassic.com



အစွန်ဆုံးမှာ ရပ်နေသော ကုလားအုတ်က စ၍ သူ့နာမည်ကို စပြောသည်။

“ကျွန်တော့်နာမည် ဇွဲပါ”

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် သူတို့နာမည်တွေကို အစဉ်လိုက် မိတ်ဆက်ကြ၏။

“ကျွန်တော်က မျိုးကိုပါ”

“ကျွန်တော်က လွမ်းနုဖွေးပါ”

‘လွမ်းနုဖွေး’ ဆိုတဲ့နာမည်ကြားတော့ ဆရာကြီးက မျက်မှောင်ကြုတ်သွားပြီး နားမရှင်း၍ ထပ်မေးသည်။

“ဘယ်လို ပြန်ပြောပါဦး”

မျောက်ကြီး နှုတ်ခမ်းလေးသပ်ကာ တုန်တုန်ယင်ယင်နှင့် ထပ်ဖြေသည်။

“လွမ်း လွမ်းနုဖွေးပါခင်ဗျာ”

ဆရာကြီးက မျက်ခုံးလေးပင့်ကာ မျောက်ကြီးကို တစ်ချက်စိုက်ကြည့်သည်။ ပြီးမှ နောက်တစ်ယောက်ကို ဆက်ပြောဖို့ အမူအရာ လုပ်ပြ၏။

“ကျွန်တော်က ချစ်ကိုဦးပါ”

“ကျွန်တော်က စိန် စိန်သောင်းပါ”

ယောက်ျားလေးတွေပြီးတော့ မိန်းကလေးတွေအလှည့် ရောက်လာ၏။ ဝတုတ်တုတ်နဲ့ ကောင်မလေးက စပြောသည်။

“သမီးက ခင်ဝေဦးပါ”

[redacted]



“သမီးက စန္ဒီခင်ပါ”

“သမီးက သန္တာစိုးပါ”

“သမီးက ဆောင်းဝတ်ရည်နှင်းပါ”

“သမီးက အေးမြတ်မွန်ပါ”

အားလုံးပြောပြီးသွားတော့ ဆရာကြီးက ခေါင်းတညိတ်ညိတ်လုပ်ကာ အားလုံးကို ဝေ့ကြည့်၍ . . .

“မင်းတို့က ဘယ်သူ့အတန်းကလဲ”

အားလုံးက ပြိုင်တူပင် . . .

“ဆရာမ ဒေါ်လှလှမြင့်ရဲ့ အတန်းကပါ”

“ဪ အားလုံး တစ်ခန်းထဲပဲပေါ့ ဟုတ်လား”

အားလုံးက ခေါင်းညိတ်ပြ၏။ ဆရာကြီးက စကားကို ဆက်သည်။

“မင်းတို့ ဒီနေ့ ဆိုင်မှာ ဘာဖြစ်တာလဲ”

ဆရာကြီး စကားဆုံးတော့ ကောင်မလေးတွေဘက်က အရင်ဦးအောင် ထပြောသည်။

“သူတို့ သမီးတို့ကို အရင်စလုပ်တာ ဆရာကြီး”

“မဟုတ်ဘူး ဆရာကြီး၊ ကျွန်တော်တို့ တမင်လုပ်တာ မဟုတ်ပါဘူး ဆရာကြီး”

“ဘာလို့မဟုတ်ရမှာလဲ၊ နင်တို့ ငါတို့ကို ကြွက်ကြောက်တတ်မှန်းသိလို့ တမင်လုပ်တာမဟုတ်လား”

“မဟုတ်ဘူး ဒီကောင် ကြွက်ကိုမြင်လို့ ထအော်တာ၊ နင်တို့ကို

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တမင်လုပ်တာမဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ၊ နင်တို့ အငြိုးနဲ့လုပ်တာ"

"ဖြန်း" (ကြိမ်လုံးရိုက်သံ)

"တော်ကြစမ်း"

တစ်ယောက်တစ်ပေါက် ပြောဆိုနေသံတွေ အားလုံးငြိမ်ကျသွား၏။ ဆရာကြီးက ကောင်မလေးတွေကိုကြည့်၍ . . .

"ကဲ မင်းတို့ အရင်စပြော"

အဲ့ဒီလိုကျတော့လည်း ဘယ်သူမှ မပြောတော့ဘဲ ဟိုလူပြောလိုက် ဒီလူပြောလိုက်နှင့် မျက်နှာအမူအရာတွေ လုပ်ပြကြသည်။

ဆရာကြီးက စိတ်မရှည်တော့ဘဲ . . .

"ကဲ ပြောပါဆိုတော့ မပြောဘူး၊ ခုနတုန်းကတော့ အတင်းလုပြောနေတယ်၊ ကဲ ဒီတစ်ယောက်ပြော၊ ဘာဖြစ်တာလဲ"

ဟုဆိုပြီး ကျောင်းသူတစ်ယောက်ကို လက်ညှိုးထိုးပြ၏။ ထိုကျောင်းသူမှာ ဆောင်းဝတ်ရည်နှင်းဟု သူကိုယ်သူ မိတ်ဆက်သောကျောင်းသူဖြစ်သည်။ ထိုကျောင်းသူက . . .

"ဒီလိုပါ ဆရာကြီး၊ သမီးတို့က ကိုယ့်ဘာသာကိုယ် မုန့်ဟင်းခါးစားနေတာပါ၊ အဲ့ဒါ သူတို့တွေ ရောက်လာပြီး သမီးတို့ကို နှောင့်ယှက်တာ"

"မဟုတ်ဘူး ဆရာကြီး၊ သူပြောတာ မဟုတ်"

"တိတ်စမ်း မင်းတို့ကို မေးသေးလား"

ချစ်ကိုဦးမှာ ပြောလက်စစကားကို တန်းလန်းကြီး ရပ်သွားကာ

[redacted]



ငြိမ်သွားသည်။ ဆရာကြီးက ကျောင်းသူဘက် ပြန်လှည့်၍ . . .

"ကဲ ဆက်ပြော၊ ဘယ်လိုနှောင့်ယှက်တာလဲ"

ထိုကျောင်းသူက . . .

"သူတို့က သမီးတို့ မုန့်ဟင်းခါး စားနေတာကို ကြွက် ကြွက်လို့ အလန့်တကြား ထအော်ပါတယ် ဆရာကြီး၊ အဲ့ဒါ သမီးတို့ကလည်း ကြွက်ကြောက်တော့ အားလုံး လန့်ပြီး ထခုန်လိုက်တာပါ"

ထိုကျောင်းသူရဲ့ စကားကို ဆရာကြီးက ခေါင်းတညိတ်ညိတ်လုပ်ကာ နားထောင်နေသည်။ ထိုကျောင်းသူ စကားဆုံးသွားတော့ ချစ်ကိုဦးတို့ဘက်ကို လှည့်ကာ . . .

"သူတို့ပြောတာ ဟုတ်လား"

အားလုံးက . . .

"ဟုတ်ပါတယ် ဆရာကြီး ဒါပေမယ့် . . ."

"ဒါပေမယ့်တွေ ဘာတွေ မပြောနဲ့၊ သူတို့ပြောတာ ဟုတ်လားဆိုတာပဲဖြေ"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒါဆို ဘယ်သူထအော်တာလဲ"

အားလုံးက စိန်သောင်းကို လှမ်းကြည့်လိုက်သည်။ စိန်သောင်းက ကိုယ့်တာဝန်ကိုယ်ယူရမည်ဆိုသော အသိနှင့် စိတ်ကို အတည်ငြိမ်ဆုံး ထားလိုက်ကာ ပုံမှန်လေသံနှင့် ဖြေလိုက်ပါသည်။

"ကျွန်တော် ထအော်တာပါ ဆရာကြီး၊ ဒါပေမယ့် သူတို့ပြောသလို တမင်တကာ လုပ်တာမဟုတ်ပါဘူး၊ ကြွက်က အမှန်တကယ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုနောက်က ထွက်လာပြီး ဟိုကျောင်းသူ ခြေမပေါ်က မုန့်ဟင်းခါးဖတ်ကို ပြေးဆွဲတာပါ။ အဲ့ဒါကို ကျွန်တော်ကမြင်တော့ အဲ့ဒီကျောင်းသူ ခြေမကို ကြွက်ကိုက်မိမှာစိုးလို့ စိုးရိမ်ပြီး ထအော်လိုက်မိတာပါ။ အဲ့ဒါကို သူတို့က တမင်လုပ်တယ်ထင်ပြီး စွပ်စွဲတာပါ"

စိန်သောင်းစကားဆုံးတော့ အားလုံး ငြိမ်သက်သွားသည်။ အပြောခံရသော ကျောင်းသူက သူ့ခြေမသူ ငုံ့ကြည့်သည်။ ထိုအခါ ဖိနပ်သဲကြိုးနှင့် ခြေမကြား ညှပ်နေသော မုန့်ဟင်းခါးဖတ်ကို သွားတွေ့သည်။ ကျန်တဲ့သူတွေကလည်း ထိုကျောင်းသူ ခြေမကို စိန်သောင်းစကားအရ လိုက်ကြည့်သောကြောင့် မုန့်ဟင်းခါးဖတ်ကို တွေ့သွားကြသည်။

လူတွေအားလုံးက သူမခြေမကို ဝိုင်းကြည့်နေကြ၍ ထိုကျောင်းသူက ရှက်သွားကာ ခြေမလေးကို ဖွက်လိုက်မိသည်။ အားလုံး ပြုံးစိစိ ဖြစ်သွားကြသည်။

ဆရာကြီးက အဖြစ်အပျက်တွေကို ဉာဏ်နဲ့ သုံးသပ်၍ မတော်တဆ တိုက်ဆိုင်မှုဟု ဆုံးဖြတ်လိုက်သည်။ သို့သော် သူ့ခေါင်းတည့်တည့်ကို မုန့်ဟင်းခါးပန်းကန် မှန်ထားသောကြောင့် စိတ်ထဲသိပ်မကျေနပ်သေး၍ . . .

"ဒီကိစ္စက မတော်တဆဖြစ်တာဆိုတော့ ထားပါတော့၊ ဟိုမုန့်ဟင်းခါးပန်းကန်က ဘယ်လိုဖြစ်ပြီး ငါ့ခေါင်းကို လာမှန်တာလဲ"

"ဒါလည်း မတော်တဆပါ ဆရာကြီး"

ထိုစကားကို စိန်သောင်းက ဝင်ဖြေလိုက်ခြင်းဖြစ်သည်။ ဆရာ

[redacted]



ကြီးက စိန်သောင်းကို လှည့်ကြည့်လိုက်တော့ စိန်သောင်းက . . .

"ဟုတ်ပါတယ် ဆရာကြီး၊ အဲ့ဒီမုန့်ဟင်းခါးပန်းကန်ကလည်း ခုနကကျောင်းသူရဲ့ လက်ထဲက မုန့်ဟင်းခါးပန်းကန်ပါ၊ သူက ကြွက်ကို ကြောက်ပြီး ထခုန်လိုက်တာ တော်တော်မြင့်ပါတယ်၊ အဲ့ဒါကြောင့် သူထခုန်လိုက်တဲ့ အရှိန်ကြောင့် လက်ထဲက ပန်းကန်က လွတ်ပြီး ဆရာကြီးကို မှန်သွားတာပါ၊ အဲဒါတွေ အားလုံး ကျွန်တော် မြင်ပါတယ်"

ဆရာကြီး ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ အားလုံးကလည်း တမင်သက်သက် ကြံဆောင်ပြီး လုပ်ဆောင်ခဲ့တာ မဟုတ်ကြ၍ အခက်တွေ့နေမိ၏။

နောက်ဆုံးတော့ အားလုံးကို နောက်ဒီလိုအဖြစ်မျိုး မဖြစ်ရန် ဆုံးမပြီး လွှတ်လိုက်ရပါတော့သည်။

ဆရာကြီးက . . .

"ဒီတစ်ခါတော့ ရှိစေတော့၊ နောက်ဆို ပြဿနာတစ်ခုကို ကြုံတွေ့လာရင် အကြောက်မလွန်ဖို့နဲ့ သတိပေးတဲ့လူကလည်း ကြောက်လန့်တကြား ထမအော်ဖို့ ပြောချင်တယ် ကြားလား"

အားလုံးက ခေါင်းညိတ်ပြလိုက်ကာ . . .

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ ကဲ သွားကြတော့"

အားလုံး ဆရာကြီးရှေ့က ထွက်လာခဲ့လိုက်ကြ၏။ ဆရာကြီး တစ်ယောက်သာ နဖူးလေး ပွတ်၍ ကျန်ရစ်ခဲ့ပါတော့သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီလိုကျတော့ ဘယ်ဆိုးလို့လဲ၊ သတ္တိရှိသားပဲ၊ ငါတို့က မင်း ကမောက်ကမတွေ လျှောက်ပြောမှာစိုးလို့ လန့်နေတာ၊ မင်းသာ ကြောက်ကြောက်လန့်လန့်နဲ့ ပေါက်ကရတွေ လျှောက်ပြောရင် နာပြီ လို့ တွေးနေတာ"

စိန်သောင်းက ချစ်ကိုဦးစကားကို ပြန်မပြောနိုင်သေးဘဲ ရှေ့က ထွက်သွားနှင့်သော ကျောင်းသူတွေကို လှမ်းကြည့်နေသည်။ သူ လှမ်း ကြည့်နေတာ အားလုံးကိုတော့ မဟုတ်ပါ၊ တစ်ယောက်တည်းကိုသာ ဖြစ်သည်။

ချစ်ကိုဦးက စိန်သောင်းကိုကြည့်၍ ခေါင်းတညိတ်ညိတ်နှင့်

"မင်း ကြွက်အန္တရာယ်က ကယ်လိုက်တဲ့ ကောင်မလေးရဲ့ နာ မည်ကို မှတ်မိလိုက်လား"

စိန်သောင်းက ရယ်ကျဲကျဲနှင့် . . .

"သူတို့နာမည်တွေ ပြောသံတော့ ကြားလိုက်တယ်၊ နာမည်တွေ က များတော့ သိပ်မမှတ်မိဘူး ဖြစ်နေတယ်"

ချစ်ကိုဦးက စိန်သောင်းကို ပြုံတီတီမျက်နှာပေးနဲ့ ကြည့်၍

"မင်းမသိချင်ဘူးလား"

ကျန်တဲ့သူတွေကပါ စိန်သောင်းကို ဝိုင်းကြည့်နေကြ၍ စိန် သောင်း ရှက်သွားကာ . . .

"ဟာ မသိချင်ပါဘူး ဘာလုပ်ရမှာလဲ"

အားလုံးက စိန်သောင်းကို ကြည့်၍ ရယ်လိုက်ကြသည်။

မျောက်ကြီးက ချစ်ကိုဦးကို လှမ်းကြည့်၍ ရယ်ဖြဲဖြဲနှင့် . . .

[redacted]



"ချစ်ကိုဦးရာ သူမသိချင်တာ သွားမပြောစမ်းပါနဲ့၊ စိတ်ချ စိန်သောင်း အဲ့ဒီကောင်မလေးနာမည်ကို ဆောင်းဝတ်ရည်နှင်းပါလို့ ငါတို့ မင်းကို တစ်သက်လုံး မပြောပြဘူး"

ဂိန်သောင်းက နာမည်ကို မသဲကွဲလိုက်၍ . . .

"ဆောင်းဝတ်ရည် . . . ဘာ"

"မင်းပဲ မသိချင်ဘူးဆို၊ ဘာလို့မေးလဲ"

စိန်သောင်း ရှက်ပြီး အားလုံးကို လိုက်ထိုးသည်။ အားလုံးက ရယ်ပြီး ထွက်ပြေးကြ၏။ စိန်သောင်းကမတော့ အနောက်ကနေပြီး ရှက်ထိုးကြီး လိုက်ထိုးလျက် . . .

♥♥♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)





ဘဝလမ်းလေးက အရှုံး တော့ပါ…

အရောင်သပ်ပါးပါးလေးနဲ့ ရေးခြယ်ခဲ့တဲ့ ပန်းချီကားလေး တစ်ချပ်ပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်းသည် မြူတွေဆိုင်းကာနေ၏။ နှင်းမှုန်တွေလည်း တဖွဲဖွဲ ကြွေကျနေ၍ ပတ်ဝန်းကျင်က အုံ့မှိုင်းမှုန်ရီကာနေသည်။ အေးမြသော လေတချို့က အရပ်လေးမျက်နှာမှ နှင်းမှုန်တွေကို သယ်ဆောင်ရင်း တိုက်ခတ်ကာနေ၏။ ဒီလိုချမ်းအေးတိတ်ဆိတ်လှသော မနက်ခင်းမျိုးတွင် မသွားမဖြစ် သွားနေရသူတွေမှလွဲ၍ မည်သူမျှ အပြင်ထွက်ချင်ကြမည်မဟုတ်ပေ။ ကိုယ့်အိပ်ရာလေးထဲမှာပဲ ကိုယ့်စောင်လေးနဲ့ ကွေး၍ နတ်သမီးအိပ်မက်ကို မက်ကာ နှပ်ချင်နေကြမည်မှာ အမှန်ပင်။

သို့သော် . . . ထိုမနက်ခင်း၏ အလှအပတရားနှင့် ချမ်းအေးမှုကို အရေးမထားနိုင်ဘဲ လှုပ်ရှားနေရသူတွေ ရှိသည်။ ထိုသူတွေက

[redacted]



တော့ ဝမ်းရေးအတွက် မနက်ခင်းမှာမှ စီးပွားရှာနေရသူတွေ၊ ရုံးဝန်ထမ်းများနှင့် ကျောင်းသားများပင် ဖြစ်သည်။

ချစ်ကိုဦးက ကောက်ညှင်းပေါင်းသည် အဒေါ်ကြီးအား ပိုထည့်ပေးရန် ပြောနေသည်။ ကောက်ညှင်းပေါင်းသည်ကြီးက ပတ်ဝန်းကျင်၏ အေးမြမှုသည် သူနှင့်ဘာမှမဆိုင်သည့်အလား နဖူးမှာ စို့နေသော ချွေးတွေကို ခေါင်းခုအဝတ်နှင့် သုတ်လိုက်ကာ အုန်းသီးနှင့် နှမ်းထောင်းကို ဖြူးလိုက်ရင်း . . .

"အမြဲပိုပေးနေကျပဲ၊ အပိုတွေ ပြောနေတယ်"

ချစ်ကိုဦးက အုန်းသီးဖတ် နည်းနည်းထပ်တောင်းသည်။ ထို့နောက် စိန်သောင်းဘက် ကောက်ညှင်းပေါင်းတစ်ထုပ် လှမ်းပေးလိုက်၏။ စိန်သောင်းက အငွေ့တထောင်းထောင်း ဟနေသော ကျွတ်ကျွတ်အိတ်လေးထဲက ကောက်ညှင်းပေါင်းကို အနည်းငယ် ဖဲ့ယူလိုက်ကာ နှမ်းထောင်း နည်းနည်းတို့၍ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်၏။

ပူနွေးမွှေးပျံ့နေသော ကောက်ညှင်းပေါင်းနှင့် နှမ်းထောင်းရနံ့တို့ ပေါင်းစုံကာ စိန်သောင်း၏ မနက်ခင်းသည် ပြည့်စုံသွားလေသည်။

"ညက ဆရာမ ပေးလိုက်တဲ့ အိမ်စာပြီးပြီလား"

ချစ်ကိုဦးရဲ့ အမေးကို စိန်သောင်းက ခေါင်းညိတ်ပြရင်း . . .

"ပြီးသွားပြီ မင်းရော . . ."

ချစ်ကိုဦးက ပါးစပ်က မဖြေဘဲ ခေါင်းညိတ်ပြသည်။ စိန်သောင်းက နှင်းမှုန်တွေကို ငေးကြည့်ရင်း စကားကိုစသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အညာမှာဆို နှင်းထုက ဒီ့ထက်ပိုတယ်၊ တစ်ခါတလေ ကိုယ့်ရှေ့တစ်လံလောက်က လူကိုတောင် မမြင်ရဘူး"

ချစ်ကိုဦးက ကောက်ညှင်းပေါင်း စားနေရင်းမှ . . .

"ဟုတ်လို့လားကွ၊ အညာဆိုတော့ ပိုပူတာမဟုတ်ဘူးလား၊ နှင်းက ဘယ်လိုလုပ်ကျမှာလဲ"

"နှင်းဆိုတာထက် မြူတွေဆိုင်းတာကွ၊ အညာဆောင်းကို မင်း မကြုံဖူးလို့ပါ၊ နေ့ဘက်ပူသလောက် ညဆို အရမ်းချမ်းတာ၊ မနက်ဆို အခုလိုပဲ မြူတွေ ဆိုင်းနေရော"

ချစ်ကိုဦးက ရယ်လိုက်ကာ . . .

"မင်းက အညာကိုလွမ်းနေပြီလား"

"လွမ်းတယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ၊ ကိုယ်မွေးက တည်းက နေလာတဲ့နေရာတွေဆိုတော့ တိုက်ဆိုင်မှုရှိတိုင်း သတိရမိ တာပါ"

"တမာတောက ကောင်မလေးကိုရော မလွမ်းဘူးလား"

ချစ်ကိုဦးရဲ့ စကားကို စိန်သောင်းက ခပ်သောသော တစ်ချက် ရယ်၍ . . .

"ငါ့မှာ အဲ့ဒါမျိုးတွေ စိတ်ကူးဖို့ အချိန်မရှိပါဘူးကွာ"

ဟု ပြန်ဖြေလိုက်သည်။ ချစ်ကိုဦးက စိန်သောင်းရဲ့ စကားကို ခေါင်းတညိတ်ညိတ်နှင့် ပြုံးစိစိ လုပ်ကာ နားထောင်နေ၏။

စိန်သောင်းက စကားလမ်းကြောင်း ပြောလိုက်ကာ . . .

"ဒါနဲ့ မင်းတို့ ကျူရှင်ယူတော့မယ်ဆို၊ ဘယ်မှာလဲ"

[redacted]



"မျိုးကိုတို့နားက ဝိုင်းမှာ သွားတက်မှာ၊ အခုမှ လူစုနေတုန်း ပါ၊ မင်းကိုတောင် ပြောမလို့ မေ့နေလို့"

"ဒါဆို ငါလည်း တက်မယ်ကွာ၊ ဘယ်တော့လောက် စမှာလဲ"

"ရှေ့တစ်ပတ်လောက်ဆို စမယ်၊ မင်းတက်မယ်ဆိုရင် ငါတို့ ဘက်က သွားတက်မယ့် အဖွဲ့စာရင်းထဲမှာ ထည့်ထားလိုက်မယ်လေ"

"အေး ထည့်ထားလိုက်ကွာ၊ ဒါနဲ့ လူတော်တော်များလား"

"ငါတို့ဘက်ကတော့ ထုံးစံအတိုင်း ဒီလူတွေပဲပေါ့၊ ကျန်တဲ့အဖွဲ့ တွေကတော့ ဘယ်သူတွေ ပါမလဲမသိဘူး၊ အဲ့ဒီဝိုင်းကလည်း ငါတို့ လို နှစ်ဝက်လောက်ရောက်မှ ကျူရှင်စတက်မယ့် ကျောင်းသားတွေ အတွက် သီးသန့်ဖွင့်တယ်ဆိုတော့ အခုမှ အသစ်စသလိုဖြစ်နေတာ၊ ဒါကြောင့် လူစုတုန်း"

"မျိုးကိုတို့နားက အိမ်မှာဆိုတော့ ဘယ်သူ့အိမ်လဲ"

"မင်း ငါတို့အတန်းရဲ့ မော်နီတာကို သိတယ်မလား၊ ရဲမင်း ထွန်းလေ"

စိန်သောင်းက ခေါင်းညိတ်ပြ၏။ ချစ်ကိုဦးက . . .

"အဲ့ဒီကောင်ရဲ့ အိမ်မှာဝိုင်းမှာ၊ သူက ကမကထလုပ်ပြီး လူစု နေတာ၊ လာသင်မှာကတော့ အပြင်က ဆရာ ဆရာမတွေပဲ တက္က သိုလ်က သူ့အဒေါ်သူငယ်ချင်း ဆရာမတွေလည်း ပါတယ်လို့ ပြော တယ်"

စိန်သောင်းက ဘာမှမပြောဘဲ ငြိမ်ပြီး နားထောင်နေသည်။ ချစ်ကိုဦးက တစ်ခုသတိရသွားဟန်နှင့် . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဪ မင်းကောင်မလေးနဲ့အဖွဲ့တောင် ပါမယ်လို့ သတင်းကြားတယ်"

စိန်သောင်းက မျက်မှောင်ကျုံ့၍ . . .

"ဘယ်က ငါ့ကောင်မလေးလဲ၊ ငါ့မှာ ကောင်မလေး မရှိပါဘူး"

"ဟဲ ဟဲ လုပ်မနေစမ်းပါနဲ့ကွာ၊ မင်းမှာ ကောင်မလေးရှိပါတယ်"

"မရှိပါဘူးကွာ၊ ငါ ဒီကျောင်းကို ရောက်တာတောင် သိပ်မကြာသေးတဲ့ဟာကို"

"ဒါပေမယ့် ရေစက်ရှိလို့ ခဏလေးအတွင်း ဆုံမိတယ်မှတ်ပေါ့ကွာ၊ မင်းရဲ့ ကြွက်အန္တရာယ် ကာကွယ်ပေးခဲ့တဲ့ ကောင်မလေးလေ၊ ဘာလဲ မေ့သွားပြီလား"

စိန်သောင်းက ချစ်ကိုဦးစကားကြောင့် ရှက်ကိုးရှက်ကန်းနဲ့ ထရယ်ပြီး . . .

"ဟာ မနောက်စမ်းပါနဲ့ကွာ၊ သူများတွေ ကြားရင် တစ်မျိုး ထင်ပါဦးမယ်"

"ဘာဖြစ်လဲကွာ၊ ဟိုသီချင်းလေးထဲကလိုပေါ့၊ ဘာတဲ့ နေပါစေ လူတွေသိလေ ပိုကောင်းလေ . . . ဟား ဟား ဟား"

ချစ်ကိုဦးက သူ့စကားသူ သဘောကျပြီး ထရယ်၏။ ချစ်ကိုဦး ရယ်သံကြားတော့ မျိုးကို၊ ကုလားအုတ်နှင့် မျောက်ကြီးတို့ ရောက်လာသည်။ ချစ်ကိုဦးနဲ့ စိန်သောင်းက ကျောင်းရှေ့ရောက်နေပြီဖြစ်သည်။ မျိုးကိုတို့ကလည်း ကျောင်းထဲ မဝင်သေးဘဲ သူတို့ကို စောင့်နေကြခြင်း

[redacted]



ဖြစ်၏။

ချစ်ကိုဦးက အကြောင်းစုံ ရှင်းပြတော့ အားလုံးက စိန်သောင်းကို ဝိုင်းနောက်ကြသည်။

"စိန်သောင်း မင်းရင်ခုန်ချင်လည်း ခုန်ချင်စရာပဲကွ၊ ဆောင်းဝတ်ရည်နှင်းက ငါတို့အတန်းမှာ အချောဆုံးပဲကွ သိလား"

"ဟုတ်တယ်ကွ ငါတို့နဲ့ အကြောမတည့်လို့သာ ကြည့်မရတာ၊ တကယ်တော့ ဆောင်းဝတ်ရည်နှင်းက ငါတို့အတန်းမှာတင် မဟုတ်ဘူး၊ တစ်ကျောင်းလုံးမှာ အချောဆုံးဆိုတဲ့ ကောင်မလေးတွေ စာရင်းမှာ ပါတယ်"

စသည်ဖြင့် ဝိုင်းနောက်ကြသည်။ စိန်သောင်းမှာ ဘာပြန်ပြောရမှန်းမသိဘဲ မျက်နှာကြီး ရဲကာနေ၏။ ဒီဇာတ်လမ်းကို အစလုပ်ပေးသည့် ချစ်ကိုဦးကိုလည်း မျက်စောင်းကြီး ထိုးကာ ကြည့်သည်။

အားလုံးက စိန်သောင်း အမူအရာကိုကြည့်၍ ဝိုင်းရယ်ကြကာ ကျောင်းဝင်းထဲသို့ လှမ်းဝင်သွားကြပါတော့သည်။

စိန်သောင်းတစ်ယောက်ကတော့ ရှက်စိတ်ကြောင့် အိုးတိုးအန်းတန်းဖြစ်ကာ တွန့်ဆုတ်တွန့်ဆုတ်နှင့် အနောက်ကနေ ပါလာလေတော့သည်။

♥♥♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**ဆယ်** တန်းဆိုတာ တခြားအတန်းတွေနှင့် မတူပေ။ အခြားအတန်းတွေနဲ့ မတူသလို တက္ကသိုလ်နဲ့လည်း ကွာခြား၏။ ဆိုလိုသည်မှာ တက္ကသိုလ်လောက် လွတ်လပ်ပေါ့ပါးစွာ ဖြတ်သန်းလို့ မရနိုင်သလို အခြား အငယ်တန်းကျောင်းသားတွေလိုလည်း ပုံမှန် ဖြတ်သန်း၍ မဖြစ်နိုင်ပေ။ ဆယ်တန်းသည် နတ်ကြီးသည်။ ဘဝ၏ အချိုးအကွေ့ တစ်စိတ်တစ်ဒေသလည်း ဖြစ်၏။ ထို့ကြောင့် အားလုံးထက် ပို၍ ကြိုးစားရသည်။

စိန်သောင်းကတော့ နေ့စဉ် စာကို ပုံမှန်လုပ်သည်။ သူက တခြားကျောင်းတစ်ခုကနေ နှစ်ဝက်မှ ပြောင်းလာရသူဖြစ်သောကြောင့် သူများတွေထက် ပို၍ အလုပ်ရှုပ်၏။ လွတ်သွားတဲ့ စာတွေကို





ပြန်ကူးရသည်။ ပြန်လည်ကျက်မှတ်ရသည်။ ချစ်ကိုဦးတို့ကလည်း သူလိုအပ်တဲ့ အကူအညီတွေကို တတ်နိုင်သလောက် ပေးပါသည်။ သို့သော် သူတို့ကလည်း မှတ်စုတော့ သိပ်စုံလင်လှတာမဟုတ်။ ထို့ကြောင့် သူတို့ဆီမှာ လိုအပ်တဲ့ မှတ်စုတွေကို တခြားသူတွေဆီက ငှားရမ်းပေး၏။

ဒီနေ့လည်း မျောက်ကြီးက စိန်သောင်းလိုသော မှတ်စုစာအုပ်ကို နွေးနွေးဆိုတဲ့ ကောင်မလေးတစ်ယောက်ဆီက ငှားလာပေး၏။

"ရော့ မင်းလိုချင်တဲ့ သမိုင်းစာအုပ်၊ မပျောက်တော့ မပျောက်စေနဲ့နော်၊ ပြီးရင် ငါ့ကို ပြန်ပေး"

စိန်သောင်းက မျောက်ကြီးပေးတဲ့စာအုပ်ကို လှမ်းယူလိုက်ကာ

"ဘယ်သူ့စာအုပ်လဲ"

"ငါ့ကို တစ်ဖက်သတ် စိတ်ဝင်စားနေတဲ့ ကောင်မလေးတွေထဲက တစ်ယောက်ဆိုပါတော့ကွာ၊ သူ့ဆီက ငှားလာတာပေါ့"

မျောက်ကြီးက ဒီလိုပဲ ပေါက်ကရတွေ ပြောနေကျဖြစ်၍ စိန်သောင်းအတွက် အထူးအဆန်း မဟုတ်တော့ပေ။ ထို့ကြောင့် ရယ်ရုံသာ ရယ်နေလိုက်ပြီး စာအုပ်ကို လွယ်အိတ်ထဲသို့ ထည့်လိုက်၏။

ထို့နောက် မျောက်ကြီးက . . .

"မင်း ငါတို့နဲ့ အတူတူ ကျူရှင်တက်မယ်ဆို"

"အေး တက်မယ်လေ"

"ဘယ်နေ့စမယ်ဆိုတာရော သိလား"

စိန်သောင်းက ခေါင်းခါပြလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"စမယ့်ရက်တော့ သေသေချာချာ မသိဘူး၊ မနေ့ကတော့ ရှေ့တစ်ပတ်ထဲ စမယ်လို့ ချစ်ကိုဦးက ပြောတယ်"

မျောက်ကြီးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ရှေ့တစ်ပတ် အင်္ဂါနေ့ စမယ်တဲ့၊ မင်းကို ချစ်ကိုဦး မပြောရသေးဘူးထင်တယ်"

"အဲဒါတောင် မပြောရသေးဘူး၊ မနေ့ကတော့ ရှေ့တစ်ပတ်ထဲမှာ စမယ်လို့ပဲ ပြောသွားတာ၊ အင်္ဂါနေ့ဆိုတော့ ဘယ်နှနာရီ စတက်ရမှာလဲ"

"နေ့လယ် ၂ နာရီလောက် စတက်ရမှာ၊ ငါတို့ကတော့ ကျောင်းလွှတ်တာနဲ့ အိမ်မပြန်တော့ဘဲ မျိုးကို အိမ်လိုက်သွားမယ်၊ ဟိုမှာ အဝတ်အစားလဲပြီး ကျူရှင်တန်းသွားမလို့ စီစဉ်ထားတယ်၊ မင်းကရော"

စိန်သောင်း တစ်ချက်စဉ်းစားလိုက်သည်။ သူတို့ကျောင်းလွှတ်ချိန်က နေ့လယ် ၁၂ နာရီ ဖြစ်၏။ ကျူရှင်က ၂ နာရီ စမှာဆိုတော့ အိမ်ပြန်ပြီး အဝတ်အစားလဲ၊ ထမင်းစားပြီး ပြန်ထွက်ရင် ကျူရှင်မမီမှာ စိုးရ၏။ ကျူရှင်ရှိသည့်နေရာကလည်း အိမ်နှင့် တော်တော်ဝေး၍ ဘတ်စ်ကားစီးသွားရင်တောင် တစ်နာရီလောက် စီးရမည်ဖြစ်၍ မျောက်ကြီးတို့နှင့်ပင် လိုက်သွားရန် ဆုံးဖြတ်လိုက်၏။

"ဒါဆို ငါလည်း မင်းတို့နဲ့ လိုက်ခဲ့မယ်လေ၊ မနက်ကတည်းက ထမင်းချိုင့်ထည့်လာလိုက်မယ်၊ ဒါပေမယ့် မျိုးကိုတို့အိမ်က ငါတို့ကို လက်ခံပါ့မလား"





စိန်သောင်း စကားကြားတော့ မျောက်ကြီးက ထရယ်လိုက်ကာ. . .

"ဘာလို့ လက်မခံရမှာလည်းကွာ၊ ငါတို့က ရှစ်တန်းနှစ်ရော၊ ကိုးတန်းနှစ်ရော မျိုးကိုတို့အိမ်မှာ ကျူရှင်တက်လာတာကွ၊ ဒီနှစ်တောင် မျိုးကိုတို့အိမ်မှာ ဝိုင်းမလို့ လုပ်ထားတာ၊ ရဲမင်းထွန်းက ဒီနှစ်တော့ သူ့အိမ်မှာ လုပ်မယ်လို့ ပြောလို့ လက်ခံလိုက်ရတာ၊ မင်းက ဒီနှစ်မှ ရောက်လာလို့ မသိတာပါ၊ မျိုးကိုတို့ မိဘတွေက အရမ်းသဘောကောင်းတာ"

စိန်သောင်းက မျောက်ကြီး စကားကြားတော့ အားတက်ကာသွား၏။

"ဒါဆိုလည်း လိုက်ခဲ့မယ်"

"အိုကေ ဒါဆို ငါတို့ တစ်အုပ်စုလုံး ကျောင်းကနေ မျိုးကိုအိမ်ကို ချီတက်ကြတာပေါ့ ဟုတ်လား"

မျောက်ကြီးက ပြောပြီး လက်ဝါးကို ထောင်ပြလိုက်၏။ စိန်သောင်းက မျောက်ကြီးလက်ဝါးကို သူ့လက်ဝါးနဲ့ ဖတ်ခနဲ ရိုက်လိုက်ကာ လက်မထောင်ပြလိုက်၏။

ထို့နောက် စိန်သောင်းက ထရပ်လိုက်သည်။

"ကဲ ငါ ရေသွားထည့်တဲ့ကောင်တွေနောက် လိုက်သွားလိုက်ဦးမယ်၊ မင်းရော"

"ငါက ခွေးခွေးဝယ်ခိုင်းထားတဲ့ ဇီးထုပ်သွားဝယ်ပေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ ဒါပဲ"

ဟုဆိုကာ စိန်သောင်း ထွက်ကာသွားသည်။ မျောက်ကြီးက စိန်သောင်းကို လှမ်းကြည့်၍ . . .

'မင်း စာအုပ်ကို စာကူးလို့ပြီးရင် မနက်ဖြန် ငါ့ကိုပဲ လာပေးနော်၊ ဘယ်သူမှ သွားမပေးနဲ့"

စိန်သောင်းက မျောက်ကြီးကို ပြုံးစိစိနှင့် ကြည့်ကာ . . .

"စိတ်ချပါ၊ ငါ ဒီည အပြီးကူးပြီးရင် မနက်ဖြန် မင်းကိုပဲ လာပေးမှာပါ"

မျောက်ကြီးက ခေါင်းတညိတ်ညိတ်လုပ်ပြကာ ဇီးထုပ်ဝယ်ဖို့ မုန့်ဈေးတန်းဘက် ထွက်သွား၏။ စိန်သောင်းက ချစ်ကိုဦးတို့ရှိရာ ရေဘုံပိုင်သို့ ထွက်လာခဲ့လိုက်သည်။

ရေဘုံပိုင်ရောက်တော့ ရေအိုးတွေသာ တွေ့ရပြီး ဟိုကောင်တွေကို တစ်ယောက်မှ မတွေ့ရပေ။ ရေဘုံပိုင်နားမှာ ကျောင်းသူလေးငါးယောက်လောက် မတ်တပ်ရပ်နေတာကို စိန်သောင်း လှမ်းတွေ့သည်။ သေချာကြည့်လိုက်တော့မှ ဆောင်းဝတ်ရည်နှင်းတို့အဖွဲ့ ဆိုတာကို သိသွား၏။ စိန်သောင်းက သူ့ကို တွေ့သွားလျှင် ပြဿနာတစ်စုံတစ်ရာဖြစ်မည်စိုး၍ ရေဘုံပိုင်နှင့် ခပ်ဝေးဝေးက ပတ်ကာ ထွက်ဖို့လုပ်သည်။

သို့သော် ထိုအဖွဲ့ထဲက ကျောင်းသူတစ်ယောက်က လှမ်းတွေ့သွား၍ စိန်သောင်းကို လှမ်းခေါ်လိုက်၏။

"ဟဲ့ ဒီမှာ ဒီမှာ"

[redacted]



ရုတ်တရက် ခေါ်သံကြားတော့ စိန်သောင်းရဲ့ ခြေလှမ်းတွေ တုံ့ကနဲ ရပ်သွားကာ လှည့်ကြည့်လိုက်၏။ သူ့စိတ်ထဲမှာ ဟိုတစ်ခါဖြစ်တဲ့ကိစ္စကို မကျေနပ်၍ ပြဿနာရှာမည်ထင်ပြီး စိုးရိမ်သွားကာ ပါးစပ်ကလည်း လွတ်ခနဲ ထွက်ကာသွားသည်။

"တောင်းပန်ပါတယ်"

သူ့စကားကြောင့် ကောင်မလေးတွေက စိန်သောင်းကို ကြောင်တောင်တောင်နဲ့ ကြည့်သည်။ ပြီးနောက် ဆောင်းဝတ်ရည်နှင်းက စိန်သောင်းကို ကြည့်၍ . . .

"ဘာတွေ တောင်းပန်နေတာလဲ၊ ငါတို့က ဘာပြောသေးလို့လဲ"

စိန်သောင်းက အူကြောင်ကြောင်နှင့် . . .

"ဟို ဟိုတစ်ခါဖြစ်တဲ့ ကိစ္စကို ပြောတာပါ၊ အဲ့ဒါ တောင်းပန်တာပါ"

ကောင်မလေးတွေက စိန်သောင်းစကားကြားတော့ ရယ်လိုက်ကြသည်။ ထို့နောက် ကောင်မလေးတစ်ယောက်က . . .

"အဲ့ဒီကိစ္စကိုပြောမလို့ ခေါ်တာမဟုတ်ဘူး၊ နင်တို့ ရေလာခပ်တဲ့လူတွေ ဘယ်ရောက်သွားလဲ၊ အခု ဒီမှာ ရေအိုးတွေ ထားပြီး လူတွေ တစ်ယောက်မှ မတွေ့လို့မေးတာ"

စိန်သောင်းက ရေအိုးတွေကို လှမ်းကြည့်၍ . . .

"ငါလည်း အခုမှ အခန်းထဲက ထွက်လာတာ၊ သူတို့တွေ ဘယ်ရောက်သွားလဲ ငါမသိဘူး၊ ငါလည်း အခုလိုက်ရှာမလို့"

"အခုမှတော့ လိုက်ရှာမနေနဲ့၊ ငါတို့ကို ဒီရေအိုးတွေ ဖယ်ပေး၊

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ဘုရားပန်းတွေ ရေဆေးမလို့"

ထိုတော့မှ စိန်သောင်းက ရေဘုံပိုင်နောက်က စင်ပေါ်တင်ထားသော ဘုရားပန်းတွေကို သတိထားမိသွားသည်။ ရေအိုးတွေကလည်း ရေပိုက်ခေါင်းအောက်မှာချထား၍ ဘုရားပန်းဆေးလျှင် ထိုဆေးတဲ့ အရည်တွေ ရေအိုးထဲ ပြန်ဝင်မည်ဖြစ်၏။ ထို့ကြောင့် ကောင်မလေးတွေက ရေအိုးကို ဖယ်ခိုင်းခြင်းဖြစ်သည်။

စိန်သောင်းက ရေအိုးတွေဆီ လှမ်းသွားလိုက်ကာ ရေအိုးတစ်လုံးကို ကောက်မလိုက်သည်။ ရေအိုးက ရေအပြည့်ဖြစ်သောကြောင့် မနိုင်၍ ပြန်ချလိုက်၏။

"ဒါလေးတောင် မနိုင်ဘူးလား"

စိန်သောင်းက သူ့ကို လှမ်းပြောသော ကောင်မလေးကို လှည့်ကြည့်လိုက်၏။ ဆောင်းဝတ်ရည်နှင်း ဖြစ်နေတာ တွေ့ရသည်။

စိန်သောင်းက . . .

"ရေအိုးကို ပိုက်ပြီး သယ်သွားရင်တော့ ရကာပေါ့၊ ဒါပေမယ့် ငါ့အင်္ကျီကို ရေတွေ စိုကုန်မှာပေါ့"

"အဲ့ဒီတော့ ဘယ်လိုလုပ်မလဲ"

"တစ်ယောက်ယောက် ကူပြီး ဆွဲပေးပါလား၊ အတန်းထဲကို တစ်ခါတည်း သွားပို့လိုက်မယ်လေ၊ ဟိုဘက်ကို ရွှေ့ထားလည်း သောက်ရေအိုးကို မြေကြီးပေါ် ချထားလို့ မကောင်းပါဘူး"

ဆောင်းဝတ်ရည်နှင်းက သူမ သူငယ်ချင်းတွေကို လှည့်ကြည့်သည်။ အားလုံးက သူမကို မချိုမချဉ်ကြည့်၍ . . .





"ကဲ နင့်ကိစ္စ နင်ပဲ တာဝန်ယူလိုက်တော့၊ ငါတို့ကတော့ ဘုရားပန်းတင်တာ နောက်ကျမှာစိုးလို့ လုပ်ငန်းလိုက်ဦးမယ်"

ဟု ဆိုကာ ဘုရားပန်း ရေဆေးသူဆေး၊ ဘုရားပန်းအိုးတွေဆေးသူဆေးနှင့် အလုပ်ရှုပ်ကုန်ကြ၏။ သူမ တစ်ယောက်သာ အူကြောင်ကြောင်နှင့် ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်သွား၏။

ထိုအချိန်မှာ စိန်သောင်းက ရေအိုးကို လက်တစ်ဖက်နှင့် လှမ်းကိုင်လိုက်၍ သူမလည်း မနေသာတော့ဘဲ ကျန်တစ်ဖက်ကို လှမ်းကိုင်လိုက်ရတော့သည်။

"မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတာ ဒါပေါ့ကွ"

ဟု ဖြတ်သွားသော ကျောင်းသားတစ်စုက မကြားတကြားနောက်သွားကြသည်။ စိန်သောင်းမျက်နှာက ရှက်စိတ်ကြောင့် ရဲခနဲဖြစ်ကာသွားသည်။ ဆောင်းဝတ်ရည်နှင်းကတော့ ခေါင်းကြီးငုံ့ကာထားသည်။ ထို့နောက် အခန်းဘက်သို့ ရှက်ရှက်နဲ့ပဲ ရေအိုးကြီး ဆွဲကာထွက်သွားပါတော့သည်။

စိန်သောင်းတို့ အဖြစ်အပျက်တွေကို တစ်နေရာမှ ချောင်းကြည့်နေသူ တစ်စုရှိသည်။ ချစ်ကိုဦးတို့ပင်ဖြစ်၏။ သူတို့က စိန်သောင်းနှင့် ကောင်မလေးတွေ စကားပြောကတည်းက ရောက်နှင့်နေကြပြီဖြစ်သည်။ စိန်သောင်းနှင့်ကောင်မလေးတွေ တွေ့ပြီး ဘာတွေဆက်ဖြစ်မလဲဆိုတာ သိချင်၍ အကွယ်တစ်ခုကနေ ချောင်းကြည့်နေကြခြင်းဖြစ်သည်။ သူတို့ကြည့်နေစဉ်မှာပင် စိန်သောင်းက ဆောင်းဝတ်ရည်နှင်းကို ရေအိုးတစ်ဖက်ဆွဲခိုင်းကာ ထွက်သွားတော့ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အုံ့သြ၍ ကျန်ခဲ့ရပါတော့သည်။

"ဒီအညာသားနဲ့ စွာတေးတွေက ဘယ်လိုပြေလည်သွားလဲ မသိဘူးကွ၊ သိလား"

ဟု မျောက်ကြီးက ဆို၏။

"ငါတို့လည်း မင်းနဲ့အတူတူ ကြည့်နေတာပဲ၊ ဘယ်လိုလုပ် သိမှာလဲ"

ဟု အားလုံးက ပြန်ပြောလိုက်ပါတော့သည်။

♥♥♥

[redacted]

BURMESE CLASSIC .com



ပထမ ရေအိုးတစ်လုံးကို အခန်းထဲ ပို့ပြီးနောက် ဒုတိယ ရေအိုးကို သယ်လာစဉ်အချိန်အထိ စိန်သောင်းရဲ့ ရင်ခုန်သံက မငြိမ်သက်နိုင်သေးပေ။ စိန်သောင်းက ရေအိုးသယ်ရင်းနှင့် ဆောင်းဝတ်ရည်နှင်းကို အလစ်မှာ ခိုးခိုးကြည့်သည်။ အခုလို သေချာကြည့်မိမှ ဆောင်းဝတ်ရည်နှင်းက ဟိုကောင်တွေ ပြောသလို တော်တော်ချောမှန်း စိန်သောင်း ရင်ထဲမှာ မှတ်ချက်ချမိ၏။ ဆောင်းဝတ်ရည်နှင်းကတော့ စိန်သောင်း ခိုးကြည့်နေတာကို သတိထားမိပုံ မရပေ။ သူ့ခမျာ ဒီရေအိုး ကူသယ်ပေးနေရသည့် တာဝန်ကို အမြန်ပြီးချင်နေပုံရသည်။ လူတွေကလည်း ကွက်ကြည့် ကွက်ကြည့် လုပ်နေကြသောကြောင့် တော်တော်လည်း ရှက်နေပုံရ၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အတန်းသူ အတန်းသားတွေကလည်း သူတို့နှစ်ယောက် ရေအိုးသယ်လာတာကို တအံ့တသြ ဝိုင်းကြည့်နေကြတာ အမှန်ပင်။ ယခင်က မတွေ့လိုက်နဲ့ တွေ့လိုက်ရင် တစ်ခုမဟုတ်တစ်ခု ပြဿနာ တက်တတ်သော အဖွဲ့နှစ်ဖွဲ့က အခုလို အလုပ်တစ်ခုကို တစ်ပေါင်းတစ်စည်းထဲ လုပ်လာကြတယ်ဆိုတော့ အံ့သြသွားကြတာဖြစ်၏။ စိန်သောင်းကလည်း နောက်မှရောက်လာတယ်ဆိုပေမယ့် အခုဆို ချစ်ကိုဦးတို့နဲ့ တစ်ဖွဲ့တည်းဖြစ်နေ၍ ဆောင်းဝတ်ရည်နှင်းနှင့် အတူတကွ တွေ့လိုက်ရသောအခါ ပိုပြီး အံ့သြသွားကြခြင်းဖြစ်၏။

ရေအိုးကို ခုံပေါ်တင်ပြီးနောက် ဆောင်းဝတ်ရည်နှင်းက စိန်သောင်းကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ထိုအချိန်တွင် စိန်သောင်းက ခိုးကြည့်လိုက်သောအချိန်နှင့် သွားတိုး၍ စိန်သောင်း ရင်ထဲ ထိတ်ကနဲ ဖြစ်ကာသွားပြီး ကယောင်ချောက်ချားနှင့် . . .

"ဟာ ဆောရီး ဆောရီး နောက်မလုပ်တော့ပါဘူး"

ကောင်မလေးက စိန်သောင်းကို ကြည့်၍ . . .

"လာပြန်ပြီ ဒီတစ်ခါ၊ ငါက ဘာပြောလို့လဲ"

စိန်သောင်းက သူ့စကားမှားသွားမှန်းသိ၍ အိုးတိုးအန်းတန်း ဖြစ်သွားကာ . . .

"အဲ ဟိုဒင်း ဘာမှမဟုတ်ပါဘူး"

ဆိုပြီး အခန်းပြင်သို့ သုတ်သုတ် သုတ်သုတ်နှင့် ထွက်သွားလေသည်။ အခန်းပြင်ရောက်တော့ ဘုရားပန်းအိုးတွေ ကိုင်ပြီး ဝင်လာသော ကောင်မလေးတွေနှင့် သွားတိုး၏။ ရပ်ကွက်မီးလန့်သလို ပျာ

[redacted]



ယီးပျာယာနှင့် ပြေးထွက်လာသော စိန်သောင်းကို ကြည့်၍ ကောင်မလေးတွေ ကြောင်တောင်တောင် ဖြစ်သွားကြ၏။ စိန်သောင်းက မလုံမလဲနှင့် တစ်ချက်ရယ်ပြပြီး မုန့်ဈေးတန်းဘက်သို့ ထွက်သွားပါတော့သည်။

ချစ်ကိုဦးတို့က မုန့်ဈေးတန်းဘက် ထွက်သွားသော စိန်သောင်း နောက်ကို နောက်ယောက်ခံလိုက်လာကြသည်။ လူရှင်းသည့် တစ်နေရာရောက်မှ စိန်သောင်းကို ဖမ်းဆွဲလိုက်ကာ . . .

"အမယ် အမယ် မင်းက ငါတို့ကိုတောင် မမြင်နိုင်ရအောင် ဘာတွေများ အလုပ်ရှုပ်နေတာလဲ ပြောစမ်းပါဦး"

စိန်သောင်းက ချစ်ကိုဦးတို့ကို ရုတ်တရက် တွေ့လိုက်တော့

"ဟာ မင်း မင်းတို့က ဘယ်တွေ လျှောက်သွားနေကြတာလဲ၊ ဒီမှာ ငါတစ်ယောက်တည်း ဒုက္ခရောက်နေတယ်"

အားလုံးက မချိုမချဉ် မျက်နှာထားတွေနှင့် စိန်သောင်းကို ကြည့်ကာ . . .

"စကားကို ပြန်ပြင်ပြောလိုက်စမ်း၊ ဒုက္ခတွေ ရောက်နေတယ်ဟုတ်လား၊ ကြည့်စမ်းပါဦး ဒါ ဒုက္ခရောက်နေတဲ့ ရုပ်ကြီးလားလို့"

အားလုံးရဲ့ အမူအရာနှင့် စကားတွေကြောင့် စိန်သောင်း ရှက်သွားကာ မျက်နှာကြီး နီမြန်းသွားသည်။ ထို့နောက် ရှက်ကန်ကန်၍ အားလုံးကို မျက်ထောက်နီကြီးနှင့် ကြည့်ကာ . . .

"မင်း မင်းတို့ ဘာတွေ လာပြောနေတာလဲ၊ ငါ ငါက အကောင်းပြောနေတာ၊ လာမနောက်နဲ့"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က မင်းကို မနောက်ပါဘူး၊ အတည်ပြောတာပါ၊ ငါတို့ကို မတွေ့လို့ မင်းဒုက္ခရောက်သွားတယ်ဆိုလို့ပါ၊ မင်းပုံစံကြည့်ရတာ ဒုက္ခရောက်နေတဲ့ပုံမျိုးလည်း မပေါက်ပါဘူး"

စိန်သောင်းစိတ်ထဲမှာ အားလုံးက သူ့ကို ဝိုင်းခနဲ့နေပြီဆိုတာ သိလိုက်၏။ သူ့အကြောင်းကိုလည်း ဒီကောင်တွေ သိနေလောက်ပြီ ဆိုတာကိုလည်း သဘောပေါက်လိုက်၍ ရှက်ရယ်ကြီး ရယ်ချလိုက်လေသည်။ အားလုံးက ပြုံး၍ စိန်သောင်းကို ကြည့်ကာ . . .

"မင်းက ငါတို့ကိုများ လိမ်ချင်သေးတယ် ဟုတ်လား၊ ငါတို့ မင်းနောက်က လိုက်ချောင်းပြီးပြီ၊ မင်းဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ ငါတို့ အကုန်သိတယ်၊ ကဲ ပြောစမ်း၊ ကောင်မလေးနဲ့ ဘာတွေပြောခဲ့လဲ"

"ဟာ ဘာတွေပြောရမှာလဲ၊ သူက ငါ့ကို ရေအိုးကူသယ်ပေးတာ"

ချစ်ကိုဦးက စိန်သောင်း ရင်ဘတ်လေးကို လက်နဲ့စမ်းလိုက်ကာ. . .

"ရင်ခုန်သံတောင် အခုထိ မငြိမ်သေးဘူးနော်၊ ရေအိုးသယ်လိုက်ရတာ တော်တော်ရင်မောသွားတယ်ထင်တယ်"

စိန်သောင်းက ချစ်ကိုဦးလက်ကို ပုတ်ချလိုက်သည်။ ချစ်ကိုဦးက လက်ကို အလျှင်အမြန် ရုတ်လိုက်၍ . . .

"ငါတို့ကို မလိမ်ပါနဲ့ စိန်သောင်းရာ၊ မင်းရင်ခုန်နေတယ်ဆိုတာ ငါတို့သိပါတယ်"

[redacted]

BURMESE CLASSIC .com



စိန်သောင်းက ဘာမှမပြောဘဲ ခေါင်းကြီးငုံ့ကာ ငြိမ်နေမိသည်။ ထိုအခါ မျောက်ကြီးကသူတို့နားသို့ ရောက်လာသည်။ သူက နွေးနွေးအတွက် ဖီးထုပ်ဝယ်ပေးရင်း အတန်းထဲမှာ ရှိနေ၍ စိန်သောင်းနဲ့ ဆောင်းဝတ်ရည်နှင်း ရေအိုးသယ်လာတာကို တွေ့လိုက်သည်။ ထို့ကြောင့် စိန်သောင်းထွက်သွားပြီးနောက် အနောက်မှ လိုက်လာခြင်းဖြစ်၏။

မျောက်ကြီးက ရောက်ရောက်ချင်းပင် စိန်သောင်းကို ပခုံးပုတ်၍ . . .

"စိန်သောင်းတို့ကတော့ စွံတယ်ကွာ၊ ကျောင်းရောက်တာမှ မကြာသေးဘူး ဇာတ်လမ်းတွေ စနေပြီ"

ဟု နောက်၏။ အားလုံးကလည်း . . .

"ဟုတ်တယ် ဟုတ်တယ် ဒီကောင့်ဆီက နည်းလေးဘာလေး တောင်းဦးမှ"

ဟု ပင့်ပေးကြသည်။ ရှက်လည်းရှက် ပျော်လည်းပျော်နှင့် ရှက်ပျော်ကြီးပျော်ကာ ထွက်သွားလေတော့သည်။

အားလုံးကလည်း စိန်သောင်းနောက်ကို မထိတထိစကာ လိုက်သွားကြတော့သည်။

♥♥♥

[redacted]

www.burmeseclassic.com



ယော်ရွယ်သူ အိပ်မက်ပါ ...

ပထမဆုံး ပွင့်တဲ့ပန်းမို့ ငွားငွားစွင့်လျက် ...

[redacted]



ည်း
ာ့်ုက်

**နောက်** ပိုင်းကာလတွေမှာ ယခင်ကလို ကွာ၊ တစ်
လပ်ချိန်တွေ သိပ်မရှိတော့ပေ။ ကျောင်းကတစ်ဖက် ည်။
တစ်ဖက်နှင့် အလုပ်ရှုပ်ကုန်ကြသည်။ တစ်ခါတစ်ရံ ဒ သည်။ ထိုအ
ကျူရှင်ဆရာက အချိန်ပို ထပ်ခေါ်လျှင် ညမိုးချုပ်မှ အိ ရည်နှင်းတို့ကို
ကြ၏။ အိမ်ပြန်ရောက်တော့လည်း တစ်နေ့သင်လိုက် ပည်း မြင်ရော
ပြန်လည် ကျက်မှတ်ရသေးသည်။ ထို့ကြောင့် အား ည့်လိုက်ကြ၏။
သိပ်မရှိရ။ စိန်သောင်းက

ဒီနေ့လည်း ကျူရှင်ချိန်က နောက်ကျမှ ပြီးသည်။ သဘောပေါက်
ဆရာက မနက်ဖြန် ကိစ္စရှိ၍ မလာနိုင်သောကြောင့် |
တော့ ည ၇ နာရီတောင် ထိုးနေပြီဖြစ်သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်ပြီးတော့ မျောက်ကြီးကစ၍ ဗိုက်ကလေးကို ပွတ်ကာ. . .

"ဗိုက်ဆာလိုက်ကွာ၊ တစ်နေ့လုံး ဘာမှမစားရသေးဘူး၊ မင်းတို့ရော မဆာကြဘူးလား"

အားလုံးက ဘာမှမပြောဘဲ ငြိမ်နေကြ၏။ အားလုံးလည်း ဆာနေကြပြီဖြစ်သည်။ ထို့ကြောင့် မျောက်ကြီးက ဦးဆောင်၍ အားလုံးကိုကြည့်ကာ . . .

"လမ်းထိပ်က ကိုချစ်ထွန်းဆိုင်ကို သွားရအောင်ကွာ၊ ဒီအချိန် မုဆာပူပူလေး စားလိုက်ရရင် ရှယ်ပဲ"

အားလုံး ငြိမ်သက်နေကြဆဲ။ သို့သော် စိတ်ကူးတွေထဲမှာတော့
ဒ်းမဲမဲထဲက ဆယ်ထည့်ထားသော စမူဆာကြော်တွေကို မြင်
နမိကြ၏။ ခဏကြာတော့ ချစ်ကိုဦးက သက်ပြင်းချလိုက်

မှာ ပိုက်ဆံမကျန်တော့ဘူးဆိုတာ မင်းလည်း သိတာပဲ၊
ငင်းကြေးထည့်လိုက်လို့ ကုန်ပြီလေ၊ ကားခပဲ ကျန်တော့

ကြီးက သူ့အိတ်ထဲက ပိုက်ဆံကို ထုတ်လိုက်သည်။ ငါး
က်နှင့် နှစ်ရာတန် အနွမ်းလေးတစ်ရွက် ထွက်ကာလာ

လည်း ဒါပဲကျန်တော့တယ်ကွ၊ နှစ်ရာက ဘတ်စ်ကားခ
၊ ကျန်တဲ့ငါးရာနဲ့တော့ လောက်မှာမဟုတ်ဘူး"

[redacted]



"ဒါဆိုလည်း စိတ်လျှော့လိုက်ပါကွာ၊ အိမ်ရောက်မှပဲ ထမင်းစားကြတာပေါ့"

ဟု ကုလားအုတ်က ဝင်ပြောလိုက်၏။ မျောက်ကြီးက မျိုးကိုကို ကြည့်၍ . . .

"မျိုးကို မင်းအိမ်ပြန်ပြီး ပိုက်ဆံ ပြန်ယူပါလားကွာ၊ ငါတို့ မနက်ဖြန် ပြန်ပေးပါ့မယ်"

မျိုးကိုက . . .

"ငါ့အိမ်မှာ ဒီနေ့ ဘယ်သူမှ မရှိကြဘူးကွ၊ မြို့ထဲ သွားကြတယ်၊ ငါတောင် အခု အိမ်ပြန်လို့ မရသေးဘူး"

အားလုံး စိတ်ညစ်သွားကြ၏။ ဗိုက်ကလည်း ပိုက်ဆံမရှိပါဘူးဆိုမှ ပိုဆာကာလာသည်။ ချစ်ကိုဦးက တံတွေးတစ်ချက် မြိုချလိုက်ကာ . . .

"ငါတော့ အိမ်ရောက်တဲ့အထိ မစောင့်နိုင်တော့ဘူးကွာ၊ တစ်ယောက်ယောက်ဆီက ချေးပြီး သွားစားမယ်၊ ဘယ်လိုလဲ"

ချစ်ကိုဦးရဲ့ အကြံကို အားလုံးက ထောက်ခံလိုက်သည်။ ထိုအချိန်မှာ ကျူရှင်အိမ်ထဲက ထွက်လာသော ဆောင်းဝတ်ရည်နှင်းတို့ကို တွေ့လိုက်ရ၏။ အားလုံးက ကောင်မလေးတွေကိုလည်း မြင်ရော တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပါယ်ပါပါ ကြည့်လိုက်ကြ၏။ ထို့နောက် စိန်သောင်းကို ဝိုင်းကြည့်လိုက်ကြသည်။ စိန်သောင်းက သူ့ကို ဘယ်လိုသဘောနဲ့ ဝိုင်းကြည့်တယ်ဆိုတာကို သဘောပေါက်လိုက်၍ ခေါင်းခါပြလိုက်ကာ . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



“ဟာ ငါ့ကိုတော့ အဲ့ဒါမလုပ်ခိုင်းနဲ့နော်၊ ငါမလုပ်ရဲဘူး”

အားလုံးက အားကိုးတကြီးမျက်နှာလေးတွေနှင့် စိန်သောင်းကို ကြည့်၍ . . .

“လုပ်ပါ စိန်သောင်းရာ၊ ငါတို့အားလုံး ဗိုက်ဆာနေကြတာ မင်းအသိပဲ၊ မင်းနဲ့က အဆင်ပြေတော့ မင်းကိုဆို သူတို့ချေးမှာပါ၊ ငါတို့သွားချေးရင် ချေးမှာမဟုတ်ဘူးကွ”

“ဟာ ကျန်တဲ့လူတွေဆီက ချေးကြည့်ပေါ့ကွ၊ ဒီကျူရှင်မှာ သူတို့ တစ်ဖွဲ့တည်းရှိတာမှ မဟုတ်တာ”

“ကျန်တဲ့သူတွေ ဘယ်သူတွေ ကျန်တော့လို့လဲ၊ အားလုံး ပြန်သွားကြပြီလေ၊ သူတို့တောင် အိမ်စာကူးနေလို့ နောက်ကျနေတာ”

“ဒါဆို ရဲမင်းထွန်းဆီက သွားချေးကွာ”

စိန်သောင်းက ထွက်ပေါက်လေး ရလိုရငြား ပြောကြည့်သေးသည်။ သို့သော် မအောင်မြင်ပေ။

“ရဲမင်းထွန်းလည်း ရှေ့ကထွက်သွားတဲ့ ကောင်တွေနဲ့ ပါသွားပြီ၊ မရှိတော့ဘူး”

စိန်သောင်း အကျပ်ရိုက်သွား၏။ အားလုံးနဲ့ တစ်ယောက်ဖြစ်နေ၍ ဘာပြန်ပြောလို့ ပြောရမှန်းမသိ ဖြစ်သွားရသည်။ ထိုအချိန်တွင် ကောင်မလေးတွေက သူတို့နားသို့ ရောက်လာ၍ အားလုံးက စိန်သောင်းကို တွန်းလွှတ်လိုက်ကြသည်။ စိန်သောင်းမှာ ယက်ကန်ယက်ကန်နှင့် ကောင်မလေးတွေရှေ့သို့ ရောက်သွားလေသည်။

ကောင်မလေးတွေက စိန်သောင်း သူတို့ရှေ့ကို ရုတ်တရက်

[redacted]



ရောက်လာတော့ ကြောင်စီစီနဲ့ ကြည့်နေမိသည်။ အေးမြတ်မွန်က ကြည့်နေရင်းမှ စိန်သောင်းကို . . .

“ဘယ်လိုဖြစ်လာတာလဲ၊ အလန့်တကြားနဲ့”

စိန်သောင်းကလည်း ရုတ်တရက်ဆိုတော့ ဘယ်ကဘယ်လို စပြောရမှန်းမသိဘဲ ဖြစ်နေ၏။ ဆောင်းဝတ်ရည်နှင်းက စိန်သောင်း အူကြောင်ကြောင် ဖြစ်နေတဲ့ပုံကို ကြည့်၍ . . .

“နင် ဘာပြောမလို့လဲ၊ ငါတို့ကို တစ်ခုခုပြောစရာရှိတယ်ထင်တယ်”

စိန်သောင်းက ခေါင်းညိတ်ပြလိုက်ကာ ရင်ထဲမှာ တစ်ချက် အားတက်ကာသွား၏။ သို့သော် ရှက်လည်းရှက် အားလည်းနာနေသေး၍ စကားကို ချက်ချင်းမစနိုင်သေး။ ခဏနေတော့မှ အားတုံ့အားနာ အမူအရာနှင့် ဆောင်းဝတ်ရည်နှင်းကို ကြည့်၍ . . .

“ငါ ငါ ဟိုဟာ . . . ပိုက် . . . ပိုက်ဆံ နည်းနည်းချေးချင်လို့ပါ”

အားလုံးက ကြောင်သွားပြီး စိန်သောင်းကို ကြည့်လိုက်ကြ၏။ စိန်သောင်းဆီက ဒီလိုစကားမျိုး ထွက်လာလိမ့်မည်ဟု သူတို့ ထင်မထားသောကြောင့်ဖြစ်သည်။ စိန်သောင်းက သူ့ကို ကြောင်ကြည့်နေသော ကောင်မလေးတွေကို ကြည့်၍ ရှက်သွားကာ . . .

“ဟို ဆောရီးပါဟာ၊ ဟိုဟာမဖြစ်ရင်လည်း ရပါတယ်”

ဟု ပြောကာ လှည့်ထွက်ဖို့ လုပ်သည်။ အားလုံးက စိန်သောင်းပုံစံကိုကြည့်၍ အားနာသွားကြလေသည်။ ထို့ကြောင့် စိန်သောင်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်သွားတော့ အားလုံးက ဆောင်းဝတ်ရည်နှင်းကို လက်ကုတ်လိုက်ကာ . . .

"ဟဲ့ ရှက်သွားတယ် ထင်တယ်၊ ဘာအခက်အခဲရှိလို့လဲ မသိဘူး၊ မေးလိုက်လေ"

ဆောင်းဝတ်ရည်နှင်းက စိန်သောင်းကို လှမ်းခေါ်လိုက်၍ . .

"ဟဲ့ ဟဲ့ ခဏနေဦး"

ဆောင်းဝတ်ရည်နှင်း ခေါ်သံကြားတော့ စိန်သောင်း လှည့်ကြည့်သည်။ ဆောင်းဝတ်ရည်နှင်းက ပြုံးပြ၍ . . .

"ပိုက်ဆံယူမလို့ဆို၊ ဘယ်လောက်ယူမလို့လဲ"

စိန်သောင်းက ခေါင်းကုတ်လိုက်ပြီး . . .

"မယူ မယူတော့ပါဘူးဟာ"

ဆောင်းဝတ်ရည်နှင်းက စိန်သောင်းနားသို့ ရောက်လာကာ

"ယူပါ၊ နင့်မှာ အခက်အခဲရှိလို့ ယူတာပဲ၊ အားမနာပါနဲ့၊ ငါတို့က ကူညီတတ်ပါတယ်ဟ"

ဆောင်းဝတ်ရည်နှင်းရဲ့ လိုလိုလားလား ပြောတဲ့အမူအရာကြောင့် စိန်သောင်းရင်ထဲမှာ ပေါ့ပါးကာသွားသည်။ ထို့ကြောင့် တစ်ချက် ရယ်လိုက်ကာ . . .

"ငါတို့တစ်ဖွဲ့လုံး ဗိုက်ဆာနေကြလို့ဟ၊ တစ်နေ့လုံး ဘာမှမစားရသေးလို့ပါ၊ အဲဒါ အခုဗိုက်ဆာလို့ မုန့်ဝယ်စားဖို့ ပိုက်ဆံမရှိလို့ လာချေးတာပါဟာ"

စိန်သောင်းစကားကြားတော့ ကောင်မလေးတွေရဲ့ မျက်နှာက





တစ်မျိုးဖြစ်သွားကြသည်။ သူတို့တွေလည်း ဗိုက်ဆာနေကြသူတွေဖြစ်၍ ကိုယ်ချင်းစာသွားကြပုံရ၏။ စိန်သောင်းရဲ့ ခပ်ဝေးဝေးမှာ ရပ်နေတဲ့ကောင်တွေကို လှမ်းကြည့်တော့လည်း မျက်နှာငယ်လေးတွေနှင့် သူတို့ကို ကြည့်နေတာ တွေ့ရသည်။ အားလုံးရဲ့ အမူအရာတွေမှာ အားနာခြင်း၊ ရှက်ရွံ့ခြင်း စသည်တို့ ပေါင်းစပ်ထားသော မျက်ဝန်းလေးတွေကိုလည်း တွေ့ရ၏။ သူတို့စိတ်ထဲ သနားသွားမိကြသည်။

ဆောင်းဝတ်ရည်နှင်းက အားလုံးရဲ့ ရင်ထဲက တင်းကြပ်မှုတွေကို ပြေပျောက်သွားအောင် ဖော့လိုက်ကာ ခပ်သောသော ရယ်မောပစ်လိုက်ရင်း . . .

"အမယ်လေးဟယ် ငါတို့က ဘာများလဲလို့၊ ရပါတယ်ဟာ ငါတို့လည်း ဗိုက်ဆာနေတာပါ၊ အခုတောင် တစ်ခုခုစားရင်ကောင်းမလားတိုင်ပင်နေကြတာ၊ ဒါနဲ့ နင်တို့က ဘယ်မှာသွားစားမှာလဲ"

စိန်သောင်းက အားတက်သရောပင် . . .

"လမ်းထိပ်က လက်ဖက်ရည်ဆိုင် သွားမယ်လို့ပြောတယ်၊ အဲဒီဆိုင်က စမူဆာကောင်းတယ်တဲ့"

ထိုအချိန်မှာ အေးမြတ်မွန်က ဝင်ပြောလိုက်သည်။

"ဟုတ်တယ် ဟုတ်တယ် အဲဒီဆိုင်က စမူဆာကောင်းတယ်၊ ငါလည်းစားချင်နေတာ၊ ဒါပေမယ့် မိန်းကလေးတွေချည်းပဲ လဘက်ရည်ဆိုင်ထိုင်လို့ မကောင်းလို့၊ နင်တို့ပါ လိုက်မယ်ဆိုရင် ငါတို့ ကျွေးမယ်လို့ နင့်သူငယ်ချင်းတွေကို ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်တွေက ဘယ်အချိန်ကတည်းက နားစွင့်နေလဲ မသိပေ။ အေးမြတ်မွန်စကားဆုံးတော့ အနားသို့ ဓွေ့ကနဲ ရောက်လာကြ၏။

အားလုံးက စပ်ဖြီးဖြီးနှင့် . . .

"အဟဲ လိုက်ခဲ့မှာပေါ့ဟ၊ ဒီအချိန်မှာ လက်ဖက်ရည်ဆိုင်မပြောနဲ့ ငရဲပြည်ခေါ်ရင်တောင် လိုက်မှာ"

သူတို့စကားဆုံးတော့ ဝဝတုတ်တုတ်နှင့် ခင်ဝေဦးဆိုသောကောင်မလေးက ဝင်၍ . . .

"အဲဒီ့တော့ နင်တို့ပဲသွား၊ ငါတို့တော့ မလိုက်ဘူး"

ဟု ဝင်ပြောလိုက်သည်။ မျောက်ကြီးက ခင်ဝေဦးကို ပြုံးစိစိနှင့် ကြည့်၍ . . .

"ဟုတ်တာပေါ့၊ ငရဲပြည်မှာက အစားအသောက်ရှားတယ်လို့ ကြားတယ်"

ဆိုပြီး ဝင်နောက်လိုက်၏။ ခင်ဝေဦးက နှုတ်ခမ်းစူ၍ . . .

"နင်တို့ လာပြန်ပြီလား၊ ဒါဆို လိုက်မကျွေးဘဲ နေလိုက်မှာနော်"

အားလုံးက မျောက်ကြီးကို ဝိုင်းရိုက်လိုက်ကာ . . .

"အေးလေး မင်းက ဘာပြောတာလဲ၊ ဒီမှာ မုန့်ကျွေးမယ့် ဒကာတွေကို ဒီလိုစော်ကားရလား"

မျောက်ကြီးက ဖက်ကိုပုကာ ပေါက်ကရတွေအော်ပြီး ထွက်ပြေးသည်။ အားလုံး ပေါ့ပါးစွာ ဝိုင်းရယ်လိုက်ကြ၏။ ထို့နောက် သူတို့အားလုံး လက်ဖက်ရည်ဆိုင်သို့ ချီတက်ကြပါတော့သည်။

[redacted]



စိန်သောင်းကတော့ ဆောင်းဝတ်ရည်နှင်းကို တစ်ချက် တစ်ချက် ခိုးကြည့်လျက် . . .

♥♥♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**စား** ပွဲထိုး လက်ထဲက စမူဆာပန်းကန်သည် စားပွဲပေါ် မရောက်ခင်မှာပင် စမူဆာတွေက လက်အသီးသီးသို့ ရောက်သွားကြ၏။ မျက်လှည့်ပြသလို ဖြုတ်ခနဲ ပျောက်သွားသော စမူဆာပန်းကန်ကို ကြည့်၍ စားပွဲထိုးက ခေါင်းကုတ်လိုက်ကာ . . .

"အိသီရိုးပီးယားမှာ စားပွဲထိုးသွားလုပ်ရင်တောင် ဒီလောက် အခြေအနေဆိုးတာမျိုး ကြုံရမယ်မထင်ဘူး"

ဟု ရေရွတ်လိုက်၏။

"အေးလေ နင်တို့ကလည်း ပန်းကန်လေး မြေကျအောင်တော့ စောင့်ကြပါဦး၊ အစ်ကို နောက်ထပ် နှစ်ပွဲလောက် ထပ်ချပေးပါဦး"

ကောင်မလေးတွေက ချစ်ကိုဦးတို့ကို ပြောပြီး စားပွဲထိုးကို





လက်နှစ်ချောင်းထောင်ကာ မှာလိုက်သည်။ ခဏကြာတော့ စမူဆာ နှစ်ပွဲထပ်ရောက်လာသည်။ ဒီတစ်ခါတော့ အားလုံးအိန္ဒြေရရနှင့်ပင် ထိုင်နေကြ၏။ ခန္ဓာကိုယ်တွေက အိန္ဒြေရနေသော်လည်း မျက်လုံးတွေက စမူဆာပန်းကန်တွေပေါ် ဝဲနေသည်။ ကောင်မလေးတွေက စမူဆာ တစ်ယောက်တစ်ခု ယူလိုက်ပြီးနောက် ချစ်ကိုဦးတို့ကို ကြည့်လိုက်၍ . . .

"ဟဲ့ ယူစားကြလေ၊ အခုကျတော့ ဘာဖြစ်သွားတာလဲ"

ကောင်မလေးတွေ စကားမဆုံးမီပင် စမူဆာတစ်ပန်းကန်က ပြောင်သလင်းခါသွား၏။ ကောင်မလေးတွေက ရယ်လိုက်ကာ . . .

"နင်တို့ကြည့်ရတာ ဒီလိုလေးတွေ မြင်ရတော့လည်း သနားစရာလေးတွေပါလား ခစ် ခစ်"

"သနားရင် အိမ်ကိုပါ ပါဆယ်ထုပ်ပေးလိုက်ပါလား"

"သေလိုက်ပါလား၊ အခုတောင် သနားလို့ကျွေးတာ"

အားလုံးရယ်ဖြစ်ကြ၏။ အရယ်တွေရပ်တော့ မျောက်ကြီးက ဦးဆောင်၍ လက်ဖက်ရည်တစ်ခွက်စီ မှာလိုက်သည်။ ကောင်မလေးတွေက မျောက်ကြီးကိုကြည့်၍ . . .

"ငါတို့ ကျွေးတဲ့အထဲမှာ စမူဆာပဲ ပါတာနော်၊ လက်ဖက်ရည် မပါဘူး"

"ဒါနပြုတယ်ဆိုတာ မတွန့်တိုရဘူးဟ၊ ပို့မယ့်ပို့လည်း ကူးတို့အထိ ရောက်အောင်ပို့ရတယ်"

"ဒါဆို ကူးတို့ခလေးပါ ယူသွားဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ"

မျောက်ကြီးကို ကြည့်၍ အားလုံးဝိုင်းရယ်လိုက်ကြ၏။ သူတို့ရယ်သံများက လက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံး ဖုံးလွှမ်းကာသွားသည်။ အားရပါးရ ရယ်လိုက်ကြသောကြောင့် ရင်ထဲမှာလည်း နွေးထွေးမှုလေးတွေ ပိုလာသည်ဟု ထင်မိကြ၏။ စိန်သောင်းကတော့ ဆောင်းဝတ်ရည်နှင်း ရယ်နေတာကို ခိုးကြည့်၍ သူမက ရယ်လျှင်လည်း လှသည်ဟု တွေးနေမိသည်။

အရယ်တွေရပ်တော့ ချစ်ကိုဦးက စ၍ အားလုံးကို ဖြဲကြည့်ကာ ချောင်းတစ်ချက် ဟန့်လိုက်သည်။ ပြီးနောက် အစည်းအဝေးတစ်ခုမှာ မိန့်ခွန်းပြောတော့မည့် သဘာပတိကြီး ဒိုက်တင်နှင့် . . .

"အဟမ်း အဟမ်း အခုလို ကျွေးရမွေးရတဲ့ ကုသိုလ်ကံ စေတနာတို့ကြောင့် သွားလေရာ ခလုပ်မထိ ဆူးမငြိဘဲ လာရာလမ်းအတိုင်း ပြန်ကြပါစေ"

"ဟေး ဖြောင်း ဖြောင်း ဖြောင်း"

ကျန်တဲ့သူတွေက လက်ခုပ်တီးကာ ဩဘာပေးသည်။ ကောင်မလေးတွေက ချစ်ကိုဦးစကားကို မကျေနပ်၍ . . .

"လာရာလမ်းအတိုင်း ပြန်ကြပါစေဆိုတော့ နင်က ငါတို့ကို ပြန်စေချင်ပြီဆိုတဲ့ သဘောပေါ့၊ ဒါဆို ငါတို့ ပြန်တော့မယ်လေ၊ နင်တို့ ဒါတွေ ရှင်းလိုက်တော့"

"ဟာ ဟာ အဲဒီလိုတော့ မလုပ်ပါနဲ့ဟာ၊ ငါတို့က အလကားစတာပါ၊ ကျန်းမာပါစေ ချမ်းသာပါစေလို့ ပြောတာ အဟီး"

[redacted]



"ဟွန်း အမျိုးမျိုး၊ ဒါဆို စာမေးပွဲအောင်ပါစေလို့ ဆုတောင်းပေးဦး"

"နင်တို့က ဆုတောင်းပေးစရာ မလိုဘဲ အောင်မယ့်သူတွေပါဟာ"

"ဒါတော့ နင်တို့ သဘောပေါက်လွယ်သားပဲ"

အားလုံးဝိုင်းရယ်လိုက်ကြသည်။ အရယ်ဆုံးတော့ မျောက်ကြီးက. . .

"ငါတို့တွေ အခုလို သူငယ်ချင်းတွေ ဖြစ်သွားကြတာ တွေ့ရင် အတန်းထဲက လူတွေအံ့ဩသွားကြမှာနော်"

မျောက်ကြီးစကားကြောင့် အားလုံးငြိမ်သက်သွားကြ၏။ ခဏကြာတော့ ကောင်မလေးတွေက. . .

"ငါတို့က နင်တို့ကို သူငယ်ချင်းအဖြစ် လက်ခံတယ်လို့ ပြောသေးလို့လား"

ထိုစကားဆုံးတော့ ကုလားအုတ်က ဝင်၍ . . .

"ဒါဆို နင်တို့က ငါတို့နဲ့ ရန်ဆက်ဖြစ်ဦးမယ်ဆိုတဲ့ သဘောပေါ့"

"အမယ်လေး အားအားယားယား ငါတို့က နင်တို့နဲ့ ရန်ဖြစ်ချင်လို့ ဖြစ်နေတာမှမဟုတ်တာ၊ နင်တို့က မတွေ့လိုက်နဲ့ တွေ့လိုက်ရင် ငါတို့ကို တစ်မျိုးမဟုတ် တစ်မျိုး ဒုက္ခပေးနေတာကိုး"

"ဒါကတော့ဟာ ငါတို့က ခင်လို့စတာကို နင်တို့က တစ်မျိုးထင်တာပါ"

ထိုအချိန်တွင် မှာထားတဲ့ လက်ဖက်ရည်ခွက်တွေ ရောက်လာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



၍ စကားခဏ ပြတ်သွားကြ၏။ ခဏကြာတော့မှ ချစ်ကိုဦးက စကားကို ပြန်ဆက်သည်။

"ကဲပါဟာ ငါတို့တွေ အရင်ကကိစ္စတွေ မေ့လိုက်ကြရအောင်၊ တကယ်တော့ ငါတို့က ကိုးတန်းကတည်းက တစ်ခန်းတည်းနေလာကြတဲ့ သူတွေပဲဟာ၊ တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေသူတွေဆိုတော့ ဒီလိုရန်ဖြစ်နေတာ မကောင်းပါဘူး၊ အခုလိုပဲ ပျော်ပျော်ပါးပါး သူငယ်ချင်းလို တစ်ဖွဲ့တည်း နေသွားကြရအောင်ဟာ ဘယ်လိုလဲ"

"ဟုတ်ပါတယ် အရင်က ငါတို့စခဲ့ နောက်ခဲ့တဲ့ ဟာတွေကိုလည်း တောင်းပန်ပါတယ်"

ထိုစကားကို မျိုးကိုက ဖော်လိုလိုက်ပေးသည်။ ကောင်မလေးတွေက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၍ သူတို့ကို ပြန်ကြည့်ကာ . . .

"ဒါဆို နင်တို့က ငါတို့ကို နောက်ဆို မနှောင့်ယှက်တော့ဘူးပေါ့"

"သူငယ်ချင်းအပေါင်းအသင်း ဖြစ်သွားပြီဆိုတော့ နှောင့်ယှက်တဲ့ သဘောမဟုတ်တော့ဘူးလေဟာ၊ စတဲ့နောက်တဲ့သဘော ဖြစ်သွားပြီပေါ့"

ကောင်မလေးတွေက ပြုံးကာ ပြိုင်တူခေါင်းညိတ်ပြ၏။ ပြီးနောက် ကောင်မလေးတွေထဲက တစ်ယောက်က . . .

"နင်တို့က တောင်းဆိုလို့ ငါတို့က လိုက်လျောတာနော်၊ တော်ကြာ နင်တို့နဲ့ ခင်ချင်လို့ ငါတို့က မုန့်လိုက်ကျွေးပြီး မိတ်လိုက်ဖွဲ့တယ် ထင်နေဦးမယ်၊ မုန့်ကျွေးတာက နင်တို့မှာ စားရမဲ့ သောက်ရမဲ့ ဖြစ်နေ

[redacted]



လို့ သနားလို့ လိုက်ကျွေးတာ"

"အေးပါဟာ ဘယ်လိုပဲ လိုက်ကျွေးကျွေး စားရရင် ပြီးတာပါပဲဟာ၊ နောက်ပြီး နင်တို့နဲ့ သူငယ်ချင်းဖြစ်ရတဲ့အတွက် ငါတို့အတွက် အားရှိတာပေါ့"

"ဘာလို့လဲ"

ကောင်မလေးတစ်ယောက်က ထမေးလိုက်သည်။ ထိုအမေးကို မျောက်ကြီးက . . .

"နောက်ဆို ငါတို့မှာ ပိုက်ဆံမရှိလည်း နင်တို့ကို ဝယ်ကျွေးခိုင်းလို့ရတာပေါ့"

"သေနာတွေ"

ကောင်မလေးတွေက မကျေမနပ်နှင့် ပြန်ပြောလိုက်၏။ အားလုံး ဝိုင်းရယ်လိုက်ကြသည်။ ဒီတစ်ခါရယ်သံများက ပျော်ရွှင်စရာများ ပိုမိုစီးဝင်လာသည်ဟု အားလုံးရင်ထဲမှာ ထင်မိကြ၏။ ပြီးနောက် အားလုံးရဲ့ ခင်မင်မှုကို ပိုမိုနွေးထွေးသွားစေသည်။

သူတို့ရဲ့ ရင်ထဲမှာ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ သူငယ်ချင်းတွေ ဖြစ်သွားကြသောကြောင့် ရင်လည်းခုန်နေကြသလို ပျော်လည်း ပျော်နေကြသည်။ ရိုးရိုးသာမန် သူငယ်ချင်းအပေါင်းအသင်းတွေလို ခင်မင်မှုကို အစပြုပြီး သူငယ်ချင်းဖြစ်လာကြတာ မဟုတ်ဘဲ ကြည့်မရသော အဖွဲ့နှစ်ဖွဲ့က သူငယ်ချင်းတွေ ဖြစ်လာကြသောကြောင့် ရင်ထဲမှာ ထူးထူးခြားခြား လှုပ်ရှားမိကြခြင်းဖြစ်သည်။

အထူးသဖြင့် စိန်သောင်း ရောက်လာပြီး နောက်ပိုင်းမှာ ဒီလို

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေ ပြောင်းလဲလာသောကြောင့် ဒီကိစ္စတွေက စိန်သောင်းကြောင့်ဟု ဆိုနိုင်သည်။

ဒါကို ချစ်ကိုဦးက သတိထားမိသွား၍ အားလုံးကို ဝေ့ကြည့်လိုက်ကာ . . .

"ငါတို့ အခုလို တစ်ဖွဲ့တည်းဖြစ်သွားတာ စိန်သောင်းကြောင့်ကွ၊ ဘာပဲဖြစ်ဖြစ် စိန်သောင်းကို ကျေးဇူးတင်ရမယ်"

စိန်သောင်းက ရှက်ကိုးရှက်ကန်းအမူအရာနှင့် . . .

"ဟာ ငါနဲ့ဘာဆိုင်လို့လဲ"

ဟု ပြန်ပြောလိုက်သည်။ ချစ်ကိုဦးက . . .

"ဆိုင်တာပေါ့ကွ၊ မင်းသာ ကြွက် ကြွက်လို့ ထမအော်ရင်ဘဲဖြစ်ဖြစ်၊ ရေအိုးအတူတူ မဆွဲခဲ့ရင်ဘဲဖြစ်ဖြစ်၊ ပိုက်ဆံ သွားမချေးခဲ့ရင်ဘဲဖြစ်ဖြစ် ငါတို့ ဒီလိုတွေ ဖြစ်လာမှာမဟုတ်ဘူး"

ချစ်ကိုဦးစကားကို အားလုံးက ထောက်ခံလိုက်ကြသည်။ စိန်သောင်းက ဘာမှပြန်မပြောနိုင်ဘဲ ခေါင်းကြီး ငုံ့၍သာနေ၏။ ချစ်ကိုဦးက အားလုံးကို မျက်စိမှိတ်ပြကာ စိန်သောင်းကို ကြည့်၍ . . .

"ဘာလဲမင်းက မင်းနဲ့မဆိုင်ဘူးဆိုတော့ သူတို့နဲ့သူငယ်ချင်းမဖြစ်ချင်ဘူးပေါ့"

ထိုတော့မှ စိန်သောင်းက ပျာပျာသလဲနှင့် ခေါင်းကြီးမော့လာကာ . . .

"ဟာ မဟုတ်ပါဘူး၊ ငါပြောတာ အဲ့ဒီလိုမဟုတ်ပါဘူး"

"ဒါဆို မင်းက သူငယ်ချင်းဖြစ်ချင်တယ်ပေါ့"



စိန်သောင်းက 'အင်း' ဟု အာလုပ်သံကြီးနှင့် တစ်ခွန်းတည်းပြောကာ ခေါင်းကြီး ညိတ်ပြလိုက်သည်။ ဒါကို ချစ်ကိုဦးက စချင်စိတ်ဖြင့် ထပ်မေး၏။

"ဘယ်သူနဲ့လဲ"

ချစ်ကိုဦးစကားက အနှောင့်အသွား မလွတ်သောကြောင့် စိန်သောင်း ရှက်ကာသွားသည်။ ပြီးတော့ ဘာမဆိုင် ညာမဆိုင် အားနာတဲ့ မျက်လုံးတွေနှင့် ဆောင်းဝတ်ရည်နှင်းကို ဖျတ်ခနဲ လှမ်းကာကြည့်လိုက်၏။ ဆောင်းဝတ်ရည်နှင်းကလည်း စိန်သောင်းကို ကြည့်နေသောကြောင့် အကြည့်ချင်း ပြေးကာဆုံသည်။

သူမ ရင်ထဲ ရှိန်းကနဲ ဖြစ်သွားကာ အကြည့်ကို ချက်ချင်းလွှဲပစ်လိုက်၏။

စိန်သောင်းက ထစ်ထစ်ငေါ့ငေါ့နှင့် . . .

"ငါ . . . ငါက အား . . . အားလုံးနဲ့ သူ . . . သူငယ်ချင်းဖြစ်ဖြစ်ချင်တာပါ"

အားလုံးက စိန်သောင်း အမူအရာကြည့်၍ ရယ်လိုက်ကြပါသည်။ အားလုံးကလည်း ချစ်ကိုဦးက စိန်သောင်းနဲ့ ဆောင်းဝတ်ရည်နှင်းကို စနေမှန်း သိကြ၏။ ထို့ကြောင့် ဆောင်းဝတ်ရည်နှင်းကိုလည်း မချိုမချဉ် လှမ်းကြည့်ကြသည်။ ဆောင်းဝတ်ရည်နှင်းကတော့ စိန်သောင်းလို အိနြေ္ဒမရ ဖြစ်ရလောက်အောင် ရှက်မနေပါ။ ပြုံးရုံလေး ပြုံးကာ မျက်နှာလေး ပန်းနုရောင်သွေး ထရုံလောက်သာ အရှက်ကို ဖွင့်ပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



စိန်သောင်းကတော့ . . .

ဘာမှမဆိုင်ဘဲနှင့် ဖြည့်ပြီးသား ရေနွေးပန်းကန်တွေကို ထပ်ငှဲ့လို့ငှဲ့၊ ကုန်သွားသော လက်ဖက်ရည်ပန်းကန်ကို မော့သောက်လိုသောက်နှင့် မျောက်လက် ငပိထိသလို အိနြွေမရ ဖြစ်ကာနေ၏။

သူ့ခမျာ ဆောင်းဝတ်ရည်နှင်းနှင့် သူငယ်ချင်းလေး ဖြစ်ခွင့်ရလိုက်သောကြောင့် . . .

အပျော်တွေ ကြူးကာ . . .

ရင်ခွင်ဦး၌ . . .

ဘီလူးစီးကာနေ၏။

♥♥♥

[redacted]



သူ ငယ်ချင်းတွေ ဖြစ်သွားကြပြီဆိုတော့လည်း တစ်ယောက်နဲ့ တစ်ယောက် ခင်မင်မှုက သူများတွေထက်ပင် ပိုသည်ဟုဆိုရမည်။ ကျောင်းလာလည်း အတူတူ၊ ကျူရှင်သွားလည်း အတူတူ၊ ကျူရှင်ကနေ အိမ်ပြန်တော့လည်းအတူတူပင်ဖြစ်သည်။ သူတို့နေတဲ့ နေရာတွေကလည်း တစ်ယောက်နဲ့တစ်ယောက် မနီးမဝေးလေးရှိနေကြ၍ လမ်းကြောင်းအားလုံး သင့်သလိုဖြစ်နေသည်။ မျိုးကို တစ်ယောက်သာ သူတို့ ကျူရှင်သွားတက်သည့် ရပ်ကွက်မှာနေ၍ နည်းနည်းလှမ်းသည်ဟု ဆိုရမည်။ ထို့ကြောင့် မနက်ခင်း ကျောင်းသွားချိန်တွင် သူတို့၏ စုရပ်အဖြစ် သတ်မှတ်ထားသော ချစ်ကိုဦးတို့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို မျိုးကိုက ခပ်စောစော ထထွက်လာရသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကိုဦးနှင့် စိန်သောင်းတို့နေသည့် ရပ်ကွက်ကတော့ သူတို့ကျောင်းနှင့် အနီးဆုံးနေရာမှာ တည်ရှိ၏။

အနီးဆုံးဖြစ်သောကြောင့် သူတို့နှစ်ယောက်က အစောဆုံးရောက်နေကျ။ ဒီနေ့လည်း စိန်သောင်းနဲ့ ချစ်ကိုဦးက ထုံးစံအတိုင်း ခပ်စောစော ရောက်နေကြသည်။ သူတို့ရောက်တော့ အကြော်ဆရာ ဘဦးက ရေနွေးကြမ်းတစ်အိုး လာချပေးသည်။

"ဘာသောက်မလဲ"

"ထုံးစံအတိုင်း ရေနွေးကြမ်းပဲ သောက်တော့မယ်၊ အိမ်မှာ ထမင်းကြော် စားလာလို့"

"ငါက စကားအဖြစ်မေးတာပါကွာ၊ ဘာမှ မသောက်လည်း ထိုင်လို့ ရပါတယ်၊ ဒီနေ့ မင်းတို့ ဘော်ဒါတွေ နောက်ကျတယ်နော်"

"သူတို့ နောက်ကျတာမဟုတ်ဘူးဗျ၊ ကျွန်တော်တို့က စောရောက်နေတာ"

ဘဦးက ပြုံးပြရင်း အကြော်ဖိုဘက် ထွက်သွား၏။ ဘဦး ကြော်နေသော ဆီဒယ်အိုးထဲက စမူဆာလေးတွေကို ကြည့်ပြီး သူတို့ သူငယ်ချင်းတွေ စဖြစ်ခဲ့ကြသည့်နေ့ကို စိန်သောင်း သတိရမိလိုက်သေးသည်။

ခဏနေတော့ မျိုးကို ရောက်လာ၏။ မျိုးကိုက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း . . .

"အဝေးဆုံး လူကတောင် ရောက်နေပြီ၊ ဟိုကောင်တွေ မလာသေးဘူးလား"





"မလာသေးဘူးကွ၊ အချိန်လည်း စောပါသေးတယ်၊ ထုံးစံအတိုင်း အလှုပြင်လို့ မပြီးကြသေးဘူးနေမှာပေါ့"

မျိုးကိုက လက်ဖက်ရည်တစ်ခွက် လှမ်းမှာလိုက်သည်။ ထို့နောက် ချစ်ကိုဦးတို့ကို ကြည့်၍ . . .

"ဒီနေ့ ကျူရှင်မရှိဘူး သိလား"

"ဟမ် ဘာလို့လဲ"

"ပထဝီဆရာမကတော့ နေမကောင်းလို့တဲ့၊ သင်္ချာဆရာက မင်္ဂလာဆောင်တစ်ခုရှိလို့ဆိုလား ဘာလားပဲ၊ ငါ့ကို ညက ရဲမင်းထွန်း လာပြောသွားတယ်"

ချစ်ကိုဦးက အားရဝမ်းသာစွာနှင့် . . .

"ဒါဆို ဒီနေ့ ငါတို့ ဖရီးဖြစ်သွားပြီပေါ့ ဟုတ်လား"

"ဟုတ်တာပေါ့ကွ၊ ဒါပေမယ့် သိပ်ပျော်မနေနဲ့ဦး၊ နောက်ရက်တွေမှာ အစားပြန်ဝင်ပေးမယ်လို့ ပြောတယ်၊ အဲ့ဒီနေ့ဆိုရင်တော့ မိုးချုပ်ပြီသာမှတ်"

"ချုပ်ချုပ်ကွာ၊ နောင်ခါလာ နောင်ခါဈေးပဲ၊ အခု လက်ရှိ အားလပ်သွားတဲ့ အချိန်လေးတွေကို ခံစားလိုက်ဦးမယ်"

ချစ်ကိုဦး စကားဆုံးတော့ ကုလားအုတ်နဲ့ မျောက်ကြီး ရောက်လာသည်။ ကုလားအုတ် ရောက်လာပြီး သိပ်မကြာခင်ပင် ကောင်မလေး ငါးယောက်ပါ ထပ်ရောက်လာကြ၍ သူတို့အဖွဲ့က လူစုံသွားကြ၏။

ချစ်ကိုဦးက ကျူရှင်မရှိတဲ့ သတင်းကို ပြောပြလိုက်တော့ အား



www.burmeseclassic.com

www.burmeseclassic.com



လုံး ပျော်သွားကြ၏။

ကုလားအုတ်က တစ်စုံတစ်ခု တွေးလိုက်ရင်းမှ . . .

"ဒါဆို ဒီနေ့ ငါတို့ လျှောက်လည်ကြမလား"

အားလုံးက ကုလားအုတ်ကို ကြည့်၍ . . .

"ဟာ ကျောင်းတော့ မပြေးချင်ပါဘူးကွာ၊ ဒီနေ့ ဆရာမက စာမေးပွဲအတွက် အရေးကြီးတာတွေ သင်မယ်ပြောတယ်"

"ငါက ကျောင်းပြေးမယ်လို့ မင်းတို့ကို ပြောလို့လား၊ ကျောင်းဆင်းတော့မှ လျှောက်လည်မယ်လို့ ပြောတာကွ၊ ငါတို့အိမ်တွေကလည်း ဒီနေ့ ကျူရှင်ရှိတယ်ဆိုတာ သိထားတော့ ငါတို့ လျှောက်လည်တာကို ရိပ်မိမယ် မထင်ပါဘူး၊ လုပ်ပါကွာ တစ်ခါတလေ အခွင့်အရေးလေး ရတုန်း ကဲလိုက်ရအောင်"

အားလုံးက ထိုအစီအစဉ်ကို ငြင်းလည်းမငြင်းသလို ထောက်လည်း မထောက်ခံသေးဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ငြိမ်သက်နေကြသည်။ ကုလားအုတ်က အားလုံးရဲ့ တွေဝေနေကြတဲ့ အမူအရာတွေကို ကြည့်၍ နည်းနည်း ထပ်တွန်းလိုက်လျှင် သူ့ဘက်ပါလာနိုင်သည်ဟု တွေးလိုက်၍ . . .

"မင်းတို့က ဘာတွေ တွေဝေနေကြတာလဲ၊ ဒီလို အခွင့်အရေးမျိုးဆိုတာ ရခဲတယ်နော်၊ နောက်ဆို စာမေးပွဲကြီးကလည်း တဖြည်းဖြည်း နီးလာပြီဆိုတော့ ဒါမျိုးတွေ သွားချင်ပါတယ်ဆိုတောင် သွားလို့ရမှာမဟုတ်တော့ဘူး၊ အခု လျှောက်လည်မယ်ဆိုတဲ့ ကိစ္စကလည်း ငါတို့အဖွဲ့တွေ သူငယ်ချင်းဖြစ်ပြီးသွားမှ ပထမဆုံး သွားတဲ့ဟာမို့လို့

[redacted]



သိပ်ပျော်ဖို့ ကောင်းမှာကွ၊ လုပ်ကြစမ်းပါ၊ လုပ်လိုက်ကြစမ်းပါ"

အားလုံးကလည်း မဆွတ်ခင်က ညွတ်ချင်နေကြသူတွေ၊ အောက်ခြေကလည်း သိပ်ခိုင်ချင်လှတာ မဟုတ်တော့ အရင်ကတည်းက ခပ်ယိုင်ယိုင်။ မျောက်ကြီးက ထ၍ . . .

"ချကွာ ဒီကောင်ပြောသလို ကျူရှင်ရှိတယ်ဆိုတာပဲ သိထားတော့ အိမ်တွေက သိမှာမဟုတ်ပါဘူး၊ ငါတို့မှာလည်း ကျူရှင်တက်ရင်လဲဖို့ အဝတ်အစားတွေ ပါလာတာပဲ၊ မျိုးကိုအိမ်မှာ လဲပြီး သွားကြတာပေါ့"

"ဟဲ့ ငါတို့မှာ အဝတ်အစား မပါဘူးဟဲ့၊ အိမ်ပြန်ရဦးမှာ"

ဟု ကောင်မလေးတွေက ဝင်ပြောသည်။

မျောက်ကြီးက ကောင်မလေးတွေကို လှည့်ကြည့်လိုက်ကာ . .

'နင်တို့ကတော့ ထုံးစံအတိုင်း အိမ်ပြန်ပြီး အဝတ်အစားလဲပြီးမှ ပြန်ထွက်လာပေါ့ဟ၊ ငါတို့က မျိုးကိုအိမ်က စောင့်နေမယ်"

ချစ်ကိုဦးက မျောက်ကြီးစကားဆုံးတော့ မျိုးကိုကို လှည့်ကြည့်လိုက်ကာ . . .

"မျိုးကို မင်းအိမ်က ဖြစ်ပါ့မလား"

မျိုးကိုက . . .

"ရတယ် ငါ့အိမ်ကလည်း ကျူရှင်ရှိလား၊ မရှိလား သိတာမှမဟုတ်တာ၊ ညကလည်း ရဲမင်းထွန်းက ငါနဲ့ပဲ တွေ့ပြီး ကျူရှင်မရှိဘူးဆိုတာ ပြောသွားတာ"

အဲ့ဒီမှာတင် သူတို့လျှောက်လည်မည့် ကိစ္စက အောင်မြင်သွား

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သည်။

လူငယ်တွေ ဆိုတော့ သိတဲ့အတိုင်း။ တွေဝေရင်လည်း ခဏ၊ လုပ်ရင်လည်း ချက်ချင်း . . .။

♥♥♥

[redacted]



**လျှောက်** လည်ကြမယ်ဆိုတော့ ဘယ်တွေကို သွားကြမလဲဆိုတာက ဆုံးဖြတ်ရခက်လာသည်။ ဂိမ်းစီးတီးသွားမယ်ဟု ပြောသူက ပြောသည်။ ကန်တော်ကြီးသွားလည်မယ်ဟု ဆိုသူက ဆိုလာ၏။ ရုပ်ရှင်သွားကြည့်ချင်သူကလည်း ရှိသည်။ ဒီကြားထဲ ဟတ်ပီးဝါးသွားပြီး သရဲရထား စီးချင်သူကလည်း ရှိသေးသည်။ တိရစ္ဆာန်ရုံကိုလည်း သွားချင်ပြန်သေး၏။ ထို့ကြောင့် သူတို့မှာ တော်တော်နဲ့ ညှိမရ။ စိန်သောင်းတစ်ယောက်သာ ဘယ်နေရာကိုမှ မရောက်ဖူး၍ သူတို့ ငြင်းခုန်နေကြတာကိုသာ ငေးကြည့်နေမိ၏။ သူက ရွှေတိဂုံဘုရားကိုသာ ရန်ကုန်စရောက်တုန်းက မိသားစုနဲ့ တစ်ခေါက် ရောက်ခဲ့ဖူးသည်။ ဒါပဲ။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အားလုံးတစ်ယောက်တစ်ပေါက်နဲ့ ဝိုင်းပြောနေကြချိန်တွင် မျောက်ကြီးက . . .

"အခုလို တစ်ယောက်တစ်ပေါက်နဲ့ ပြောနေလို့ ပြီးမှာမဟုတ်ဘူး၊ အားလုံးပြောတဲ့ နေရာတွေကိုသာ လျှောက်လည်ရရင် နှစ်ရက်လောက် အချိန်ယူရလိမ့်မယ်၊ အခု ငါတို့က ရတဲ့အချိန်လေး လည်ရတာဆိုတော့ အားလုံးထဲက အများသဘောတူမယ့် နှစ်နေရာလောက်ပဲ သွားရအောင်"

အားလုံးက မျောက်ကြီးစကားကြောင့် ငြိမ်ကျသွားသည်။ ခဏကြာတော့ ကုလားအုတ်က စပြီး . . .

"ဒါဆို ငါတို့ မဲနှိုက်ရအောင်"

"ဘယ်လို နှိုက်မှာလဲ"

ချစ်ကိုဦးရဲ့ အမေးကို ကုလားအုတ်က . . .

"ငါတို့သွားချင်တဲ့နေရာတွေ အားလုံးကို ရေးပြီး မဲလိပ်ကလေးတွေ လိပ်လိုက်မယ်၊ အဲ့ဒီအထဲက နှစ်လိပ်နှိုက်ပြီး ပေါက်တဲ့နေရာ သွားမယ်၊ ဘယ်လိုလဲ"

အားလုံးက ထောက်ခံသည်။ ချစ်ကိုဦးက ဝင်၍ . . .

"ဒါပေမယ့် ရုပ်ရှင်ကြည့်တဲ့ကိစ္စတော့ မပါနဲ့တော့ကွာ၊ အခု ငါတို့သွားရင် သုံးနာရီပွဲပဲ မှီမှာ၊ ရုပ်ရှင်ပြီးတဲ့အချိန်ဆို ညနေစောင်းသွားပြီ၊ နောက်တစ်နေရာ ကူးဖို့ အချိန်မရှိတော့ဘူး"

ချစ်ကိုဦးရဲ့ အဆိုကို အားလုံးက လက်ခံသည်။ ထို့ကြောင့် ရုပ်ရှင်ကြည့်သည့် အစီအစဉ်ကို ဖယ်၍ ကျန်တာတွေကို မဲလိပ်လိပ်

[redacted]



ကာ နှိုက်ကြ၏။ မဲနှိုက်ဖို့ လူကိုတော့ စိန်သောင်းကို အားလုံးက ရွေးချယ်လိုက်သည်။ စိန်သောင်းက မဲနှိုက်ပြီးတော့ မဲလိပ်ကို ဖွင့်ပြလိုက်တော့ . . .

"သရဲရထားစီးရန်နှင့် ကန်တော်ကြီး သွားရန်ဖြစ်ပါတယ် ခင်ဗျာ"

"ဟေး"

အားလုံးက ဝမ်းသာအားရ ထအော်လိုက်ကြသည်။

ထို့နောက် သရဲရထားကို အရင်ဆုံးသွားစီး၍ ပြီးမှ ကန်တော်ကြီးထဲ လျှောက်ပတ်ကာ တစ်ခုခု စားပြီးမှ ပြန်မယ်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

ထို့ကြောင့် သရဲရထားရှိရာ ဟက်ပီးဝါးသို့ သူတို့ ချီတက်ခဲ့လိုက်ပါတော့သည်။

♥♥♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဟက် ပီးဝါးက ထွက်တော့ ညနေစောင်းစပင် ရှိသေးသည်။ သူတို့က ကန်တော်ကြီးဘက်သို့ ကားငှားကာ ထွက်ခဲ့လိုက်၏။ ကန်တော်ကြီးရောက်တော့ မျိုးကိုက 'ဗိုက်ဆာလိုက်တာကွာ" ဟု စကားစသည်။

ချစ်ကိုဦးက မျိုးကို ကို ကြည့်၍ . . .

"ခုနလေးတင်ပဲ မင်း ဟက်ပီးဝါးမှာ ရေခဲမုန့်စားခဲ့သေးတယ်မလား"

မျိုးကိုက . . .

"ဘယ်ဝမလဲကွ ရေခဲမုန့်က နည်းနည်းလေးဟာကို၊ ဟဲ့ နင်တို့ ငါတို့ကို တစ်ခုခု လိုက်ကျွေးဟာ"

[redacted]



ကောင်မလေးတွေက မျိုးကို ကိုကြည့်၍ . . .

"ဘလိုင်းကြီးပါလား၊ ဘာမှလည်း မဆိုင်ဘူး"

"လုပ်ပါဟယ် နင်တို့ကလည်း"

အခုလိုကျတော့လည်း ကျန်တဲ့ကောင်တွေက မျိုးကို နောက်ကို ဖော်လိုလိုက်ကြသည်။

"အေးလေ နင်တို့က သူဌေးတွေပဲဟာ၊ ဒီလောက်တော့ အေးဆေးပါ"

ဆောင်းဝတ်ရည်နှင်းက ဝင်၍ . . .

"အမယ် ငါတို့လည်း နင်တို့လိုပဲ အိမ်ကပေးတဲ့ မုန့်ဖိုးပဲ သုံးရတာပဲဟာ၊ အတူတူပဲ ဘာမှ မငွေးဘူး"

"ဒါပေမယ့် နင်တို့က မုန့်ဖိုးပိုရတယ်ဟ၊ ငါတို့က တစ်နေ့ရတဲ့ မုန့်ဖိုး တစ်နေ့မလောက်ဘူး"

"ဒါကတော့ နင်တို့က စုမထားဘဲ ပေါက်ကရတွေ လျှောက်လုပ်နေတာကိုး၊ အားအားရှိ စာအုပ်လှန်ရတာနဲ့၊ ပိုက်ဆံကြေး ဘောလုံးကန်ရတာနဲ့ ငါတို့ မသိဘူးများ ထင်နေလား"

အားလုံးက ခေါင်းကလေးတွေ ကုပ်ကာ ရှိဖြဲဖြဲနှင့် ငြိမ်သွားကြသည်။ အေးမြတ်မွန်က ဝင်၍ . . .

"နင်တို့ ဗိုက်ဆာတယ်ဆိုရင်တော့ ကျွေးမယ်၊ ဒါပေမယ့် ငါတို့က ကန်တော်ကြီး တစ်ပတ်လျှောက်ကြည့်ချင်သေးတယ်၊ ပြီးမှ စားမှာ"

အားလုံးက အားရဝမ်းသာစွာနှင့် . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ရတယ် ရတယ် တစ်ပတ်မကဘူး၊ ဘယ်လောက်ပတ်ပတ် လိုက်ခဲ့ပေးမယ်"

မျိုးကိုရဲ့စကားကို ချစ်ကိုဦးက . . .

"သူတို့က မသေမချင်း ပတ်မယ်ဆို ဘယ်လိုလုပ်မလဲ"

"စားရရင် ပြီးရောကွာ၊ သေရင် သေသွားပစေ၊ ဒါပေမယ့် စားပြီးမှ သေမယ်၊ မင်းတို့ကရော မစားဘူးလား"

အားလုံးက သွားတွေ ဖြီးပြကာ . . .

"အပြီး စားမှာပေါ့ကွ၊ အသေစားမှာ"

အားလုံးရယ်လိုက်ကြ၏။ ထို့နောက် သူတို့ ကန်တော်ကြီးထဲသို့ လမ်းလျှောက်ကာ ဝင်လာကြပါတော့သည်။ သစ်ပင်တွေ အုံ့ဆိုင်းနေ၍ အရိပ်အာဝါသကောင်းလှသော ကန်တော်ကြီးထဲတွင် ရာသီဥတုက အပြင်နဲ့မတူဘဲ အေးမြကာနေသည်။ ကျေးငှက်တို့၏ သဘာဝ အသံလေးများနဲ့ သာယာနေသလို ကန်တော်ကြီး ရေပြင်ကို ဖြတ်၍ တိုက်ခတ်လာသော လေနုအေးကြောင့်လည်း အရာရာက ကဗျာ ဆန်စွာ လှပကာနေ၏။

ထို့ကြောင့် သမီးရည်းစား စုံတွဲလေးတွေအတွက် ငြိမ်းချမ်းရာ ဘုမိနက်သန် နေရာမှန်ဆိုလည်း မှားမည်မထင်ပေ။

လျှောက်လာရင်းနှင့် မျောက်ကြီးက ဘေးပတ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့် လုပ်၍ . . .

"ဟော့ကောင်တွေ ငါတို့ အတွဲသွားချောင်းရအောင်"

"ဟယ် မချောင်းချင်ပါဘူး၊ ရှက်စရာကြီး"

[redacted]



ကောင်မလေးတွေရဲ့ အပြောကို မျောက်ကြီးက . . .

"ဘာရှက်စရာရှိလဲဟ၊ သူများတွေလည်း ဒီလိုပဲ လိုက်ချောင်း နေတာပဲ"

"မိသွားရင် ဘယ်လိုလုပ်မလဲ"

"မမိအောင် ချောင်းမှာပေါ့ဟ၊ သူတို့တွေ့အောင်တော့ ပေါ် တင်ကြီး ချောင်းမလား"

ကောင်မလေးတွေက ခေါင်းခါလိုက်ကာ . . .

"နင်တို့ဟာ နင်တို့ ချောင်းချင်ချောင်း၊ ငါတို့ကတော့ လုံးဝပဲ"

ဟု ပြောကာ ထွက်သွားကြသည်။ ကောင်မလေးတွေကို ညှိမရ တော့ မျောက်ကြီးက ကျန်တဲ့ကောင်တွေကို ဘယ်လိုလဲဆိုသော မျက်နှာပေးနှင့် ကြည့်လိုက်သည်။ စိန်သောင်းတစ်ယောက်မှလွဲ၍ ကျန် သုံးယောက်က မျောက်ကြီးအကြံကို လက်ခံကြ၏။ စိန်သောင်း ကတော့ . . .

"ငါတော့ မလိုက်တော့ဘူးကွာ၊ မင်းတို့ဟာမင်းတို့ သွားတော့"

ဟုဆိုကာ ထွက်သွားသည်။ ဒီနေရာမှာတော့ စိန်သောင်းကို အတင်းလိုက်မခေါ်တော့ပါ။ အဘယ်ကြောင့်ဆိုသော် စိန်သောင်း က ဒီကိစ္စတွေမှာ အတွေ့အကြုံရှိပုံမရ၍ စိန်သောင်းပါလာလျှင် တလွဲတချော်တွေဖြစ်မှာ စိုးရသည်။ ဒါမျိုးကလည်း အတွေ့ အကြုံလေး ဘာလေးရှိမှ အဆင်ပြေနိုင်တာကိုး။

မျောက်ကြီးတို့ ထွက်သွားတော့ စိန်သောင်းနှင့် ကောင်မလေး ငါးယောက်သာ ကျန်ခဲ့သည်။ စိန်သောင်းက ရှေ့က သွားနှင့်နေသော

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေနောက် အမှီလိုက်၍ . . .

"နေကြပါဦးဟာ၊ ငါ့ကိုလည်း စောင့်ပါဦး"

ကောင်မလေးတွေက သူတို့ဘေးနားရောက်လာသော စိန်သောင်းကိုကြည့်၍ . . .

"နင် လိုက်မသွားဘူးလား"

စိန်သောင်းက ခေါင်းခါပြကာ . . .

"မလိုက်ပါဘူးဟာ၊ ငါက ဒါမျိုး တစ်ခါမှ မလုပ်ဖူးတော့ ကြောက်တယ်"

"အေးလေ သူတို့မို့လို့ မရှက်မကြောက် အတွဲလိုက်ချောင်းရတယ်လို့၊ လာ ငါတို့ဟာငါတို့ လမ်းလျှောက်ကြတာပဲ ကောင်းတယ်"

ဟု ဆိုကာ ကောင်မလေးတွေက လမ်းဆက်လျှောက်သည်။ စိန်သောင်းလည်း သူတို့နဲ့ ယှဉ်တွဲကာ ပါသွား၏။ တစ်နေရာရောက်တော့ အေးမြတ်မွန်က သူမဘေးနားက ကောင်မလေးတစ်ယောက်ကို တိုးတိုးကပ်ကာပြောသည်။ ထို့နောက် စိန်သောင်းကို မသိမသာကြည့်၍ သူတို့အချင်းချင်း တိုးတိုး တိုးတိုးပြောကြ၏။

ဆောင်းဝတ်ရည်နှင်းက . . .

"ငါတော့မလိုက်တော့ဘူး၊ ဟိုမှာ ပေါက်ပေါက်ဆုပ်စားမလို့၊ အဲ့ဒီမှာပဲ စောင့်မယ်"

သူမ လက်ညှိုးထိုးပြသော ပေါက်ပေါက်ဆုပ်ဆိုင်လေးကို လှမ်းကြည့်လိုက်တော့ ကျန်တဲ့လေးယောက်က ခေါင်းညိတ်ပြ၍ အလျှိုလျှိုထွက်ကာသွား၏။ ထို့နောက် စိန်သောင်းနဲ့ ဆောင်းဝတ်ရည်နှင်းသာ

[redacted]



ကျန်ခဲ့လေသည်။ စိန်သောင်းက ထွက်သွားတဲ့ လေးယောက်ကိုကြည့်ကာ အူကြောင်ကြောင်နှင့် . . .

"သူတို့က ဘယ်သွားကြတာလဲဟင်"

"နင်က ဘာလုပ်မလို့လဲ၊ လိုက်သွားမလို့လား"

"သိဘူးလေ ဘယ်သွားကြတာလဲ"

"အိမ်သာ အိမ်သာ၊ လိုက်ချင်လိုက်သွား"

ထိုတော့မှ စိန်သောင်းက ရှက်ပြုံးကြီး ပြုံးလိုက်ကာ . . .

"ဟာ နင်ကလည်း တိုးတိုးပြောပါ၊ ရှက်စရာကြီး"

"အမယ်လေး သူကပဲ ရှက်ရတယ်ရှိသေး၊ လာ ငါနဲ့ ပေါက်ပေါက်ဆုပ်ဆိုင် လိုက်ခဲ့"

စိန်သောင်းက ဆောင်းဝတ်ရည်နှင်း ခေါ်ရာနောက်သို့ ပါသွား၏။ အခုလို ဆောင်းဝတ်ရည်နှင်းနှင့် နှစ်ယောက်တည်း ကျန်ခဲ့ရတော့ စိန်သောင်းရဲ့ ရင်ခုန်သံက တစ်ဒုတ်ဒုတ် မြည်လာသည်။ ထို့အပြင် လေပြည်သယ်ဆောင်ရာကို လေဟုန်စီး၍ လိုက်ပါလာသော ဆောင်းဝတ်ရည်နှင်း၏ ကိုယ်သင်းရနံ့လေးကလည်း စိန်သောင်းရဲ့ အသက်ရှုလမ်းကြောင်းထဲ တိုးဝင်လာတော့ အသက်ရှူသံပါ မြန်လာ၏။

ဆောင်းဝတ်ရည်နှင်း၏ ပေါက်ပေါက်ဆုပ်နှစ်ထုပ်မှာသံကို စိန်သောင်း ကြားလိုက်သည်။ ခဏနေတော့ သူမက စိန်သောင်းကို တစ်ထုပ်လာပေး၏။ သူတို့ ပေါက်ပေါက်ဆုပ်လေးတွေ စားကာ လမ်းဆက်လျှောက်ကြသည်။

"စိန်သောင်း နင် ပေါက်ပေါက်ဆုပ်ကြိုက်လား"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဝတ်ရည်နှင်း၏ အမေးကို စိန်သောင်းက ခေါင်းညိတ်ပြကာ ဖြေလိုက်၏။ ပြီးတော့ . . .

“နှင်ရော”

“ကြိုက်တာပေါ့၊ ငါက ပေါက်ပေါက်ဆုပ်ကိုစားရတာထက် အနံ့လေး ရှူနေရတာကို ပိုကြိုက်တယ်”

ဆောင်းဝတ်ရည်နှင်း ပြောတာ ဟုတ်လည်း ဟုတ်သည်ဟု စိန်သောင်း တွေးလိုက်၏။ ပေါက်ပေါက်ဆုပ်က ထောပတ်ရနံ့လေး သင်းပျံ့ကာ စားချင်စဖွယ် မွှေးပျံ့ကာနေလေသည်။

စိန်သောင်းက ပေါက်ပေါက်ဆုပ်အနံ့လေးကို အားရပါးရ တစ်ချက် ရှူရှိုက်လိုက်ကာ . . .

“အားပါးပါး ရင်ထဲမှာ မွှေးထုံသွားတာပဲ၊ ငါလည်း နှင့်လိုပဲ အနံ့လေးပဲ ရှူတော့မယ် သိလား၊ မစားတော့ဘူး”

စိန်သောင်း အမူအရာကိုကြည့်၍ ဆောင်းဝတ်ရည်နှင်းက ရယ်လိုက်သည်။ သူမ ရယ်နေရင်းမှ ပန်းခြံတစ်နေရာကို ကြည့်၍ ရုပ်က ချက်ချင်း တည်ကာသွား၏။ ထို့နောက် တည်နေရာမှ ကြောက်လန့်တကြားအသွင် ချက်ချင်းပြောင်းသွားကာ လက်ထဲက ပေါက်ပေါက်ဆုပ်က လွတ်ကျကာ သွားသည်။

စိန်သောင်းလည်း ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် ဆောင်းဝတ်ရည်နှင်းကို တအံ့တဩ ကြည့်လိုက်၍ . . .

“ဟဲ့ နှင် ဘာဖြစ်တာလဲ”

ဆောင်းဝတ်ရည်နှင်းက ကပျာကယာနှင့် စိန်သောင်းကို လှည့်

[redacted]



ကြည့်၍ . . .

“လုပ်ပါဦး စိန်သောင်းရယ်၊ ပြဿနာပဲ၊ အဲဒါမှ ပြဿနာပဲ၊ ဟိုမှာ ငါ့ဦးလေး ငါ့ဦးလေး”

“ဟင် ဘယ် ဘယ်မှာလဲ”

“ဘယ်မှာလဲ လုပ်မနေနဲ့၊ ဟိုမှာ လာနေပြီ လာနေပြီ၊ ငါ့ကို တွေ့သွားရင်တော့ ဒုက္ခပဲ လုပ်ပါဦး”

စိန်သောင်းလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွား၏။ ဆောင်းဝတ်ရည်နှင်း ပြတဲ့နေရာကို လှမ်းကြည့်လိုက်တော့လည်း နဖူးပြောင်ပြောင်နဲ့ လူကြီးတစ်ယောက် လမ်းလျှောက်လာတာ တွေ့ရ၏။

စိန်သောင်းက ပျာရိပျာယာနှင့် . . .

“နှင့်ဦးလေးကလည်းဟာ ဒီအထဲ ဘာလာလုပ်တာလဲ”

“အိုး သူ့ဟာသူ ဘာလာလုပ်လုပ် ငါဘယ်လိုလုပ် သိမှာလဲ၊ လုပ်ပါဦး၊ ငါ့ကို မြင်သွားရင် မလွယ်ဘူး၊ အိမ်က သိသွားရင် အသတ်ခံရမှာ”

ဆောင်းဝတ်ရည်နှင်းခမျာ တော်တော် ကြောက်နေပုံရသည်။ အကြောက်လွန်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်းမသိ ဖြစ်နေပုံရ၏။ ထို့ကြောင့် အားကိုးတကြီး စိန်သောင်း လက်မောင်းလေးကို အမှတ်မထင် ဆုပ်ကိုင်ထားမိသည်။

စိန်သောင်းလည်း ရုတ်တရက်ကြီးဆိုတော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ဒီအချိန်မှာ သူနဲ့ ဆောင်းဝတ်ရည်နှင်းကို နှစ်ယောက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထဲ တွေ့သွားရင် မလွယ်မှန်း စိန်သောင်း သိ၏။ ထို့ကြောင့် ပုန်းစရာ နေရာတစ်ခုကို ရှာရန် ပတ်ဝန်းကျင်ကို လေ့လာလိုက်သည်။ သူတို့နှစ်ယောက်ကို လုံခြုံအောင် ကွယ်ထားစရာနေရာကို ရုတ်တရက် ရှာမတွေ့။ သစ်ပင်ကြီးတစ်ပင်နောက်မှာ ပုန်းဖို့ ကြိုးစားသော်လည်း လူတစ်ကိုယ်စာ လုံခြုံလောက်သည့် သစ်ပင်က သူတို့ အနီးအနားမှာ ရုတ်တရက် ရှာမတွေ့ပေ။

ဆောင်းဝတ်ရည်နှင်းကလည်း ကြောက်လန့်တကြား လက်မောင်းကို ဖျစ်ကာ တစာစာ အော်နေသည်။ သူမ ဦးလေးကလည်း သူတို့နှင့် တော်တော်နီးကပ်လာနေပြီ ဖြစ်သောကြောင့် စိန်သောင်း စိတ်ထဲ စဉ်းစားမနေတော့ဘဲ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်၍ ဆောင်းဝတ်ရည်နှင်း၏ လက်ကလေးကို ဆုပ်ကိုင်လိုက်ကာ . . .

“လာ ငါ့နောက်လိုက်ခဲ့”

ဆိုပြီး ခေါ်ချသွား၏။ ဆောင်းဝတ်ရည်နှင်းကလည်း စိန်သောင်း ခေါ်ရာနောက်သို့ ခပ်သုတ်သုတ် လိုက်ကာသွားသည်။

စိန်သောင်းခေါ်သွားတဲ့နေရာက သူတို့နှင့် မနီးမဝေးမှာ ထိုင်နေသည့် စုံတွဲရှိရာသို့။

ထိုစုံတွဲက သစ်ပင်တစ်ပင်ရဲ့ ခြေရင်းမှာ ထီးကလေး ကွယ်ကာ လောကစည်းစိမ်ကို ခံစားကာနေလေသည်။ ချစ်သူနှစ်ဦး ကလူ၏သို့ မြူ၏သို့ တီတီတာတာ စကားလေးတွေဆိုကာ ကမ္ဘာလောကကြီးနှင့် အဆက်ပြတ်နေကြ၏။

“ခစ် ခစ် ခစ် ခစ် ကိုကိုကလည်း ဘာမှန်းလည်းမသိဘူး၊ လူ





တွေနဲ့ပါဆို၊ အဲ့လိုဆို နောက်လိုက်မလာတော့ဘူးနော်”

“အို အချစ်ကလည်းကွာ ဘယ်သူမှ မမြင်ပါဘူး၊ ဒီနေရာက လူရှင်းပါတယ်”

ထိုအချိန်တွင် စိန်သောင်းတို့မှာ ရုတ်တရက် ရောက်ချသွား၍ ထီးကို ဆတ်ခနဲ ဆွဲယူလိုက်လေသည်။ ထိုစုံတွဲမှာ ရုတ်တရက် ထီးလုယူခြင်းခံရသောကြောင့် ဟာလာဟင်းလင်းကြီး ဖြစ်ကာသွား၏။ ထို့နောက် တစ်ယောက်မျက်နှာတစ်ယောက် ကြောင်တောင်တောင်ကြီး ကြည့်ကာ မှင်သက်သွားကြလေသည်။

ခဏကြာတော့မှ ယောကျ်ားလေးက သတိပြန်ဝင်လာကာ. .

“ဟေ့ ဟေ့ကောင်တွေ မင်းတို့ ဒါဘာလုပ်တာလဲ၊ မိုက်ရိုင်းလှချည်လား’

စိန်သောင်းတို့က ထိုလူ့ရဲ့ အမေးစကားကို ဘာမှပြန်မဖြေနိုင်သေးဘဲ ခပ်လှမ်းလှမ်းကိုသွား၍ ထီးကိုကွယ်ကာ အရင်ထိုင်လိုက်ကြ၏။ ထီးကို လုခံလိုက်ရ၍ ခွင်ကောင်းလွတ်သွားသော ထိုပုဂ္ဂိုလ်က ဒေါသတကြီး ထလာကာ . . .

“ဟေ့ကောင်တွေ မင်းတို့က ဘာကောင်တွေလဲ၊ ငါ့ကို ဘာကောင်ထင်လို့လဲ”

အဲ့ဒီတော့မှ စိန်သောင်းနှင့် ဆောင်းဝတ်ရည်နှင်းမှာ ကြောက်ကြောက်လန့်လန့်နှင့် . . .

“ဘာ ဘာကောင်မှ မထင်ပါဘူး အစ်ကိုရယ်၊ ကျွန်တော်တို့ ဒုက္ခရောက်နေလို့ပါ၊ အဲ့ဒါကြောင့် ကြံမိကြံရာ ကြံရတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ မင်းတို့ ဒုက္ခရောက်တာနဲ့ ငါ့ဆီက ထီးလုတာနဲ့ ဘာဆိုင်လို့လဲ၊ အစကတည်းက ကဲချင်ရင်လည်း ငါတို့လို ထီးယူလာရတယ်ကွ၊ မှတ်ထား မင်းတို့က ချေးပါချင်မှ အိမ်သာတွင်းပေါက်လိုက်ရှာလို့ရမလား"

ထိုလူ့စကားကြောင့် ဆောင်းဝတ်ရည်နှင်းက ရှက်ကာသွားသည်။ ထို့ကြောင့် စိန်သောင်းလက်မောင်းကို ဆုပ်ကိုင်ထားသော သူမလက်ကို သတိရသွား၍ ကပျာကယာ လွှတ်လိုက်၏။

စိန်သောင်းက ထိုလူ့ကို ကြည့်၍ လေသံခပ်တိုးတိုးနှင့် . . .

"တိုးတိုးပြောပါ အစ်ကိုရယ်၊ ကျွန်တော်တို့ နှစ်ယောက် လမ်းလျှောက်လာရင်းနဲ့ သူ့ဦးလေးနဲ့ သွားတွေ့နေလို့ပါ၊ အဲ့ဒါကြောင့် သူ့အိမ်က သိသွားမှာစိုးလို့ ကြံမိကြံရာ ကြံရတာပါဗျာ၊ သူ့ဦးလေး ထွက်သွားရင် အစ်ကိုတို့ ထီးကို ကျွန်တော်တို့ ပြန်ပေးမှာပါ"

မျက်နှာငယ်လေးနှင့် တောင်းပန်နေသော စိန်သောင်းမျက်နှာကိုကြည့်၍ ထိုလူက သနားသွားပုံရသည်။ ကောင်မလေးကို ကြည့်လိုက်တော့လည်း ရှက်နေသည့်အပြင် ကြောက်ရွံ့နေသော မျက်နှာက ဖုံးဖိလို့ မရအောင် ထင်ဟပ်နေ၍ ထိုလူက မျက်နှာတစ်မျိုး ပြောင်းသွားကာ . . .

"မင်းတို့ပြောတာ တကယ်နော်"

"တကယ် တကယ်ပါ အစ်ကိုရယ်"

"အေး အဲ့ဒါဆိုပြီးရော၊ ဒါနဲ့ ဘယ်မှာလဲ မင်းတို့ ဦးလေးဆိုတာ"

စိန်သောင်းက ထီးအကွယ်မှ အနောက်ဘက်ကို အသာချောင်း

[redacted]



ကြည့်လိုက်ကာ . . .

"အဲ့ဒီ နဖူးပြောင်ပြောင်နဲ့ ဦးလေးကြီးပဲ"

ထိုလူက လှမ်းကြည့်၍ . . .

"ဒါဆို ငါကြည့်ထားလိုက်မယ်၊ သူခပ်ဝေးဝေးကို ရောက်သွားရင် မင်းကို ငါတို့ အကြောင်းကြားမယ်"

ဟုဆိုကာ သူ့ကောင်မလေးရှိရာ နေရာသို့ ပြန်သွားလိုက်လေသည်။ ထိုလူက သူ့ကောင်မလေးကို အဖြစ်အပျက်အား ရှင်းပြ၏။ စိန်သောင်းတို့နှစ်ယောက်ကိုလည်း သူတို့က သမီးရည်းစားတွေ ချိန်းတွေ့ကြသည်ထင်နေ၍ စုံတွဲအချင်းချင်း နားလည်မှုပေးသည့်အနေနှင့် ကောင်မလေးက ခွင့်လွှတ်ပါသည်။

စိန်သောင်းတို့နှစ်ယောက်ကတော့ ထီးအနောက်လေးမှာ တစ်ယောက်နဲ့တစ်ယောက် ပူးကပ်စွာ ထိုင်၍ ရင်တွေလည်းခုန်ကာ ကြောက်လည်း ကြောက်နေကြသည်။

ထိုအချိန်တွင် ဆောင်းဝတ်ရည်နှင်းတို့ ဦးလေးက ဘာကြောင့်မှန်းမသိဘဲ စိန်သောင်းတို့ရှိရာဘက်သို့ လှမ်းကာလာလေသည်။ ထို့နောက် စိန်သောင်းတို့ ကွယ်ထားသော ထီးကိုမြင်သွား၍ စုံတွဲတစ်တွဲပဲဟု မှတ်ကာ မျက်လုံးက ဝင်းဝင်းတောက်သွားလေ၏။ ထို့နောက် ချက်ချင်းပင် သစ်ပင်တစ်ပင်နောက်သို့ ဖျတ်ခနဲ ဖားပျံတစ်ကောင်လို ပြေးကပ်လိုက်လေသည်။

စိန်သောင်းတို့ကို ကင်းစောင့်ပေးနေသည့် ဟိုလူက ထိုအခြင်းအရာကို မြင်သွား၍ ရုတ်တရက် မျက်လုံးပြူးကာ သွား၏။ ဆောင်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်နှင်းရဲ့ ဦးလေးကလည်း သစ်ပင်အကွယ်က ကုတ်ချောင်း ကုတ်ချောင်းနှင့် ထွက်လာကာ စိန်သောင်းတို့နောက်က သစ်ပင်ကို လှမ်းလာနေလေသည်။

ထိုလူက အခြေအနေ အရပ်ရပ်ကို သုံးသပ်၍ မှုမမှန်တော့မှန်း ရိပ်မိလိုက်ကာ ဆောင်းဝတ်ရည်နှင်းတို့ ဦးလေးထံ အမြန်လှမ်းသွားလိုက်လေသည်။ အနားရောက်တော့ . . .

"အစ်ကိုကြီး မီး မီးခြစ်ပါလားဟင်"

ဆောင်းဝတ်ရည်နှင်းတို့ ဦးလေးက ထိုလူကို မကျေမနပ် လှည့်ကြည့်၍ . . .

"ကိုယ့်ညီကလည်းကွာ ဒီအချိန်ကျမှ မီးခြစ်လာတောင်းရလား"

ထိုလူက သွားဖြီးပြ၍ . . .

"ဆေးလိပ်သောက်ချင်လို့ပါ။ အစ်ကိုကြီးရယ် စိတ်မရှိပါနဲ့"

ဆောင်းဝတ်ရည်နှင်းတို့ ဦးလေးက မကျေမနပ်နှင့် အိတ်ထဲက မီးခြစ်ကို ထုတ်ကာ ပေးလေသည်။ စိန်သောင်းတို့က သူတို့နှစ်ဦး စကားပြောသံတွေကို ကြားသွားကာ အခြေအနေ မဟန်တော့မှန်း သိ၍ ထိုနေရာမှ ထီးကို ကွယ်ကာ ထထွက်သွားလေ၏။

ဆောင်းဝတ်ရည်နှင်းတို့ ဦးလေးလည်း ခွင်တစ်ခွင် လွတ်သွား၍ ပွစိပွစိနှင့် ထိုလူကို မကျေမနပ် ပြောကာ ထိုနေရာမှ လှည့်ထွက်သွားလေတော့သည်။

ထိုလူလည်း စုံတွဲတစ်တွဲကို ကယ်တင်လိုက်ရသော ပီတိနှင့်

[redacted]



ခေါင်းတညိတ်ညိတ် လုပ်ကာ နဖူးပြောင်ပြောင်နှင့် လူကြီးကို ကြည့်၍ ပြန်လှည့်လိုက်စဉ် . . .

"ဟင် ဟို ဟိုကောင်တွေရော၊ ငါ့ထီး ငါ့ထီး ပါသွားပြီ . . . ငါ့ထီး"

ထိုအချိန်တွင် သူ့ကောင်မလေးက ထလာ၍ . . .

"အကျယ်ကြီး အော်မနေပါနဲ့၊ တော်ကြာ ကြားသွားလို့ ဟိုလူကြီး ပြန်လှည့်လာဦးမယ်"

"ဟိုကောင်တွေနောက်ကို ထီးပါသွားတယ်လေ"

"သူတို့ ဘယ်မှအဝေးကြီး မသွားဘူး၊ ဒီနားတင်ပဲ ရှိမှာပါ၊ လိုက်သွားကြတာပေါ့"

ထို့နောက် ကောင်မလေး ခေါ်ရာနောက်သို့ ထိုလူလိုက်သွားပါတော့သည်။

♥♥♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



“နင် တို့က ဘယ်သွားနေတာလဲ၊ ဘယ်မှာမှ ရှာလို့မရလို့ ငါတို့မှာ စိတ်ပူလိုက်ရတာ”

သူတို့ကိုတွေ့တော့ အိမ်သာက ပြန်လာတဲ့ ကောင်မလေး လေးယောက်က စီးကာမေးသည်။ စိန်သောင်းက . . .

“ငါတို့ရှိပါတယ်ဟ၊ နင်တို့ မတွေ့လို့ပါ”

“ငါတို့ရှာတာ နှံ့နေတာပဲ၊ နင်တို့ ဘယ်သွားနေတာလဲ၊ မှန်မှန်ပြောစမ်း”

စိန်သောင်းက ဘာပြောလို့ ပြောရမှန်းမသိဖြစ်နေသည်။

ဆောင်းဝတ်ရည်နှင်းက တစ်ခုခုပြောဖို့ ကြိုးစားသည်။ အမှန်အတိုင်း ဖွင့်ပြောရမှာလည်း ရှက်နေ၍ ဘယ်လိုအကြောင်းပြရမလဲ

[redacted]



ဆိုတာ အကြံထုတ်လိုက်၏။

ခဏကြာတော့ အကြံရသွားကာ . . .

“ဩော် ဟို အသိတစ်ယောက်နဲ့ တွေ့နေလို့ ဟိုဘက်နားမှာ စကားသွားပြောနေတာဟ၊ အဲ့ဒါကြောင့် နင်တို့ ငါတို့ကို မတွေ့တာ”

အားလုံးက ဆောင်းဝတ်ရည်နှင်းစကားကို ယုံကြည်လိုက်ကြလေသည်။ မယုံကြည်နိုင်စရာလည်း အကြောင်းမရှိပေ။ ဆောင်းဝတ်ရည်နှင်းနှင့်စိန်သောင်းက ဘာမှလည်း မဟုတ်ကြ၍ ထိုကိစ္စကို ခပ်ပေါ့ပေါ့ပင် သဘောထားလိုက်ကြသည်။

ထိုအချိန်တွင် စန္ဒာခင်ဆိုသော ကောင်မလေးက စိန်သောင်းလက်ထဲက ထီးကိုတွေ့သွား၍ . . .

“စိန်သောင်း နင့်လက်ထဲက ထီးက . . .”

‘အဲ အဲဒါ ဟိုဟာ”

“ဟာ ညီလေးရာ ရှာလိုက်ရတာ၊ မင်းတို့ကလည်း ပြေးတာတန်းနေတာပဲနော်”

အသံလာရာ လှည့်ကြည့်လိုက်တော့ ထီးပိုင်ရှင် ဟိုလူဖြစ်နေတာ တွေ့လိုက်ရ၏။ ထိုလူက ပြောလည်းပြော လက်လည်း လှမ်းလိုက်ကာ . . .

“ကဲ ကိုယ့်ထီးလေး ပြန်မစပါဦး၊ မင်းတို့ စုံတွဲလည်း နောက်ဆိုပန်းခြံလာရင် ထီးလေး ဘာလေး ဆောင်ထားကြပေါ့ကွာ ဟား ဟား”

ဟုဆိုကာ နောက်ရင်း ထီးကို တောင်း၏။ စိန်သောင်းက ထိုလူလက်ထဲသို့ ထီးကို ထည့်ပေးလိုက်သည်။ ထိုလူက အခုမှ ကျန်တဲ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေကိုပါ တွေ့သွား၍ . . .

"ဩော် သူငယ်ချင်းတွေပါ ရောက်နေတာကိုး၊ ကဲ ကဲ ကိုယ်တို့ကို ခွင့်ပြုဦး"

ဟုဆို၍ လှည့်ထွက်သွား၏။ ထိုလူထွက်သွားပြီးနောက် ကျန်တဲ့သူတွေက စိန်သောင်းနှင့် ဆောင်းဝတ်ရည်နှင်းတို့ကို ကြည့်ကာ တအံ့တဩနှင့် . . .

"နင် နင်တို့ ဘာ ဘာတွေဖြစ်လာကြတာလဲဟင်"

နှစ်ယောက်စလုံး ဘာမှမပြောပြနိုင်သေးဘဲ ရှက်ကိုးရှက်ကန်းဖြစ်နေကြ၏။ ထိုအချိန်တွင် အတွဲသွားချောင်းသော အဖွဲ့တွေ ပြန်ရောက်လာ၏။ သူတို့ရောက်လာတော့ ကောင်မလေးတွေက ဖြစ်ကြောင်းကုန်စင်ကို ပြောပြသည်။

ချစ်ကိုဦးတို့အဖွဲ့ကလည်း ထိုကိစ္စကို သိချင်၍ ဝိုင်းမေးကြ၏။ နောက်ဆုံးတော့ ဆောင်းဝတ်ရည်နှင်းက အဖြစ်အပျက်အမှန်ကို ရှင်းပြရလေတော့သည်။

ဆောင်းဝတ်ရည်နှင်းစကားဆုံးတော့ . . .

"ဩော် ဂလိုကိုး"

"ဘာ ဂလိုကိုးလဲ၊ နင်တို့နော် ပေါက်ကရလျှောက်မတွေးနဲ့"

"ငါတို့က ဘာပြောလို့လဲ၊ ဂလိုကိုးလို့ပဲ ပြောတာ၊ ဘာဖြစ်လို့လဲ၊ နင့်ဘာသာနင် လျှောက်တွေးပြီးတော့"

"ဘာလျှောက်တွေးတာလဲ၊ နင်တို့နော်"

"နင်တို့ ရင်တော့တော်တော်ခုန်သွားမှာပဲနော်"

[redacted]



"ပြောလေ ကဲလေပါလား၊ နင်တို့နော်"

"ဘာလဲ ငါတို့က နင့်ဦးလေးနဲ့ မမျှော်လင့်ဘဲ တွေ့လိုက်တဲ့အချိန်မှာ ရင်တော့ တော်တော်ခုန်သွားမှာပဲလို့ ပြောတာပါ ဟားဟား ဟား"

ဆောင်းဝတ်ရည်နှင်းက သူမကိုပြောတဲ့သူတွေကို လိုက်ရိုက်သည်။ အားလုံးက ဆောင်းဝတ်ရည်နှင်းကို စကာ ထွက်ပြေးကြ၏။

စိန်သောင်းက ငြိမ်ကာနေသည်။ အကောင်းငြိမ်နေခြင်းမဟုတ်။ နေရာတွင်ပင် ကြက်သေကြီးသေကာ မျက်လုံးကြီးပြူး၍ မတ်တပ်ကြီး သတိလစ်နေခြင်းဖြစ်၏။ ရှက်လွန်းလို့ . . .။

♥♥♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**နောက်** ရက်တွေမှာ စိန်သောင်းတစ်ယောက် ငြိမ်သက်ကာနေသည်။ တစ်ခါတစ်ရံ တစ်နေရာတည်းကို ခပ်တွေတွေကြီး စိုက်ကြည့်၍ ငူငိုင်ငိုင်ကြီး ဖြစ်နေတတ်၏။ တစ်ခါတစ်ရံ တစ်ယောက်တည်း သက်ပြင်းတွေ ချချနေတတ်သည်။ သို့သော် ယခင်ကတည်းက ခပ်အေးအေးနေတတ်သူမို့ သူငြိမ်သက်နေခြင်းက သိပ်တော့ မသိသာလှပေ။ ဒါပေမယ့် ကြာလာတော့ ချစ်ကိုဦးက စိန်သောင်း အမူအရာတွေ ပျက်နေတာကို သတိထားမိလာ၏။ သူက တခြားသူတွေထက်စာရင် စိန်သောင်းနဲ့ အတွဲများသောကြောင့် ရိပ်မိလာခြင်းဖြစ်၏။

တစ်နေ့တွင် ကျောင်းကအပြန် ချစ်ကိုဦးက . . .

[redacted]



"စိန်သောင်း အခုတလော မင်းဘာဖြစ်နေတာလဲ"

စိန်သောင်းက . . .

"ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူး"

ချစ်ကိုဦးက တစ်ချက် ပြုံးလိုက်ကာ . . .

"မင်း သူများတွေကို လိမ်ချင်လိမ်လို့ရမယ်၊ ငါ့ကိုတော့ လိမ်လို့မရပါဘူးကွာ၊ မင်းတစ်ခုခုဖြစ်နေပါတယ်"

စိန်သောင်းက ဘာမှပြန်မပြောဘဲ ငြိမ်နေမိ၏။ ချစ်ကိုဦးက စိန်သောင်းကို ကြည့်၍ . . .

"ငါပြောတာ ဟုတ်တယ်မလား"

"ဟာ မဟုတ်ပါဘူးကွာ၊ မင်းထင်လို့ပါ"

"ငါထင်တာမဟုတ်ဘူးကွ မြင်တာ၊ မင်းစိတ်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာကို ငါမြင်နေတာ"

စိန်သောင်းက မလှုံမလဲ အမူအရာနှင့် . . .

"ငါ့စိတ်ကို သိနေတာလား"

ချစ်ကိုဦးက စိန်သောင်းစကားကြောင့် ဟက်ဟက်ပက်ပက် ထရယ်လိုက်သည်။ ပြီးနောက် စိန်သောင်းကို ပခုံးဖက်လိုက်ကာ. . .

"မင်း ဆောင်းဝတ်ရည်နှင်းကို စိတ်ဝင်စားနေပြီမဟုတ်လား"

ရုတ်တရက် ထပြောလိုက်သော ချစ်ကိုဦးစကားကြောင့် စိန်သောင်း ပါးစပ်ကြီး ဟောင်းလောင်းပွင့်သွားကာ . . .

"ဟာ မင်းဘာတွေလျှောက်ပြောနေတာလဲ၊ သူများတွေ ကြားကုန်မှဖြင့် တစ်မျိုးထင်နေဦးမယ်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"အခု ဘယ်သူမှလည်း မရှိပါဘူးကွာ၊ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းပါ။ ငါ ဘယ်သူ့မှ လျှောက်မပြောပါဘူးကွာ၊ ငါပြောတာ ဟုတ်တယ်မလား"

စိန်သောင်းက သက်ပြင်းကို ချကာ ခေါင်းခါပြ၏။

"မဟုတ်ပါဘူးကွာ၊ မင်းထင်နေတာပါ"

"ဟုတ်ရင် ဟုတ်တယ်ပေါ့ စိန်သောင်းရာ၊ ဘာရှက်စရာရှိလို့လဲ၊ ခံစားချက်တွေကို ရင်ထဲမှာ အောင်းမထားစမ်းပါနဲ့ကွာ၊ ဖွင့်ချလိုက်စမ်းပါ"

စိန်သောင်း ငြိမ်ကာသွားသည်။ တော်တော်လေးကြာအောင် ငြိမ်သွားပြီးတော့မှ ချစ်ကိုဦးကို ကြည့်ကာ . . .

"မင်းတကယ် ဘယ်သူ့ကိုမှ မပြောဘူးနော်"

ချစ်ကိုဦးက ခေါင်းညိတ်ပြ၍ . . .

"တကယ်မပြောဘူး၊ ဘုရားစူး မိုးကြိုးပစ်"

အဲ့ဒီတော့မှ စိန်သောင်းက . . .

"ဟုတ်တယ်ကွ ငါ သူ့ကို စိတ်ဝင်စားမိနေပြီလား မသိဘူး၊ သူနဲ့ မတွေ့ရတဲ့အချိန်တွေမှာ သူ့ကို တွေ့ချင်နေတယ်၊ သူနဲ့ တွေ့ရပြန်တော့လည်း ငါ့စိတ်ထဲမှာ တစ်ခုခုကို လန့်နေသလိုပဲ"

"မင်းက ဘာကိုလန့်နေတာလဲ"

"ဘာကိုလန့်မှန်းမသိဘူးကွ လန့်နေသလိုပဲ၊ ပြီးတော့ ကြောက်လည်းကြောက်တယ်၊ ရင်လည်းခုန်တယ်"

ချစ်ကိုဦးက စိန်သောင်းစကားကို နားထောင်ကာ ရယ်သည်။

[redacted]



စိန်သောင်းက စကားကိုဆက်သည်။

"မင်းပြောသလို ငါ သူ့ကိုချစ်နေမိပြီ ထင်တယ်ကွာ၊ ဒါပေမယ့် အခုလို အရေးကြီးတဲ့အချိန်မှာ ဒါတွေ မစဉ်းစားသင့်သေးဘူးဆိုတာ နားလည်ပါတယ်၊ ဒါပေမယ့် ငါ့စိတ်ငါ ထိန်းလို့မရဘူးကွာ၊ သူ့အလိုလို ဖြစ်လာတာ၊ ဒါပေမယ့် ငါ သူ့ကို ဘယ်တော့မှ ဖွင့်မပြောဘူးဆိုတာ ယုံပါ၊ ဖွင့်ပြောလည်း သူလက်ခံမှာ မဟုတ်ဘူးဆိုတာ ငါသိပါတယ်"

ချစ်ကိုဦးက စိန်သောင်းစကားတွေ နားထောင်ရင်း ခေါင်းညိတ်ပြသည်။ ပြီးနောက် . . .

"မင်းပြောတာ မှန်ပါတယ်၊ အခုအချိန်မှာ ငါတို့က ဆယ်တန်းကျောင်းသားအရွယ်ဆိုတော့ အရေးကြီးတဲ့ အချိန်ကို ရောက်နေပြီလေ၊ မင်းဘက်က သွားပြောရင်လည်း ဒီအချိန်မှာ ဒါတွေ မစဉ်းစားသေးဘူးဆိုတဲ့ အဖြေတစ်ခုပဲ ရမှာ သေချာတယ်"

"အဲ့ဒါကြောင့် ငါသူ့ကို ဘယ်တော့မှ ဖွင့်မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတာပေါ့"

"အဲဒီ့စကားကိုတော့ ငါလက်မခံဘူး"

စိန်သောင်းက ချစ်ကိုဦးကို ကြည့်လိုက်ကာ . . .

"ဘာလို့လဲ"

"ဘယ်တော့မှ ဖွင့်မပြောတော့ဘူးဆိုတော့ ဆယ်တန်းပြီးသွားလို့ တက္ကသိုလ်ရောက်ရင်ရော မင်းက ဖွင့်မပြောတော့ဘူးလား၊ အဲ့ဒီအချိန်ဆိုရင် မင်းရင်ထဲက အချစ်ဆိုတဲ့အရာကို လွတ်လပ်စွာ တင်ပြခွင့်ရသွားပြီလေ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိန်သောင်းက အဝေးကို ငေးကြည့်လိုက်ကာ . . .

'အဲ့ဒီအချိန်ဆို သူ့ဘေးနားမှာ ငါ့ထက်အဆပေါင်း များစွာ သာတဲ့ သူတွေ ဝိုင်းဝိုင်းလည်နေပြီပေါ့ကွာ၊ ငါ့လိုကောင်မျိုးကို သူ ဘယ်စိတ်ဝင်စားပါ့မလဲ"

"မင်းကလည်းကွာ စစ်မရောက်ခင် မြားက ကုန်နေတယ်၊ မင်းကို ပြန်မချစ်ဘူးလို့ ဘယ်သူပြောလဲ၊ သူ ချစ်ချင်ရင် ပြန်ချစ်မှာပေါ့"

စိန်သောင်းက ပြုံးလိုက်ကာ . . .

"အခုလိုပဲ သူငယ်ချင်းဘဝနဲ့ သူ့ဘေးနားမှာ နေခွင့်ရနေရင်ပဲ ကျေနပ်ပါပြီကွာ"

"မင်းက သောက်ရူးပဲ" ဟု ချစ်ကိုဦးက ထောပနာပြုသည်။ စိန်သောင်းကတော့ အပြုံးမပျက်။

"ဟုတ်တယ်ကွ၊ ချစ်တယ်လို့ ပြောလိုက်မှ သူမုန်းသွားမယ့် အမုန်းတွေကို ခံယူရတာထက်စာရင် သူငယ်ချင်းဘဝနဲ့ သူ့ဘေးနားမှာ တစ်သက်လုံးနေရတာ ပိုကောင်းပါတယ်"

ချစ်ကိုဦးက စိန်သောင်းစကားတွေကို နားထောင်ပြီး တအံ့တသြ ကြည့်၏။ ပြီးနောက် . . .

"မင်းက လူကြည့်တော့ အတီးအတနဲ့ ပြောချလိုက်တဲ့ စကားလုံးကျတော့ လူနဲ့တောင် မလိုက်ပါလား"

"အဲ့ဒါ အချစ်ကြောင့်ပေါ့ကွာ"

"သေလိုက်ကွာ"

♥♥♥

[redacted]



သူတို့ ကျူရှင်မှာဖြစ်သည်။ ပထမတစ်ချိန် ပြီးသွား၍ နောက်တစ်ချိန် အကူးအပြောင်းတွင် ဆရာမအလာကို စောင့်ရင်း ကိုယ့်အုပ်စုနဲ့ကိုယ် ဝိုင်းဖွဲ့ကာ စကားပြောနေကြ၏။ ဆရာမကလည်း ဒီနေ့မှ နောက်ကျနေ၍ သူတို့အတွက် စကားပြောဖို့ အချိန်တော်တော်များများ ရနေသည်။

သူတို့အဖွဲ့က ရောက်တတ်ရာရာတွေ ပြောနေရင်း ကုလားအုတ်က ထ၍ . . .

"ငါတို့တွေ တစ်ခုခု ကစားရအောင်ဟာ"

"မကြီးမငယ်နဲ့ နင်က ဘာကစားချင်လို့လဲ"

ကုလားအုတ်က . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဟာ ငါတို့ အကြိုက်နှစ်သက်ဆုံး အရာတစ်ခုကို စာရွက်တစ်ရွက်နဲ့ ချရေးပြီး သိမ်းထားလိုက်၊ ပြီးရင် အဲ့ဒီအကြိုက်နှစ်သက်ဆုံးအရာပါ အပါအဝင် သုံးမျိုးချရေး၊ ပြီးရင် ကိုယ့်ရဲ့ပြိုင်ဘက်ကို အဲဒီသုံးမျိုးချပြပြီး စာရွက်ထဲမှာ ရေးပြီးသိမ်းထားတဲ့ ကိုယ်အကြိုက်ဆုံးအရာက ဘာလဲလို့ ခန့်မှန်းခိုင်းရမယ်၊ တစ်ဖက်က ခန့်မှန်းလို့ မှန်သွားရင် ကာယကံရှင်က ရှုံးပြီ၊ တစ်ဖက်က ခန့်မှန်းလို့ မှားသွားရင် ကာယကံရှင်က နိုင်ပြီပေါ့၊ အဲ့ဒီလိုမျိုး ယောကျ်ားလေးတစ်ဖက် မိန်းကလေးတစ်ဖက် ခန့်မှန်းကြရအောင်၊ အမှတ်အများဆုံးရတဲ့ဘက်က အနိုင်ပဲ၊ ရှုံးတဲ့ဘက်က ကျူရှင်ဆင်းရင် မုန့်လိုက်ကျွေးရမယ်၊ ဘယ်လိုလဲ"

အားလုံးသဘောတူလိုက်ကြသည်။ ပြီးနောက် တစ်ဖက်နှင့်တစ်ဖက် ယှဉ်ပြိုင်မယ့်အတွဲတွေကို သတ်မှတ်လိုက်ကြ၏။ အားလုံးက စိန်သောင်းနဲ့ ဆောင်းဝတ်ရည်နှင်းကို တွဲပေးသည်။ ပြီးနောက် ချစ်ကိုဦးနဲ့ ခင်ဝေဦး၊ မျောက်ကြီးနဲ့ အေးမြတ်မွန်၊ ကုလားအုတ်နဲ့ စန္ဒီခင်၊ မျိုးကိုနဲ့ သန္တာစိုးတို့ ဖြစ်ကြသည်။

ချစ်ကိုဦးတို့ အတွဲက အရင်စသည်။ ခင်ဝေဦးက သူအကြိုက်ဆုံးတစ်ခုကို စာရွက်တစ်ခုမှာ ဘယ်သူမှ မမြင်အောင် ရေး၍ ခေါက်ကာ သိမ်းထားလိုက်၏။ ထို့နောက် သူအကြိုက်ဆုံးအပါအဝင် သုံးမျိုးချရေးကာ ချစ်ကိုဦးကို ပြလိုက်သည်။ သူမ ရေးထားတာက . . .

ဒန်ပေါက်၊ မုန့်ဟင်းခါး၊ ကြက်ဆီထမင်း . . .

ချစ်ကိုဦးက ထိုစာရွက်ကိုကြည့်၍ . . .

[redacted]



"နင်က ခန္တာကိုယ်နဲ့ လိုက်တယ်၊ အားလုံး အစားအသောက်တွေချည်းပဲ"

"ဖြေမှာသာ ဖြေစမ်းပါ လျှာမရှည်စမ်းပါနဲ့"

ချစ်ကိုဦးက ဟိုတစ်ခါ မုန့်ဟင်းခါး စားရင်း ကြွက်ကိစ္စနှင့်ပတ်သက်၍ ပြဿနာတက်ခဲ့ရတာကို သတိရသွား၍ မုန့်ဟင်းခါးကို ရွေးလိုက်သည်။

ခင်ဝေဦးက မကျေမနပ်အမူအရာနှင့် သူသိမ်းထားသော စာရွက်ကို ဖွင့်ပြလိုက်တော့ မုန့်ဟင်းခါးပင် ဖြစ်နေလေသည်။

ချစ်ကိုဦး မှန်သွား၍ ယောကျ်ားလေးတွေဘက်က တစ်မှတ်ရသွားသည်။ ထို့နောက် အပြန်အလှန်သဘောအရ ချစ်ကိုဦး အလှည့်ရောက်လာသည်။ ထုံးစံအတိုင်း အကြိုက်ဆုံးတစ်ခုမှတ်၍ စာရွက်ပေါ်မှာ သုံးခုရေးက ခင်ဝေဦးကို ပြလိုက်သည်။ ချစ်ကိုဦးရေးတာက . . .

အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ မိုးဟေကို။

ခင်ဝေဦးက အိန္ဒြာကျော်ဇင်ကို ထောက်ပြလိုက်သည်။ မှားသွား၏။ ချစ်ကိုဦး ကြိုက်တာ မိုးဟေကို ဖြစ်နေလေသည်။ မိန်းကလေးတွေဘက်က တစ်မှတ်လျှော့သွားလေသည်။

ထို့နောက် မျောက်ကြီးနဲ့ အေးမြတ်မွန်တို့အတွဲ ဖြစ်၏။ မျောက်ကြီးက စ၍ ရေးပြသည်။

ကော်ဖီ၊ လက်ဖက်ရည်၊ နွားနို့။

အေးမြတ်မွန်က လက်ဖက်ရည်ကို ထောက်ပြလိုက်၏။ မှန်သွား:

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မျောက်ကြီးက အေးမြတ်မွန်ကို ကြည့်၍ . . .

"နင်က ငါ့အကြိုက်တွေတောင် သိနေပါလား၊ ဘယ်တုန်းက မှတ်ထားတာလဲ"

ဟု စလိုက်၏။ အေးမြတ်မွန်က အသံတိတ် ဆဲလိုက်လေသည်။ ဘာပဲဖြစ်ဖြစ် မိန်းကလေးတွေဘက်က တစ်မှတ်ရသွားလေသည်။

အေးမြတ်မွန်အလှည့်ရောက်တော့ . . .

စံပယ်၊ ခရေ၊ ကံ့ကော်။

မျောက်ကြီးက စံပယ်ကို ထောက်ပြလိုက်၏။ အေးမြတ်မွန် ကြိုက်တာ ခရေဖြစ်နေ၍ ယောကျ်ားလေးတွေဘက်က တစ်မှတ် ပြန်လျော့သွားလေသည်။ ထို့ကြောင့် တစ်ဖက်နှစ်မှတ်စီနှင့် သရေဖြစ် ကာနေ၏။

ထို့နောက် ကုလားအုတ်နဲ့ စန္ဒီခင်အလှည့်။

စန္ဒီခင်က . . .

စိမ်း၊ ပတ္တမြား၊ နီလာ ဟု ရေးပြ၏။

ကုလားအုတ်က စိမ်းကို ထောက်ပြလိုက်သည်။ စန္ဒီခင့်စာရွက် ထဲမှာ ရေးထားတာ ပတ္တမြားဖြစ်နေ၍ ယောကျ်ားလေးတွေဘက်က တစ်မှတ်လျော့သွားသည်။

ကုလားအုတ်အလှည့်ရောက်တော့ . . .

ခင်ဝေဦး၊ စန္ဒီခင်၊ အေးမြတ်မွန် ဟု ရေးပြလိုက်၏။ ကုလား အုတ်ရေးထားတာကို ကြည့်၍ ကောင်မလေးတွေ မျက်လုံးပြူးသွား ကာ . . .



"နင်နော် အဲ့ဒါတွေ မပါဘူးလေ၊ မယုတ်မာနဲ့"

ကုလားအုတ်က . . .

"မပါဘူးလို့ နင်တို့ကို ဘယ်သူပြောလဲ၊ စည်းကမ်းချက်မှ မ သတ်မှတ်ထားတာ"

အားလုံးငြိမ်သွားကြ၏။ ထို့နောက် စန္ဒီခင်က သူ့နာမည်သူ ထောက်ပြလိုက်သည်။ ကုလားအုတ်က ဟားတိုက်ရယ်မော၍ . . .

"နင့်ကို ငါက ကြိုက်နေတယ်လို့ ထင်လို့လား ဟား ဟား၊ ဒီမှာ ငါကြိုက်တာက"

ဆိုပြီး သူရေးထားတာကို ဖွင့်ပြလိုက်တော့ အေးမြတ်မွန်နာ မည် ဖြစ်နေတာ တွေ့ရသည်။ ကုလားအုတ်က နောက်ပြီး ရေးတာ လား၊ အတည်ရေးတာလားတော့ မသိပေ။ အေးမြတ်မွန် မျက်နှာက တော့ ရဲကနဲဖြစ်သွားလေသည်။ ဤသို့ဖြင့် မိန်းကလေးတွေဘက် လည်း အမှတ်မရဖြစ်သွားကာ ယခုအချိန်ထိ ယောကျ်ားလေးဘက် က သုံးမှတ်နှင့် မိန်းကလေးဘက်က သုံးမှတ်ဖြင့် နှစ်ဘက်စလုံး သရေ ဖြစ်နေလေသည်။

နောက်ဆုံး နှစ်ဖွဲ့သာ ကျန်တော့သည်။ မျိုးကိုနဲ့ သန္တာစိုးတို့ အဖွဲ့နှင့် ဆောင်းဝတ်ရည်နှင်း နှင့် စိန်သောင်းတို့ အဖွဲ့ပင် ဖြစ်သည်။

မျိုးကိုက သူတို့အဖွဲ့ အရင်စမည်ဟုဆိုကာ သန္တာစိုးကို စာရွက် ပေါ်မှာ ချရေးပြလိုက်ပါတော့သည်။ သူက တစ်မျိုး။ ဘာသာရပ်တွေ ကို ချရေးပြခြင်းဖြစ်သည်။

သင်္ချာ၊ မြန်မာစာ၊ အင်္ဂလိပ်။

www.burmeseclassic.com

www.burmeseclassic.com



သန္တာစိုးက ကြည့်၍ တစ်ချက်စဉ်းစားလိုက်သည်။ မျိုးကိုက အားလုံးထဲမှာ သင်္ချာအတော်ဆုံးဖြစ်သောကြောင့် သင်္ချာကို ထောက်ပြလိုက်လေ၏။ မှန်သွားလေသည်။ ဤသို့ဖြင့် မိန်းကလေးတွေဘက်က တစ်မှတ်ပိုရသွားလေသည်။

သန္တာစိုးအလှည့်ရောက်တော့ . . .

ခွေး၊ ကြောင်၊ ကြက်တူရွေး။

မျိုးကိုက ရုတ်တရက် မဖြေသေးဘဲ သေသေချာချာ စဉ်းစား၏။ ထို့နောက် တစ်ခါတုန်းက သန္တာစိုးက မုန့်ဈေးတန်းက ကြောင်တစ်ကောင်ကို ငါးမုန့်ကြော် ချကျွေးတာကို အမှတ်ရလိုက်၍ ကြောင်ကို ရွေးချယ်လိုက်ပါသည်။

မှန်သွားလေသည်။ ဤသို့ဖြင့် တစ်ဖက်နှင့်တစ်ဖက် လေးမှတ်စီရကာ သရေပွဲဖြစ်လေ၏။

နောက်ဆုံးတစ်ပွဲ့အဖြစ် ဆောင်းဝတ်ရည်နှင်းနှင့် စိန်သောင်းတို့သာ ကျန်ပါတော့သည်။ အားလုံးရဲ့ အနိုင်အရှုံးက သူတို့နှစ်ယောက်အပေါ် မူတည်နေကြ၍ စိတ်ဝင်တစား ဖြစ်နေကြသည်။

စိန်သောင်းက စ၍ ရေးပြသည်။ သူရေးပြတာ အားလုံးက အညာဘက်ကထွက်သော ထွက်ကုန်တွေချည်းဖြစ်သည်။

ထန်းလျက်ခဲ၊ ပုံးရည်ကြီး၊ တမာချဉ်။

ဆောင်းဝတ်ရည်နှင်း အကြပ်ရိုက်သွားသည်။ အညာက လာသော သူက အညာအစာတွေချည်း ရေးပြ၍ ဘာကိုညွှန်ပြရမှန်းမသိဖြစ်နေလေသည်။ နောက်ဆုံးက သူမက ထန်းလျက်ခဲကို ထောက်ပြ

[redacted]



လိုက်သည်။

သူမ ကံဆိုးသွား၏။ စိန်သောင်း အကြိုက်ဆုံးက ပုံးရည်ကြီးဖြစ်နေလေသည်။ ယောကျ်ားလေးတွေအားလုံး ဝမ်းသာအားရ လက်ခုပ်တီးလိုက်ကြလေ၏။ သူတို့ဘက်က တစ်မှတ်အသာရသွားလေပြီ။

နောက်ဆုံးတော့ ဆောင်းဝတ်ရည်နှင်း အလှည့်ရောက်လာ၏။ သူမက . . .

နှင်းဆီအဖြူ၊ နှင်းဆီအနီ၊ နှင်းဆီ ပန်းရောင်။

စိန်သောင်းက ငြိမ်သက်စွာ စာရွက်ကလေးကို ကြည့်နေသည်။ သူ့အဖြေသည် ဒီပွဲ၏ အဆုံးအဖြတ်မှန်း သိနေ၍ စိတ်ကို တည်ငြိမ်စွာထားကာ စဉ်းစားနေခြင်းဖြစ်၏။ သူမှားသွားလျှင် ဤပွဲသည် သရေဖြစ်၍ သူဖြေတာ မှန်သွားလျှင် ဤပွဲနိုင်ပြီ။

ထို့ကြောင့် သေချာစဉ်းစားလိုက်၏။ အရင်ဆုံးသူက ဘာအရောင်ကို အကြိုက်ဆုံးလဲဟု ကိုယ့်ကိုယ်ကို ပြန်စဉ်းစား၏။ သူက အဖြူရောင်ကို အကြိုက်ဆုံးဖြစ်သည်။ ထို့ကြောင့် နှင်းဆီအဖြူကို ထောက်ပြလိုက်ပါတော့၏။

ဆောင်းဝတ်ရည်နှင်းက စိန်သောင်းကို တစ်ချက်ကြည့်၍ သူ့အဖြေလွှာ စာရွက်လေးကို ထုတ်ကာ ပြလိုက်သည်။ ထိုစာရွက်ခေါက်လေးကို အားလုံးက စိတ်ဝင်တစား ကြည့်နေကြ၏။

"ဟေး"

ယောကျ်ားလေးတွေရဲ့ အော်သံက ဆူညံကာ သွားပါတော့သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဝတ်ရည်နှင်း ရေးထားတာ နှင်းဆီအဖြူ။

ဤသို့ဖြင့် ကျူရှင်ပြီးတော့ ယောက်ျားလေးတွေဘက်က အနိုင်ရသွားသောကြောင့် မိန်းကလေးတွေက မှုန့်လိုက်ကျွေးရလေသည်။

လဘက်ရည်ဆိုင်သို့အသွားမှာ စိန်သောင်းက သိချင်စိတ်ဖြင့် ဆောင်းဝတ်ရည်နှင်းနား ကပ်၍ . . .

"ဆောင်းဝတ်ရည်နှင်း"

ဆောင်းဝတ်ရည်နှင်းက လှည့်ကြည့်၍ . . .

"ဘာလဲ"

"နင်က တကယ် နှင်းဆီအဖြူကို အကြိုက်ဆုံးလားဟင်"

ဆောင်းဝတ်ရည်နှင်းက ခေါင်းညိတ်ပြကာ . . .

"ဟုတ်တယ် ငါက အရောင်တွေထဲမှာ အဖြူရောင်ကို အကြိုက်ဆုံး၊ ပန်းတွေထဲမှာလည်း နှင်းဆီပန်းကို အမြတ်နိုးဆုံး၊ ဘာလို့ မေးတာလဲ"

စိန်သောင်းက ခေါင်းခါပြလိုက်၍ . . .

"ဘာမှမဟုတ်ပါဘူးဟာ သိချင်လို့ပါ"

[redacted]



အခု ချိန်နာရီတွေ တရွေ့ရွေ့လည်ပတ်၍ ရာသီတွေလည်း ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ တဖြည်းဖြည်းနဲ့ စာမေးပွဲကြီးလည်း နီးကပ်လာပြီဖြစ်၏။ စာတွေကလည်း များလာ၍ ကျက်မှတ်ရမှာတွေလည်း များလာ၏။ ထို့ကြောင့် ကျောင်းသူ၊ ကျောင်းသားတို့မှာ အချိန်နှင့်အမျှ ဖိအားတွေ များလာသည်။ စာကျက်ချိန်၊ ကျောင်းသွားချိန်၊ ကျူရှင်တက်ချိန်တို့နှင့် သူတို့၏ တစ်နေ့စာ အချိန်များက ပြည့်ကြပ်ကာ နေ၏။ ထို့ကြောင့် အားလပ်ချိန်ဆို၍ မရှိသလောက် ရှားပါးလာလေသည်။

ကျောင်းမှာကလည်း စာမေးပွဲနဲ့ ပတ်သက်တဲ့ အရေးကြီး သင်ခန်းစာတွေကို ပိုမိုအားပြု၍ သင်လာသလို ကျူရှင်ကလည်း မေး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းတွေ ပြန်လည်ဖြေဆိုခိုင်းသည့် စာမေးပွဲငယ်တွေ စစ်လာသည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူ တော်တော်များများမှာ ကျောင်းနဲ့ကျူရှင်ကို တော်ရုံတန်ရုံ နေထိုင်မကောင်းဖြစ်ရင်တောင် မပျက်ရဲကြပေ။

သူများတွေနည်းတူ စိန်သောင်းတို့လည်း အလုပ်တွေ ရှုပ်နေကြလေသည်။ စိန်သောင်းက သူများတွေထက်စာရင် ဆောင်းဝတ်ရည်နှင့်အကြောင်း တွေးနေရသည့် အလုပ်တစ်ခု ပိုလာသည်ဟု ဆိုရမည်။ တစ်ခါတလေ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်၊ စာကျက်လည်း ဒီစိတ်ဖြစ်နေရ၍ အတွေးထဲက ဆောင်းဝတ်ရည်နှင်းကို ခဏ ခဏ မောင်းထုတ်နေရသည်။ သို့သော် တစ်ဒင်္ဂသာ။ အချိန်တန်တော့ ပြန်လည် ဝင်ရောက်လာမြဲ။

ဒီနေ့လည်း ကျူရှင်မှာ မေးခွန်းဟောင်းတစ်ခုကို စာမေးပွဲစစ်သည်။ စာမေးပွဲပြီးသွားတော့ သူတို့ အားလပ်ချိန်လေးရ၍ အုပ်စုလိုက် စကားထိုင်ပြောနေကြသည်။ ထုံးစံအတိုင်း စာမေးပွဲအကြောင်းကိုပဲ ဦးတည်၍ ပြောဖြစ်ကြ၏။ စိန်သောင်းကတော့ ဖြေနိုင်သည်ဟု ဆို၏။ ချစ်ကိုဦးနဲ့ ကုလားအုတ်ကတော့ သိပ်မဖြေနိုင်ကြပေ။ မျောက်ကြီးနဲ့ မျိုးကိုကတော့ ဘာမှမပြောကြပေ။

ကောင်မလေးတွေကတော့ . . .

"ငါတို့ကတော့ လွယ်လွန်းလို့ ဖြေရတာ ပျင်းတောင်ပျင်းတယ်" ဟု ဆိုလေသည်။ ချစ်ကိုဦးတို့က မဲ့ကာရွဲ့ကာနှင့် . . .

"ဒါက အစမ်းစစ်တဲ့ စာမေးပွဲဆိုတော့ ဖြေနိုင်တာ၊ မဖြေနိုင်

[redacted]



တာ ပြဿနာမရှိဘူး၊ တကယ့်စာမေးပွဲကြီးမှာ ဖြေနိုင်ဖို့ အရေးကြီးတယ်"

ဟု ပြန်ထေ့လိုက်သည်။ ထို့နောက် ကောင်မလေးတွေက တစ်ခုခု ပြန်ပြောမလို့ လုပ်စဉ် နောက်သင်မည့် ဘာသာရပ်အတွက် ဆရာမ ရောက်လာ၍ မပြောလိုက်ရဘဲ ဖြစ်သွား၏။ ဆရာမက မေးလေ့မေးထရှိသည့် ပုစ္ဆာတွေရဲ့ သဘောကို ရှင်းပြကာ ဖြေဆိုရာ၌ အဓိက ပါဝင်ရမည့် အချက်အလက်တွေကို ပြောပြသည်။

ထို့နောက် ကျူရှင်ပြီးသွားတော့ ညနေပိုင်း နှစ်ချိန်ဆက်မတက်ခင်စပ်ကြား တစ်နာရီလောက် နားချိန်ရသည်။ ညနေပိုင်း အစားအသောက်စားချိန်ဆိုလည်း မမှားပေ။ ထို့ကြောင့် သူတို့လမ်းထိပ်ဘက် ထွက်လာကြသည်။ ကောင်မလေးတွေက မုန့်ဟင်းခါး စားချင်သည်ဆို၍ ညနေပိုင်းဖွင့်သည့် မုန့်ဟင်းခါးဆိုင်ဘက် ထွက်သွားကြသည်။

ကောင်မလေးတွေ ထွက်သွားတော့ မျိုးကိုက . . .

"ငါတော့ မုန့်ဟင်းခါး မစားချင်ဘူးကွာ၊ ကြက်သားသုပ် သွားစားမယ်၊ မင်းတို့ရော"

ချစ်ကိုဦးက ကြက်သားသုပ်စားမယ်ဆိုပြီး မျိုးကိုနောက် လိုက်သွားသည်။ မျောက်ကြီးနဲ့ ကုလားအုတ်က လက်ဖက်ရည်ဆိုင်ဘက် ထွက်သွား၏။ စိန်သောင်းက မုန့်ဟင်းခါး စားချင်သည်။ သို့သော် ကောင်မလေးတွေနောက် သူလိုက်သွားရင် ဝိုင်းစကြမည်စိုး၍ ချစ်ကိုဦးတို့နှင့်ပင် ကြက်သားသုပ်ဆိုင်သို့ လိုက်သွားပါတော့သည်။

ကြက်သားသုပ်ဆိုင်ရောက်တော့ မျိုးကိုက အိမ်က ကီစွတစ်ခု၌

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုပြီး လိုက်ခေါ်၍ မျိုးကို အိမ်ပြန်သွားရ၏။ ထို့ကြောင့် ချစ်ကိုဦးနဲ့ စိန်သောင်းသာ ကြက်သားသုပ်ဆိုင်မှာ ကျန်ခဲ့လေသည်။ နှစ်ယောက်တည်းရှိတော့မှ ချစ်ကိုဦးက စိန်သောင်းကို . . .

"စိန်သောင်း"

စိန်သောင်းက မော့ကြည့်လိုက်သည်။ ချစ်ကိုဦးက . . .

"မင်းဒီအတိုင်းပဲ နေသွားတော့မှာလား"

ချစ်ကိုဦးရဲ့ အဆုံးအစမရှိတဲ့ စကားကြောင့် စိန်သောင်းက ကြောင်တောင်တောင် ဖြစ်သွားကာ . . .

"ဘာလဲဟ မင်းစကားကြီးက၊ ငါက ဒီလိုမနေလို့ ဘယ်လိုနေရမှာလဲ"

"ငါပြောတာက ဆောင်းဝတ်ရည်နှင်းကို မင်းဒီလိုပဲ ကြည့်နေတော့မှာလားလို့ မေးတာ၊ မင်းဘက်က ဘာမှမပြောတော့ဘူးလား"

"ငါက ဘာပြောရမှာလဲ"

"တစ်ခုခုပေါ့ကွာ၊ ဥပမာ ဖွင့်ပြောတာတို့ ဘာတို့"

"မင်းကလည်းကွာ စဉ်းစဉ်းစားစားလည်း လုပ်ပါဦး၊ စာမေးပွဲနီးလို့ အားလုံးက အာရုံတွေ ရှုပ်နေရတဲ့ကြားထဲ ငါက သူ့ကို ဖွင့်ပြောလိုက်ရင် ပြဿနာတွေ တက်ကုန်မှာပေါ့ကွာ"

ချစ်ကိုဦးက ဘာမှပြန်မပြောဘဲ လာချပေးတဲ့ ကြက်သားသုပ်ကို တစ်ဖတ်နှိုက်စားလိုက်သည်။ စိန်သောင်းက စကားစကို ပြန်ဆက်သည်။

"ငါ မင်းကို ပြောပြီးသားပဲ၊ သူ့ဘေးနားမှာ ငါသူငယ်ချင်း

[redacted]



တစ်ယောက်လိုပဲ နေတော့မယ်လို့"

"မင်းက တစ်သက်လုံး အဲ့ဒီအတိုင်း နေနိုင်လို့လား"

စိန်သောင်းက အင်းမလုပ် အဲမလုပ် ငြိမ်နေမိသည်။ အမှန်တော့ ဆောင်းဝတ်ရည်နှင်းကို ပိုင်ဆိုင်ချင်တဲ့စိတ်က သူ့အပြင် အပိုမရှိ။ အချစ်ဦးမို့လည်း အရူးအမူး ဖြစ်ရ၏။ သို့သော် စိန်သောင်းမှာ ဆောင်းဝတ်ရည်နှင်းနှင့် ပတ်သက်လျှင် အရာရာ သိမ်ငယ်နေစိတ်က ရင်ထဲမှာ ရှိနေသည်။ ထို့ကြောင့် ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာသာ နားထောင်လို့ကောင်းသည့် စကားတွေ ပြောရင်း ကိုယ့်ကိုယ်ကို ဖြေသိမ့်နေရ၏။

ချစ်ကိုဦးက စိန်သောင်းရဲ့ မထုံတက်တေး အမူအရာကို ကြည့်၍ အားမလို အားမရဖြစ်သွားကာ . . .

"အေးပါ မင်း လုပ်နေ လုပ်နေ၊ အဲ့ဒီလိုပဲ အူတူတူ အကတတ လုပ်နေ သူများနောက် ပါသွားလိမ့်မယ်"

ချစ်ကိုဦးရဲ့ စကားကို ကြားတော့ စိန်သောင်း ခေါင်းထောင်လာကာ . . .

"မင်းစကားက ဘာအဓိပ္ပာယ်လဲ၊ သူက ဘယ်သူ့နောက် ပါသွား မှာလဲ"

ချစ်ကိုဦးက တစ်စုံတစ်ခုကို စဉ်းစားသလို လုပ်ပြီးမှ စိန်သောင်းကို ကြည့်ပြီး . . .

"မင်း အခုတလော သတိထားမိလား၊ ငါတို့တွေ မနက်ပိုင်း စုရပ်ကို တစ်ခါတလေ သူ ရောက်မလာဘူးလေ၊ နောက်တော့မှ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို သူ့ဘာသာသူ ရောက်ရောက်လာတာ ကျောင်းပြန်ရင်လည်း ကားတစ်စီး လာကြိုသွားတာ"

စိန်သောင်းက ချစ်ကိုဦး ပြောတော့မှ ထိုကိစ္စကို သတိရသွားသည်။ ယခုနောက်ပိုင်း တချို့ရက်တွေမှာ ဆောင်းဝတ်ရည်နှင်းက သူတို့နဲ့အတူ ကျောင်းမလိုက်တော့ဘဲ သူ့ဘာသာသူ ကိုယ်ပိုင်ကားတစ်စီးနှင့် ရောက်ရောက်လာသည်။ ပြန်လျှင်လည်း ထိုကားလာကြိုတဲ့ ရက်တွေဆို ထိုကားနှင့်ပင် ပြန်လိုက်သွားသည်။ ဒါကလည်း အားလုံး အသိပင်ဖြစ်နေ၍ အထူးအဆန်း မဟုတ်တော့ပေ။ ဆောင်းဝတ်ရည်နှင်းကို မေးကြည့်တော့လည်း စာမေးပွဲနီး၍ သူ့အိမ်က အကြိုအပို့ လုပ်ပေးတာဟု ပြော၏။

ထို့ကြောင့် စိန်သောင်းက ချစ်ကိုဦးကို . . .

"ဒါများ အားလုံးသိတာပဲ၊ သူ့အိမ်က လာပို့လာကြိုလုပ်တာပဲ ဘာဆန်းလို့လဲ"

ချစ်ကိုဦးက လျှို့ဝှက်တဲ့ အပြုံးတစ်ခု ပြုံးလိုက်ကာ . . .

"အဲ့ဒါကြောင့် မင်းကိုပြောတာပေါ့။ မင်းမသိပါဘူးလို့၊ အဲ့ဒီ လာကြိုတဲ့ကားက သူ့အိမ်ကလို့ ပြောပေမယ့် လာကြိုတာ ဘယ်သူလဲ သိလား"

စိန်သောင်းက ခေါင်းခါပြသည်။

"အဲ့ဒါတော့ ဘယ်သိမလဲ"

"အေး မသိရင် မြဲမြဲမှတ်ထား၊ အဲ့ဒါ သူ့အိမ်က လူကြီးချင်း သဘောတူထားတဲ့လူ လာကြိုတာ"

[redacted]



စိန်သောင်း ရင်ထဲမှာ ဒိန်းကနဲ ဖြစ်သွားသည်။ ချစ်ကိုဦးကိုလည်း မယုံသင်္ကာနဲ့ ကြည့်၍ . . .

"ဟုတ် ဟုတ်လို့လားကွာ"

ချစ်ကိုဦးက . . .

"ငါက မဟုတ်ဘဲပြောမလားကွ၊ အဲ့ဒီလူနဲ့ သူနဲ့က မိဘချင်း ငယ်ငယ်ကတည်းက ကြီးလာရင် ပေးစားဖို့ လုပ်ထားကြတာတဲ့၊ အဲ့ဒီ လူက ဆေးကျောင်းသားဆိုလားပဲ"

စိန်သောင်း ရင်ခုန်သံတွေ ပိုမြန်ကာလာသည်။ ထို့နောက် ချစ်ကိုဦး လက်ကို ဆုပ်ကိုင်လိုက်ကာ . . .

"မင်း မင်းကို ဘယ်သူပြောလဲ"

"ဟိုနေ့က ကျောင်းမှာ သူတို့အချင်းချင်း ပြောနေသံကြားတာ"

စိန်သောင်းမျက်နှာက အိန္ဒြေဆယ်မရအောင် ပျက်ကာ သွားသည်။ ချစ်ကိုဦးက စိန်သောင်းကို ကြည့်၍ . . .

"ဒါပေမယ့် စိတ်တော့ သိပ်ညစ်မသွားပါနဲ့ကွာ၊ လူကြီးချင်း သဘောတူထားတဲ့သူဆိုတော့ သူကြိုက်ချင်မှ ကြိုက်မှာပါ"

ဟု အားပေးစကားဆိုသည်။ စိန်သောင်းက အဝေးတစ်နေရာကို ငေးနေသည်။ ပြီးနောက် မျက်ဝန်းမှာ မျက်ရည်စတွေ ဝဲလျက် . . .

"ငါ့ဘဝက အချစ်ဆိုတာကို မွေးဖွားစမှာပဲ သေဆုံးသွားပြီလား သူငယ်ချင်းရယ်"

တခြားအချိန်မှာဆို စိန်သောင်းရဲ့ စကားကို ချစ်ကိုဦး ထနယ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မိမှာ သေချာသည်။

သို့သော် အခုလိုအချိန်မှာ ချစ်ကိုဦး မရယ်ပါ။ စိန်သောင်းရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူနားလည်သောကြောင့် ဖြစ်၏။

♥♥♥

[redacted]



**၁၁** ချစ်သည် ပျော်ရွှင်စေသည်။ ပူဆွေးသောကကိုလည်း ပေး၏။ လွမ်းဆွတ်ခြင်းကိုလည်း ခံစားစေ၏။ ထို့ကြောင့် အချစ်သည် ခံစားသူ၏ စိတ်ပေါ်ကို လိုက်၍ အရောင်ပြောင်းလဲတတ်လေသည်။ စိန်သောင်းသည် အချစ်နှင့်ပတ်သက်၍ ပူဆွေးသောက ရောက်နေရလေပြီ။ သို့သော် သူများတွေလို လွတ်လွတ်ကျွတ်ကျွတ် ပူဆွေးသောက ရောက်နေရခြင်းမျိုးတော့ မဟုတ်ပေ။ ကျောင်းစာတစ်ဖက်နှင့် မအားလပ်သည့်ကြားက ရတဲ့အချိန်လေးကို ပူဆွေးသောက ရောက်နေရခြင်းဖြစ်သည်။

ဒီနေ့ ကျောင်းအားရက်ဖြစ်၍ မျိုးကိုတို့အိမ်မှာ စာစုကျက်ဖို့ ချိန်းထားကြသည်။ ထို့ကြောင့် စိန်သောင်းက နေ့လယ်ထမင်းစားပြီး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နောက် မျိုးကိုတို့ အိမ်သို့ ထွက်လာလိုက်သည်။ မျိုးကိုတို့ အိမ်ရောက်တော့ ချစ်ကိုဦးတို့က ရောက်နှင့်နေပြီဖြစ်သည်။ ကောင်မလေးတွေလည်း ရောက်နေကြပြီ။ သို့သော် ဆောင်းဝတ်ရည်နှင်း တစ်ယောက်တော့ မရောက်သေးကြောင်း စိန်သောင်း သတိထားမိ၏။

စိန်သောင်းကို တွေ့တော့ အားလုံးက . . .

"ဆောင်းဝတ်ရည်နှင်းရော"

ဟု ဝိုင်းမေးကြ၏။ စိန်သောင်းက . . .

"မသိဘူးလေ၊ ငါက မင်းတို့ကို မေးရမှာ"

မျောက်ကြီးက ရီဖြဲဖြဲနှင့် လှမ်း၍ . . .

"မသိပါဘူးကွာ၊ မင်းတို့နှစ်ယောက်လုံး နောက်ကျနေလို့ ငါတို့က မင်းတို့ကို အတူရှိနေတယ်ထင်လို့"

ဆိုပြီး စလိုက်သည်။ ကျန်တဲ့သူတွေကလည်း စိန်သောင်းကို ကြည့်၍ ပြုံးစိစိ လုပ်နေကြ၏။ စိန်သောင်းက သူ့ကို ဝိုင်းစနေမှန်း သိ၍ စပ်ဖြီးဖြီးနှင့် ချစ်ကိုဦးဘေးမှာ ဝင်ထိုင်လိုက်သည်။ လှမ်းကြည့်လိုက်တော့ ဆောင်းဝတ်ရည်နှင်းကို လိုက်ပို့နေကျကား ဖြစ်နေတာ တွေ့ရ၏။ ချစ်ကိုဦးက စိန်သောင်းကို မသိမသာ လက်ကုပ်၍ မေးငေါ့ပြ၏။ ခဏကြာတော့ ဆောင်းဝတ်ရည်နှင်း ကားပေါ်က ဆင်းလာသည်။ အသားဖြူဖြူနှင့် ရုပ်ရည်သန့်ပြန့်သော လူငယ်တစ်ယောက်ကို တွေ့လိုက်ရ၏။ အသက်ကတော့ သူတို့ထက် သုံးလေးနှစ် ကြီးပုံရ၏။ ချစ်ကိုဦးပြောတဲ့ ဆေးကျောင်းသားပဲ ဖြစ်လိမ့်မည်ဟု စိန်သောင်း တွေးလိုက်မိ၏။

[redacted]



ထိုလူနှင့် ဆောင်းဝတ်ရည်နှင်းက ရယ်ရယ်မောမောနှင့် စကားတွေ ပြောကာ နှုတ်ဆက်နေကြလေသည်။ စိန်သောင်းက သက်ပြင်းချလိုက်ကာ ထိုမြင်ကွင်းကို မျက်နှာလွှဲလိုက်သည်။ ခဏကြာတော့ ဆောင်းဝတ်ရည်နှင်းက သူတို့နား ရောက်လာ၍ အားလုံးကို ဝေ့ကြည့်လိုက်ကာ . . .

"လူတောင် စုံနေကြပြီပဲ၊ ဆောရီးပဲဟာ ငါ နည်းနည်းနောက်ကျသွားတယ်"

ဟုဆိုကာ အေးမြတ်မွန်ဘေးမှာ သွားထိုင်လိုက်သည်။ အေးမြတ်မွန်က သူမကို ကြည့်၍ . . .

"နင်က ဘာလို့ နောက်ကျနေတာလဲ"

ဆောင်းဝတ်ရည်နှင်းက စာအုပ်တစ်အုပ်ကို လွယ်အိတ်ထဲက ဆွဲထုတ်လိုက်ရင်း . . .

"ဒီစာအုပ် သွားဝယ်နေလို့ဟ၊ အဲ့ဒါကြောင့် နောက်ကျနေတာ"

အားလုံးက သူမ ထုတ်ပြသော စာအုပ်ကို ဝိုင်းကြည့်လိုက်တော့ စာမေးပွဲ အထူးထုတ်စာအုပ်ဖြစ်နေတာ တွေ့ရသည်။ အေးမြတ်မွန်က ထိုစာအုပ်ကို ကြည့်၍ . . .

"ဟယ် ဒီစာအုပ်ကို ငါလည်း လိုချင်နေတာ၊ ဘယ်မှာမှ ရှာမရလို့၊ နင် ဘယ်က ဝယ်လာတာလဲ"

ဆောင်းဝတ်ရည်နှင်းက ဂုဏ်ယူတဲ့အပြုံးတစ်ခုကို မျက်နှာမှာ တပ်ဆင်လိုက်ကာ . . .

"ကိုကိုစိုးရဲ့ သူငယ်ချင်းတစ်ယောက်ဆိုင်က ရလာတာလေ၊

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုစိုးက ငါ့အတွက် မှာပေးထားတာ”

ကောင်မလေးတွေက ဆောင်းဝတ်ရည်နှင်းကို တိုးတိုး တိုးတိုးနှင့် ပြောကာ စကြသည်။ ဆောင်းဝတ်ရည်နှင်းက ရှက်ကိုးရှက်ကန်း အမူအရာနှင့် လက်နဲ့လိုက်ပုတ်နေသည်။

“နင်တို့နော် ကောင်မတွေ၊ ဒါပဲပြောနေ”

အားလုံးက တခစ်ခစ်နဲ့ ကြိတ်ရယ်ကြ၏။

ကိုကိုစိုးဆိုတာ ခုနကလိုက်ပို့တဲ့ ဆေးကျောင်းသားပဲ ဖြစ်ရမည်ဟု စိန်သောင်း စိတ်ထဲ တွေးလိုက်မိသည်။ ဆောင်းဝတ်ရည်နှင်း ပုံစံကြည့်ရတာလည်း ထိုဆေးကျောင်းသားနှင့် သူမကို ဝိုင်းစနေကြတာကို သဘောကျနေပုံရ၏။

စိန်သောင်းက သက်ပြင်းတွေကို အခါခါ ချနေမိ၏။

ဟိုက ဆေးကျောင်းသား။ သူကတော့ . . .။

ဆက်မတွေးတော့ဘဲ သက်ပြင်းတစ်ခေါက် ထပ်ချလိုက်ပါတော့သည်။

♥♥♥

[redacted]



# အခန်း (၃)

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**စာ** မေးပွဲက တော်တော်နီးကပ်လာပြီဖြစ်သည်။ စာမေးပွဲကြီး ဖြေဖို့ တစ်ပတ်လောက်အလိုတွင် သူတို့အားလုံး ပေါ်လား ဝါးလား လုပ်ဖို့မပြောနှင့် စကားဝိုင်းဖွဲ့ပြောချိန်တောင် မရတော့ပေ။ ကျောင်းတွေကလည်း ပိတ်သွားပြီ ဖြစ်လေသည်။ ကျောင်းတွေ ပိတ်သွားတော့ ကျူရှင်တွေက မနက်ကနေ ညနေအထိ တစ်နေ့လုံး ခေါ်သည်။ စာမေးပွဲနီးတော့ အရေးကြီးတဲ့ သင်ခန်းစာတွေကို အားပြုသင်၏။ သင်ပြီးသား သင်ခန်းစာတွေကို ရပ်ဗီရှင် ပြန်သည်။

ထို့ကြောင့် သူတို့အတွက် ပထမလည်း စာ၊ ဒုတိယလည်း စာ၊ တတိယလည်း စာ ဖြစ်ကုန်ကြ၏။ ဒီလိုအချိန်မှာ လိုင်းကောင်းရချင်သူတွေ၊ အစိုးရိမ်လွန်သူတွေမှာ နေ့ရောညရော စာတွေ ဖိလုပ်နေ၍

[redacted]



အအိပ်အစား မမှန်ကာ ကျန်းမာရေး ထိခိုက်လာသူတွေလည်း ရှိသည်။ တချို့တွေက စာကျက်လွန်းအားကြီး၍ ချောင်တောင် တောင် ဖြစ်ကုန်ကြသူတွေ ရှိ၏။ ထိုသူတွေမှာ ငိုတစ်လှည့်၊ ရယ်တစ်လှည့် တွေ ဖြစ်လာတတ်ကြသည်။

နောက်တစ်ခုက ထိုအချိန်တွေမှာ စပေ့ါဟု ခေါ်သော အရေးကြီးမေးခွန်းတွေ ဟိုမှဒီမှ အလျှိုလျှို ထွက်လာကြခြင်းဖြစ်၏။ ထိုစပေ့ါတွေကို လိုက်ရင်း လိုက်ရင်းနှင့် သင်ခန်းစာတစ်ခုလုံးစာ မေ့သွားကြသူတွေလည်း ရှိသည်။ ကျောင်းသူ အများစုကတော့ ထိုစပေ့ါတွေကိုလည်း လိုက်သလို ဗေဒင်လည်း လိုက်စားလာကြသည်။ ထိုအချိန်တွင် ဗေဒင်ဆရာတွေ၊ အကြားအမြင်ဆရာတွေလည်း ဝင်ငွေ ဖြောင့်ကုန်ကြ၏။ ထို့နောက် ဘုရား၊ တရားလည်း မြဲလာကြသည်။ ယခင်က တစ်လတစ်ခါတောင် ဘုရားစင်ကို လှည့်မကြည့်တတ်သူတွေက အခုဆို ဘုရားမှ ဘုရား ဖြစ်ကုန်ကြသည်။ မွေးနေ့နာထောင့်တွေမှာ ရေသက်စေ့လှူဖို့ သတိရလာကြသည်။ တချို့ဆို ကံ့ဇာတာတက်အောင်ဆိုပြီး ကိုရင်သုံးရက် ပြေးဝတ်သူတွေတောင် ရှိလာ၏။

စိန်သောင်းတို့ ယောက်ျားလေးအဖွဲ့ကတော့ သူများတွေလောက် ဟျာယာခတ်မနေဟု ဆိုနိုင်သည်။ သူတို့က စာကို ပုံမှန်လုပ်လာနေသူတွေဖြစ်၍ ယခင်ကထက် အနည်းငယ် ပိုဒီရိယစိုက်၍ လုပ်လာတယ်ဆိုရုံလောက်သာရှိသည်။ နောက်ပြီး သူတို့အဖွဲ့က ဆရာဝန်လိုင်း ရမှ၊ အင်ဂျင်နီယာလိုင်း ရမှဆိုပြီး ရည်မှန်းထားသူတွေလည်း တစ်ယောက်မှ မပါပေ။ ရလျှင်တော့ ယူလိုက်မည်၊ မရလျှင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လည်း ခပ်အေးအေးပဲ ဆိုသည့်အဖွဲ့ပင်။ သူတို့ရဲ့ အဓိကရည်မှန်းချက်က ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်သွားဖို့ပင် ဖြစ်သည်။ ထို့ကြောင့် တခြားသူတွေလောက် ဗျာများမနေပေ။

မိန်းကလေးတွေကတော့ ထိုသို့မဟုတ်။ စာကျက်ချိန်ထက် ယကြာချေနေရချိန်က ပိုများနေသည်။ ဒီနေ့လည်း ရွှေတိဂုံဘုရားကို သွား၍ မိမိမွေးနာထောင့်တွေမှာ ရေသက်စေ့၊ ပန်းသက်စေ့ လှူရမည်ဟု ဗေဒင်က ဟောထားသောကြောင့် ရွှေတိဂုံဘုရားကို သွားရမည်ဟု ဆို၏။ ကောင်မလေးတွေက စိန်သောင်းတို့ ယောကျ်ားလေးတွေကိုပါ ခေါ်သည်။ စိန်သောင်းတို့ကလည်း ဒီအချိန်မှာ ကုသိုလ်ကောင်းမှုလုပ်ဖို့ခေါ်တာ ကန့်ကွက်စရာမရှိဟု ဆိုပြီး ပါသွားကြလေသည်။ ဘုရားရောက်တော့ ကိုယ့်မွေးနာထောင့် ကိုယ်စီသွားကြကာ ပူဇော်ကြသည်။ စိန်သောင်းနဲ့ ဆောင်းဝတ်ရည်နှင်းက အင်္ဂါသားသမီးတွေ ဖြစ်ကြ၍ အတူတကွ အင်္ဂါထောင့်မှာ ပူဇော်ရသည်။

စိန်သောင်းက ရေသက်စေ့ ပူဇော်ပြီးနောက် ဆောင်းဝတ်ရည်နှင်း ပန်းလှူနေတာကို ရပ်စောင့်နေသည်။ ခဏကြာတော့ ဆောင်းဝတ်ရည်နှင်းက ဘုရားဝတ်ပြုဖို့ လုပ်သည်။ ထို့နောက် စိန်သောင်းကိုပါ လှည့်ကြည့်၍ . . .

"ဟဲ့ လာလေ နင် ဘုရားမရှိခိုးဘူးလား"

စိန်သောင်းက . . .

"နင့်ကို စောင့်နေတာ"

"ဒါဆိုလည်းလာ"

[redacted]



စိန်သောင်းက ဆောင်းဝတ်ရည်နှင်းရဲ့ ဘေးမှာ သွားထိုင်လိုက်ကာ ဘုရားရှိခိုးသည်။ သူ့စိတ်ထဲမှာ ဆောင်းဝတ်ရည်နှင်းနှင့် ယှဉ်တွဲ၍ ဘုရားရှိခိုးခွင့်ရသောကြောင့် အပျော်ကြီး ပျော်နေမိသည်။

ဘုရားရှိခိုးပြီးသွားတော့ ဆောင်းဝတ်ရည်နှင်းက . . .

"နင်ဘာတွေ ဆုတောင်းလဲ"

စိန်သောင်းက . . .

"စာမေးပွဲအောင်ပါစေပေါ့ဟာ၊ နင်ရော"

"ငါလည်း အဲ့ဒါပဲပေါ့ဟ"

ဟု ဆိုလိုက်၏။ စိန်သောင်းက ပြုံးလိုက်သည်။ သူ့စိတ်ထဲက နောက်ဆုတောင်းလေးတစ်ခုကိုတော့ ဖွင့်မပြောမိပါ။ ထိုဆုတောင်းလေးက သူကလွဲရင် ဘယ်သူ့ကိုမှ ဖွင့်ပြောလို့မရပါ။

ဆောင်းဝတ်ရည်နှင်းက မတ်တပ်ထရပ်တော့ စိန်သောင်းကပါ လိုက်ရပ်သည်။ ထို့နောက် ဆောင်းဝတ်ရည်နှင်းကို ကြည့်၍ . . .

"ဆောင်းဝတ်ရည်နှင်း"

သူမက စိန်သောင်းခေါ်သံကြောင့် လှည့်ကြည့်၍ . . .

"ဘာလဲ"

"နင် နင် စိတ်မဆိုးဘူးဆိုရင် ငါတစ်ခုလောက် ပြောချင်လို့ပါ"

"အမယ် နင်က ထူးထူးခြားခြား ဘာလဲပြော"

စိန်သောင်းက မလုံမလဲနှင့် . . .

"နင် စိတ်မဆိုးရဘူးနော်"

ဆောင်းဝတ်ရည်နှင်းက စိတ်မရှည်သောလေသံနှင့် . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဟယ် ပြောမှာသာ ပြောစမ်းပါ"

စိန်သောင်းက ခဏငြိမ်သွားပြီးမှ . . .

"ဟို ဟိုဟာလေ စာမေးပွဲနောက်ဆုံးနေ့ကျရင် နင့်ကိုငါ လက်ဆောင်လေးတစ်ခုပေးချင်လို့ပါ။ အဲ့ဒါ နင်လက်ခံမလားလို့"

စိန်သောင်းစကားကြောင့် ဆောင်းဝတ်ရည်နှင်းပုံစံက ထူးထူးခြားခြားလေးဖြစ်သွားကာ . . .

"ဘာ ဘာလက်ဆောင်လဲဟင်"

"ဟာ နင်ကလည်း အဲ့ဒီတော့မှ ကြည့်ပေါ့"

ဆောင်းဝတ်ရည်နှင်းက ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။

"အေးပါ နင်ပေးရင် ငါယူရမှာပေါ့"

"ဒါပေမယ့် ငါအခုပြောတဲ့ဟာကို ဘယ်သူမှ သွားမပြောရဘူးနော်"

ဆောင်းဝတ်ရည်နှင်းက နှုတ်ခမ်းကို လက်ဝါးလေးနှင့် အုပ်လိုက်ကာ တခစ်ခစ် ရယ်မောလိုက်သည်။ ပြီးနောက် . . .

"ဟုတ်ပါပြီဟယ်၊ ငါ ဘယ်သူ့ကိုမှ မပြောပါဘူး၊ စိတ်ချပါ"

စိန်သောင်း ကျေနပ်သွား၏။ ထို့နောက် သူတို့ အောင်မြေရှိရာဘက်သို့ ထွက်လာခဲ့လိုက်ပါတော့သည်။

စိန်သောင်းပေးမှာ ဘာလဲဆိုတာကို ဆောင်းဝတ်ရည်နှင်း စဉ်းစားနေမိ၏။

♥♥♥

[redacted]



**စာ** မေးပွဲကြီး စဖြေရပြီဖြစ်သည်။ ဒီအချိန်မှာ ကျောင်းသား၊ ကျောင်းသူတွေ အားလုံးကျောင်းစာမှလွဲ၍ ဘာတစ်ခုမှ ခေါင်းထဲမရှိတော့ပေ။ စိန်သောင်းတို့အဖွဲ့ကတော့ ဘာသာရပ် တော်တော်များများကို ဖြေနိုင်သည်။ ဆောင်းဝတ်ရည်နှင်းတို့အဖွဲ့လည်း ဖြေနိုင်၏။ စာမေးပွဲဖြေနေတဲ့ ရက်အတွင်း သူတို့တွေ တစ်ယောက်နဲ့ တစ်ယောက် မတွေ့ဖြစ်ကြပေ။ ကျူရှင်တွေကလည်း သင်ခန်းစာအားလုံးကို သင်ကြားပြီးဖြစ်၍ လုံးဝပိတ်လိုက်ပြီဖြစ်သည်။ ထို့ကြောင့် သူတို့အတွက် တွေ့စရာလမ်းလည်း မရှိတော့ပေ။

လူချင်းမတွေ့ရ၍ စိန်သောင်းမှာ ဆောင်းဝတ်ရည်နှင်းကို လွမ်းနေမိ၏။ သို့သော် ထိုစိတ်ကို ခဏသာ ရင်ထဲထားနိုင်၍ ဖယ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပစ်ရ၏။ ဒီအချိန်မှာ လွမ်းရေးထက် စာမေးပွဲအရေးက ပိုအရေးကြီးနေသည်ကိုး။

ဆောင်းဝတ်ရည်နှင်းနှင့် သူနဲ့က စာမေးပွဲဖြေဆိုသည့် အခန်းချင်း မတူ၍ ကျောင်းမှာ တွေ့လျှင်လည်း ခဏသာ တွေ့ခွင့်ရသည်။ ထိုရက်ပိုင်းအတွင်း ဆောင်းဝတ်ရည်နှင်းနှင့် လူကြီးချင်း သဘောတူထားသည်ဆိုသည့် ဆေးကျောင်းသား ကိုကိုစိုးဆိုသူက ဆောင်းဝတ်ရည်နှင်းကို နေ့တိုင်း ကျောင်းကြို ကျောင်းပို့ လုပ်ပေး၏။ ထို့ကြောင့် ကျောင်းအလာတွင်ရော ကျောင်းအပြန်ပါ တွေ့ခွင့်မရတော့ပေ။

စိန်သောင်းနဲ့ ချစ်ကိုဦးကတော့ တစ်လမ်းတည်း နေကြသူတွေဖြစ်၍ ကျောင်းသွားကျောင်းပြန် အမြဲတမ်းလိုလို တွေ့ဖြစ်ကြသည်။

ဒီနေ့လည်း စာမေးပွဲဖြေပြီး၍ အိမ်အပြန်လမ်းတွင် ချစ်ကိုဦးက စိန်သောင်းအား . . .

"စိန်သောင်း မနက်ဖြန် နောက်ဆုံးနေ့နော်၊ မင်း ဆောင်းဝတ်ရည်နှင်းကို ဘယ်လိုလုပ်မှာလဲ"

စိန်သောင်းက ချစ်ကိုဦးကို လှည့်ကြည့်၍ . . .

"ငါက ဘယ်လိုလုပ်ရမှာလဲ"

"ဖွင့်ပြောရမှာပေါ့ကွ၊ မနက်ဖြန် နောက်ဆုံးနေ့ဆိုတော့ ဆယ်တန်းပြီးသွားပြီပဲဟာကို၊ မင်း ဖွင့်ပြောရင် သူ စိတ်ဆိုးမယ် မထင်ပါဘူး"

စိန်သောင်းက ပြုံးလိုက်သည်။ သူမှာ အကြံရှိပြီးသားဖြစ်သည်။ ထိုအကြံကို ချစ်ကိုဦးက မသိ၍ ပြုံးလိုက်သော အပြုံးမျိုးဖြစ်သည်။

[redacted]



ထိုအကြံကို ချစ်ကိုဦးအား ဖွင့်ပြောချင်သော်လည်း ဒီအချိန်မှာ ဘယ်သူမှ မသိစေချင်သေး၍ လျှို့ဝှက်ထားရမည်ဟု စိတ်ထဲက တွေးလိုက်ခြင်းဖြစ်သည်။

ချစ်ကိုဦးက စိန်သောင်းပြုံးနေတာကို ကြည့်၍ အားမလိုအားမရနှင့် ဒေါသဖြစ်သွားကာ . . .

"အေးပါ ပြုံးထား ပြုံးထား၊ ဟိုက ဆရာဝန်ကတော်ဖြစ်သွားတော့မှ မင်းမငိုနဲ့"

ချစ်ကိုဦးစကားကြောင့် စိန်သောင်း ရင်ထဲမှာ နင့်ခနဲဖြစ်ကာသွား၏။ ထို့ကြောင့် မျက်နှာ ချက်ချင်းညှိုးကျကာသွား၏။ ချစ်ကိုဦးက စိန်သောင်း အားငယ်သွားတာကို ကြည့်၍ စိတ်မကောင်းဖြစ်သွားသည်။ ထို့နောက် စိန်သောင်းကို စိတ်သက်သာစေရန် ရယ်ရယ်မောမောနှင့် ပခုံးဖက်လိုက်ကာ . . .

"ငါက အလကားစတာပါကွာ၊ မင်းအတွက် အချိန်တွေ အများကြီးရပါသေးတယ် စိန်သောင်းရာ၊ ငါက မင်း လက်နှေးနေမှာစိုးလို့ ပြောတာပါ"

စိန်သောင်းက သက်ပြင်းကို ချလိုက်ကာ . . .

"ငါ နားလည်ပါတယ်ကွာ ရပါတယ်၊ သူ ငါ့ကို ပြန်ချစ်တော့လည်း ငါ့ကံပေါ့၊ ပြန်မချစ်တော့လည်း ငါ့ကံပေါ့"

စိန်သောင်းစကားကြောင့် ချစ်ကိုဦးက ဆတ်ကနဲ လှည့်ကြည့်လိုက်ကာ . . .

"ဒါ ဒါဆို မင်း သူ့ကို ဖွင့်ပြောတော့မယ်ပေါ့ ဟုတ်လား"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိန်သောင်းက သူစကား မှားပြောလိုက်ပြီဆိုတာ သိလိုက်၏။ အခုမှတော့ မထူးတော့ပြီမို့ ခေါင်းညိတ်ပြလိုက်သည်။

ချစ်ကိုဦးက . . .

"ဘယ်တော့လဲ"

စိန်သောင်းက . . .

"မနက်ဖြန်"

ချစ်ကိုဦးက လက်သီးလက်မောင်းတန်းလိုက်ကာ . . .

"ဒါမှ ငါ့ကောင်ကွ၊ ဒါနဲ့ သူရောသိရဲ့လား"

စိန်သောင်းက ခေါင်းခါလိုက်ပြီး . . .

"ငါဖွင့်ပြောမယ်ဆိုတာတော့ သိမလားကွ၊ ငါက သူ့ကို စာမေးပွဲနောက်ဆုံးနေ့ကျရင် လက်ဆောင်တစ်ခုပေးမယ်လို့ပဲ ပြောထားတယ်၊ ငါက အဲ့ဒီလက်ဆောင်လေး ပေးရင်း ဖွင့်ပြောမှာ"

"သူက ဘာပြောလဲ"

"ငါ့လက်ဆောင်ကို ယူမယ်တဲ့"

"ဟာ ဒါဆို အခြေအနေ ကောင်းတာပေါ့"

ဟု ချစ်ကိုဦးက မြှောက်ပေးလိုက်၏။ ထို့နောက် . . .

"ဒါနဲ့ မင်းက သူ့ကို ဘာပေးမှာလဲ"

စိန်သောင်းက တည်ငြိမ်စွာနှင့် . . .

"ငါပေးတဲ့ လက်ဆောင်က တန်ဖိုးတော့ မကြီးပါဘူးကွာ၊ ဒါပေမယ့် သူ နှစ်သက်မယ်လို့ ထင်ပါတယ်"

"အေးလေ ဘာလဲလို့"

[redacted]



"အဲဒါတော့ မပြောပြဘူး"

"မင်းက ငါ့ကို လျှိုတယ်ပေါ့ ဟုတ်လား"

ဟုဆိုပြီး ချစ်ကိုဦးက စိန်သောင်းကို လိုက်ထိုးတော့သည်။ စိန်သောင်းက ထွက်ပြေးလေသည်။ ချစ်ကိုဦးက နောက်ကလိုက်ထိုးလျက် . . .

♥♥♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ နောက်ဆုံးနေ့ဖြစ်သည်။

စာမေးပွဲပြီးဆုံးကြောင်း ခေါင်းလောင်းတီးသံကြားသည်နှင့် ကျောင်းသား၊ ကျောင်းသူတွေရဲ့ ရင်ထဲမှာ ပေါ့ပါးကာ သွားလေသည်။ ဒီနေ့ သူတို့ရဲ့ ရင်ထဲမှာ တစ်နှစ်ပတ်လုံး ဖိစီးထားသည့် တာဝန်ကြီးတစ်ရပ်မှ လွတ်မြောက်သွားသည့် နေ့ရက်လည်း ဖြစ်သောကြောင့် စာမေးပွဲ မဖြေနိုင်သူများမှအပ အားလုံး ပျော်ရွှင်နေကြ၏။ စိန်သောင်းလည်း အခန်းပြင်မှာ ချိတ်ထားသော သူ့လွယ်အိတ်ကလေးကို ဆွဲကာ ပြေးထွက်လာခဲ့သည်။ သူ့ရဲ့ ဦးတည်ရာက ဆောင်းဝတ်ရည်နှင်း ရှိသည့် အခန်းဘက်သို့ ဖြစ်၏။

ဆောင်းဝတ်ရည်နှင်းတို့ အခန်းရှေ့ရောက်တော့ သူမကို ရှာ

[redacted]



သည်။ မတွေ့ပေ။ ထို့ကြောင့် စိန်သောင်းက ကျောင်းဝင်းတံခါးဘက်သို့ ထွက်လာလိုက်၏။ မုန့်ဈေးတန်းအကျော်ရောက်တော့ ဆောင်းဝတ်ရည်နှင်းကို စိန်သောင်း လှမ်းတွေ့လိုက်သည်။ စိန်သောင်း ရင်ခုန်သံတွေ ချက်ချင်းမြန်ကာသွား၏။ ထို့နောက် သူမနောက်သို့ အမှီလိုက်ကာ သွားလေသည်။ သို့သော် ကျောင်းသား၊ ကျောင်းသူတွေနှင့် ကြပ်သိပ်နေသောကြောင့် သူမဆီသို့ တော်တော်နဲ့ မရောက်နိုင် ဖြစ်နေရသည်။

အရေးထဲ ရဲမင်းထွန်းက သူ့ကိုတွေ့တော့ ဖြေနိုင်လားဆိုပြီး လှမ်းမေးနေသေးသည်။ ရဲမင်းထွန်းရဲ့ အမေးကို အသံတိတ် ခေါင်းညိတ်ဖြေလိုက်ကာ ကပျာကယာ ထွက်လာခဲ့၏။

ဆောင်းဝတ်ရည်နှင်းက ကျောင်းတံခါးဝသို့ပင် ရောက်နေပြီဖြစ်လေသည်။ စိန်သောင်းက လူတွေကြားမှ တိုးဝှေ့၍ ကျောင်းပေါက်ဝသို့ ပြေးထွက်လာခဲ့၏။ ကျောင်းပေါက်ဝရောက်တော့ စိန်သောင်းက လွယ်အိတ်ထဲက ရှည်ရှည်မျှောမျှော ဘူးလေးကို ထုတ်လိုက်လေသည်။ ထို့နောက် ကျောင်းအပြင် ပလက်ဖောင်းမှာ ရပ်နေသော ဆောင်းဝတ်ရည်နှင်းထံ လှမ်းသွားဖို့ လုပ်လိုက်သည်။ ဆောင်းဝတ်ရည်နှင်းက စိန်သောင်းကို ကျောပေးရပ်နေသောကြောင့် မမြင်ပေ။ ထို့နောက် သူမက လမ်းအလယ်ခေါင် ဘလောက်တုံးလေးတွေရှိရာသို့ လမ်းကူးသွားလိုက်၏။

စိန်သောင်းက ဆောင်းဝတ်ရည်နှင်းထံ လမ်းကူးသွားရန် ပြင်လိုက်လေသည်။ ထိုအချိန်တွင် ကျောင်းသားတစ်စုက တဟားဟားနဲ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး တွန်းထိုးနောက်ပြောင်ရင်း ရှေ့မကြည့် နောက်မကြည့် ပြေးလွှားကာ သွားလေသည်။ ထိုအုပ်စုသည် လမ်းအလယ်ရောက်တော့ ဆောင်းဝတ်ရည်နှင်းကို မမြင်ဘဲ အားနဲ့ ဝင်တိုက်မိလေ၏။ ရုတ်တရက် အတိုက်ခံလိုက်ရသောကြောင့် သူမက ကားလမ်းမဘက်သို့ လည်ထွက်ကာ သွား၏။ ထိုအချိန်တွင် ကားတစ်စီးက အရှိန်နဲ့ ဖြတ်မောင်းကာ လာလေသည်။

စိန်သောင်း မျက်ဝန်းထဲမှာ ပြာခနဲ ဖြစ်ကာ သွားလေသည်။ ထို့နောက် ဆောင်းဝတ်ရည်နှင်းအတွက် စိုးရိမ်စိတ်က ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့သွားကာ သူမထံ အားကုန်ပြေးသွားလိုက်ပါတော့သည်။

ဆောင်းဝတ်ရည်နှင်းနားရောက်တော့ စိန်သောင်း ဘာကိုမှ စဉ်းစားမနေတော့ဘဲ သူမကို အားကုန်တွန်းပစ်လိုက်ပါတော့၏။ ဆောင်းဝတ်ရည်နှင်းက သူမထံ အရှိန်နဲ့ ပြေးဝင်လာသော ကားကို ကြောင်ပြီး ကြည့်နေရာမှ စိန်သောင်း တွန်းလိုက်သောကြောင့် တစ်ဖက် ကားလမ်းဘက်သို့ လွင့်ထွက်ကာ သွားလေသည်။

"ကျွိ"

"ဒိုး"

"အုန်း"

အဖြစ်အပျက်က မြန်ဆန်လှ၏။ တစ်ဒင်္ဂလေးအတွင်းပင် အခြေအနေတွေက ပြောင်းလဲသွားခြင်းဖြစ်၏။ စိန်သောင်း ခန္ဓာကိုယ်သည် ကားတိုက်လိုက်သော အရှိန်ကြောင့် ဆယ်ပေလောက် လွင့်ထွက်သွားကာ ကတ္တရာလမ်းတွင် လေးငါးပတ်လောက် လိမ့်ထွက်

[redacted]



ကာ သွားလေသည်။ ထို့နောက် ငြိမ်သက်စွာ လဲလျောင်းသွားလေတော့၏။

ပတ်ဝန်းကျင်မှ လူတွေအားလုံး တိတ်ဆိတ်ငြိမ်သက်ကာ သွား၏။ ခဏကြာတော့မှ . . .

"ဟာ ကား ကားတိုက်သွားပြီ၊ ကျောင်းသားတစ်ယောက်ကို ကားတိုက်သွားပြီ"

ဆိုသော အသံတွေ ဆူညံကာသွားလေသည်။

ထိုအချိန်တွင် ချစ်ကိုဦးတို့ အနားရောက်လာ၍ စိန်သောင်းကို ကြည့်ကာ . . .

"စိန်သောင်း"

ဟု အော်၍ ပြေးသွားလိုက်ကြ၏။ စိန်သောင်းကတော့ သွေးအိုင်ထဲတွင် လဲနေလေပြီ။ ချစ်ကိုဦးက စိန်သောင်းကို ပွေ့၍. . .

"စိန်သောင်း ဟေ့ကောင် စိန်သောင်း၊ ဟာ လုပ်ကြပါဦး၊ ကယ်ကြပါဦး"

တစ်ကိုယ်လုံး သွေးတွေ စိုရွှဲနေသော စိန်သောင်းကို ကြည့်၍ အားလုံး သွေးရူးသွေးတန်း ဖြစ်ကုန်ကြ၏။ စိန်သောင်းကတော့ တုတ်တုတ်မျှ မလှုပ်တော့ပေ။ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားပြီဖြစ်လေသည်။

ချစ်ကိုဦးက စိန်သောင်းကို ထွေးဖက်ထားရင်း ငိုကြွေးနေ၏။ ထို့နောက် စိန်သောင်းလက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ဘူးလေးက ဖြုတ်ခနဲ ပြုတ်ကျကာလာ၏။ ချစ်ကိုဦးက

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထိုဘူးလေးကို ဆွဲယူလိုက်တော့ ဘူးလေးထဲမှ နှင်းဆီပန်း အဖြူလေး တစ်ပွင့်က သွေးအိုင်ထဲသို့ ပြုတ်ကျသွားလေသည်။ နှင်းဆီပန်း အဖြူလေးသည် ချက်ချင်းပင် အနီရောင်သွေးတို့ စွန်းထင်းကာ သွားလေတော့သည်။

ထိုအချိန်တွင် ဆောင်းဝတ်ရည်နှင်းက အနားရောက်လာကာ စိန်သောင်းကိုလည်း တွေ့လိုက်ရော . . .

"စိန်သောင်း"

ဟု တစ်ချက်ပဲ အော်နိုင်ကာ နေရာတွင်ပင် ခွေလဲ၍ သတိလစ်သွားပါတော့သည်။

ချစ်ကိုဦးတို့ကတော့ စိန်သောင်းကို ထွေးပွေ့ထားလျက် . . .

"ဖြစ်မှ ဖြစ်ရလေ သူငယ်ချင်းရယ်"

ဟု ယူကြုံးမရစွာ ဆိုလိုက်ပါတော့သည်။

ထိုစကားကိုတော့ စိန်သောင်း ကြားနိုင်တော့မည် မဟုတ်ပါ။ စိန်သောင်းက သူသိပ်ချစ်ရသော ဆောင်းဝတ်ရည်နှင်းအတွက် အသက်တစ်ချောင်းကို လက်ဆောင်ပေးသွားပြီဖြစ်လေသည်။

♥♥♥

[redacted]



# တစ်နှစ်ခန့်ကြာသော်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**အုတ်** ဂူဖြူဖြူလေးရဲ့ နံဘေးမှာ ကောင်မလေးတစ်ယောက် မတ်တပ်ရပ်ကာနေ၏။ ထိုကောင်မလေး၏ ဆံနွယ်စများသည် လေတိုက်ခတ်မှုကြောင့် ဟိုသည် လွင့်ဝဲကာနေ၏။ ထိုကောင်မလေးက မျက်ရည်များ စို့ရွှဲနေသော မျက်ဝန်းတွေနှင့် အုတ်ဂူလေးအား ကြည့်ကာ . . .

"ငါ အဲဒီနေ့က နင်ပေးတဲ့ လက်ဆောင်ကို ယူဖို့ ငါ နင့်အခန်းကို လာရှာပါတယ် သူငယ်ချင်းရယ်၊ နင် ငါ့အပေါ် စိတ်ထားတွေ ပြောင်းလဲလာတယ်ဆိုတာလည်း ငါအစောကြီးကတည်းက ရိပ်မိပါတယ်၊ ဒါပေမယ့် ငါတို့တွေ ပညာရေးမှာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ နင့်ရဲ့သဘောထားတွေကို ငါမသိချင်ယောင်ဆောင်နေခဲ့တာပါ၊



BURMESE CLASSIC .com



ပြီးတော့ ငါလည်း အဲဒီနေ့က နင့်ကိုပေးဖို့ လက်ဆောင်တစ်ခု ပါလာခဲ့ပါတယ်"

ကောင်မလေးက ပြောရင်းနှင့် ဆို့နင့်ကြေကွဲစွာနှင့် ငိုရှိုက်နေလေသည်။ ထို့နောက် အုတ်ဂူလေးပေါ်သို့ ပုံးရည်ကြီးထုပ်လေး တစ်ထုပ် တင်လိုက်လေသည်။ သူမ ပါးပြင်ပေါ်မှ စီးကျလာသော မျက်ရည်တို့က ပုံးရည်ကြီးထုပ်လေးပေါ်သို့ တောက်ခနဲ ပြုတ်ကာကျ၏။ ထို့နောက် ကောင်မလေးက သူမဆံနွယ်ကြားမှာ ပန်လာသော နှင်းဆီပန်း အဖြူရောင်လေးတစ်ပွင့်ကို ပုံးရည်ကြီးထုပ်လေး ဘေးသို့ ချလိုက်ကာ . . .

"ငါလေ ငါ နင့် နင့်ကို . . ."

ကောင်မလေးမှာ စကားဆက်မပြောနိုင်တော့ပါ။ ရှိုက်ကာ ရှိုက်ကာ ငိုရင်းနှင့် အသံက တိမ်ကျသွားပါတော့သည်။

ခဏနေတော့ ကောင်မလေးနားသို့ သူငယ်ချင်း ကောင်လေး လေးယောက်နှင့် ကောင်မလေး လေးယောက်တို့ ရောက်လာကြ၏။ သူတို့ကလည်း အုတ်ဂူဖြူဖြူလေးကို နှမြောတသဖြစ်စွာနှင့် ဝမ်းနည်းကြေကွဲစွာကြည့်၍ . . .

"ငါတို့ နင့်ကို တစ်သက်လုံး သတိရနေမှာပါ သူငယ်ချင်းရယ်"

ဟု ပြိုင်တူ ရေရွတ်လိုက်ပါတော့သည်။

ထို့နောက် သူငယ်ချင်းတွေက ထိုကောင်မလေးကို တွဲ၍ အုတ်ဂူလေးရှိရာမှ ထွက်ခွာသွားကြပါတော့သည်။

သူတို့တွေ အားလုံး အုတ်ဂူလေးဆီမှ တဖြည်းဖြည်း ဝေး၍



www.burmeseclassic.com

www.burmeseclassic.com



ဝေး၍ ပျောက်ကွယ်သွားကြပါတော့၏။

ညနေချိုရီသည် ရှိသမျှ အလင်းရောင်လေးနှင့် တောက်ပကာ အုတ်ဂူဖြူဖြူလေးပေါ်သို့ ဖြန်းပက်ကာထား၏။

မကြာမီ နေဝင်တော့မည် ဖြစ်လေသည်။

♥♥♥

ကိုးစားလျက် ...

မိုးဆက်ထင်းထက်

[redacted]

BURMESE CLASSIC .com

www.burmeseclassic.com